**#1 NEW YORK TIMES BEST SELLER**

mgyee.com SAMPLE BOOK



# JOHN GRISHAM

# THE PARTNER

# တင်မောင်မြင့်

## ကြယ်ကြွေရာနောက်သို့


ဒုတိယအကြိမ်

mgyee.com

mgyoe.com SAMPLE BOOK

# JOHN GRISHAM

# THE PARTNER



K0347

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)<br>၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပထမအကြိမ် | - အောက်တိုဘာလ၊ ၂၀၁၀ ခုနှစ်၊ ပုဂံစာပေတိုက်။ |
| ဒုတိယအကြိမ် | - ဒီဇင်ဘာလ၊ ၂၀၁၈ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။ |
| အုပ်ရေ | - ၁၀၀၀ |
| မျက်နှာဖုံးပုံနှိပ်နှင့်<br>အတွင်းပုံနှိပ် | - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)<br>အမှတ်(၁၄၇)၊ (၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - ဘငွေးကြည် |
| တန်ဖိုး | - ၄၂၀၀ ကျပ် |


mgyoe.com

mgyoe.com
SAMPLE BOOK




# JOHN GRISHAM

# THE PARTNER

တင်မောင်မြင့်

ကြယ်ကြွေရာနောက်သို့



.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

သူ့ကို သူတို့ တွေ့သွားကြသည့်နေရာမှာ ပွန်တာပိုရာ ခေါ် ဘရာဇီးနှင့် ပါရာဂွေး နယ်စပ်မြို့ကလေးတွင်ဖြစ်သည်။ ယခုတိုင် နယ်ခြားဒေသဟု သတ်မှတ်ထားသည့်ဒေသ ဖြစ်၏။

တီရာဒင်တီလမ်းပေါ်မှ အရိပ်အာဝါသ ကောင်းကောင်းနှင့် အုတ်တိုက်ကလေးတစ်လုံးတွင် သူ့ကို သူတို့ တွေ့သွားခြင်းဖြစ်သည်။ တီရာဒင်တီလမ်းမှာ လမ်းဘေးဝဲယာတွင် သစ်ပင်တွေ အုပ်အုပ်ဆိုင်းဆိုင်းနှင့် လမ်းကျယ်ကြီးတစ်လမ်း ဖြစ်သည်။ ပလက်ဖောင်းပေါ်တွင် ကလေးတွေ ချွေးတလုံးလုံးနှင့် ဘောလုံးကန်နေကြသည်။

သူ့ကို သူတို့ စောင့်ကြည့်နေသည်မှာ ရှစ်ရက်ရှိခဲ့ပြီ။ တစ်ယောက်တည်း နေခြင်း ဖြစ်ကြောင်း တွေ့ရ၏။ အိမ်ဖော်အမျိုးသမီးက ညမအိပ်။ မနက် လာပြီး ညနေ ပြန်သည်။

သူ့အိမ်မှာ အလွန်အမင်း အဆင့်မြင့်မြင့်အိမ်မျိုး မဟုတ်။ အေးအေးလူလူနှင့် စိတ်ချလက်ချရှိနေပုံရ၏။ အိမ်ကလေးကို ကုန်သည်တစ်ယောက်ထံမှ ဝယ်လိုက်ခြင်း ဖြစ်သည်။ ဈေးသက်သာပုံရ၏။ ကားမှာ ဆော်ပေါ်လိုမှ ထုတ်သည့် ၁၉၈၃ ခု မော်ဒယ် ဗောက်စ်ဝက်ဂွန် ဖြစ်သည်။ ဆေးနီရောင်ကို ပြောင်လက်နေအောင် တိုက်ထား၏။

mgyoe.com

mgyoe.com SAMPLE BOOK

ပထမရလိုက်သည့် ဓာတ်ပုံမှာ ဂိတ်ဝမှ အိမ်ဆီသို့ အဝင်လမ်းကလေးအတိုင်း မောင်းသွားပုံ ဖြစ်သည်။ သူ တော်တော်ပိန်သွားပါကလား။ သူ့ကို နောက်ဆုံးတွေ့စဉ်က ကိုယ်အလေးချိန် ပေါင် ၂၀၀ လောက် ရှိမည်။ သူ့ဆံပင်ရောင်နှင့် အသားအရေမှာ ပို၍ ညိုမောင်းလာသည်။ မေးစေ့က လေးထောင့်ကျကျ ဖြစ်နေ၏။ နှာခေါင်းက ပိုချွန်နေသည်။ မျက်နှာ အသွင်အပြင် မဆိုစလောက် ပြောင်းနေ၏။ လွန်ခဲ့သည့် နှစ်နှစ်က သူ့ကိုခွဲစိတ်ပြုပြင်ပေးလိုက်သည့် ရီယို ဆရာဝန်ကို မြက်မြက်ကလေး လာဘ်ထိုးလိုက်တော့မှ အဖြစ်မှန်ကို သူတို့ သိရခြင်း ဖြစ်သည်။

သူ့ကို သူတို့ ရှာနေသည်မှာ လေးနှစ်ကျော်ခဲ့ပြီ။ ဖွဲ့နပဲနှင့် အသားကုန်အပင်ပန်းခံပြီး လိုက်ခဲ့ကြခြင်းဖြစ်သည်။ ဘယ်မှာမှ ခြေရာကောက်လို့မရ။ အနံ့ခံလို့မရ။ ယုန်တောင်ပြေး ခွေးမြောက်လိုက် အဖြစ်မျိုးနှင့် အလွဲလွဲအချော်ချော်တွေချည်း။ ကုန်လိုက်သည့်ငွေတွေမှာ သောက်သောက်လဲ။ သို့သော် သဲထဲရေသွန်၊ အဟောသိကံ ဖြစ်ရသည်ချည်း။

ခုတော့ သူ့ကို သူတို့တွေ့ပြီ။ သို့သော် အခြေအနေကို အသာစောင့်ကြည့်နေကြ၏။ ပထမတော့ ချက်ချင်းကုပ်ပြီး ဆေးထိုး၍ ပါရာဂွေးရှိ လုံခြုံရေး စခန်းအိမ်ကြီးသို့ ပို့မည် စိတ်ကူးကြသေးသည်။ သူ မရိပ်မိခင်၊ သို့မဟုတ် အိမ်နီးနားချင်းတွေ သင်္ကာမကင်းမဖြစ်ခင် လက်မြန်ဖို့ အရေးကြီးသည် မဟုတ်လား။ တွေ့တွေ့ချင်း စိတ်တွေလှုပ်ရှားပြီး သူတို့ လက်တယားယား ဖြစ်နေကြ၏။ သို့သော် တွေ့ပြီး နှစ်ရက်ကြာတော့ အချိန်ယူဖို့၊ စောင့်ကြည့်ဖို့ သူတို့ ဆုံးဖြတ်ခဲ့ကြသည်။

သူတို့အားလုံး မြို့ခံတွေလို ဝတ်စားပြီး လူစုခွဲကာ သစ်ပင်ရိပ်ကောင်းကောင်းတွင် လက်ဖက်ရည်သောက်ရင်း သူ့အိမ်ကို စောင့်ကြည့်နေခဲ့ကြသည်။ သစ်သီးဈေးတွင် သူ့ကို နောက်ယောင်ခံလိုက်ကြသည်။ သူ့အနားသို့ အနီးဆုံးကပ်ပြီး သူ့အသံကို နားထောင်သည်။ သူ တော်တော် ကြိုးစားထားပါကလား။ ပေါ်တူဂီစကား ရေရေလည်လည် ပြောနိုင်နေပြီ။ သို့သော် အမေရိကန်သံတော့ ဝဲနေသေးသည်။ သူ ဈေးဝယ်လျှင် ခပ်သွက်သွက် ဝယ်သည်။ ပြီးတော့ အိမ်ကို ခပ်သုတ်သုတ်ပြန်သည်။ သည်လိုဖြင့် သူ့ဓာတ်ပုံ တော်တော်များများ သူတို့ ရလိုက်ခြင်း ဖြစ်၏။

mgyoe.com

mgyee.com SAMPLE BOOK


သူသည် ဟိုးယခင်ကတည်းက အနေးပြေးလေ့ကျင့်ခန်း အမြဲယူခဲ့သူ ဖြစ်သည်။ သို့သော် သူ့ကိုယ်အလေးချိန်ကြောင့် ဝေးဝေးမပြေးနိုင်။ ခုတော့ ပိန်ပိန်ပါးပါးကလေး ဖြစ်နေပြီ။ သည်တော့ သူ အမြန်ပြေးနေသည်ကို သူတို့ မအံ့သြကြတော့။

အိမ်သော့၊ ခြံသော့ ခတ်ပြီး စထွက်သည်။ တီရာဒင်တီလမ်း ပလက်ဖောင်းတစ်လျှောက် ခပ်မှန်မှန်ပြေးသည်။ ပထမတစ်မိုင်ကို ကိုးမိနစ်နှုန်းဖြင့် ပြေးသည်။ မြို့ပြင် ရောက်သည်နှင့် သူ့ခြေလှမ်းတွေ ပိုသွက်လာသည်။ ရှစ်မိနစ် တစ်မိုင်နှုန်း။ ဤတွင် ဒန်နီလို ကောင်းကောင်းချွေးထွက်လာပြီ။

ထိုနေ့မှာ အောက်တိုဘာ နေ့လယ်ခင်း ဖြစ်သည်။ အပူချိန်က ၈၀ ဒီဂရီ။ မြို့နှင့် ဝေးလာလေ သူ့အရှိန် မြန်လာလေလေ။ တစ်မိုင် ခုနစ်မိနစ်။ တဖြည်းဖြည်း လမ်းကဖုန်ထူလာသည်။

သူ အပြေးကျင့်နေခြင်းအတွက် သူတို့ အကျေနပ်ကြီး ကျေနပ်နေကြသည်။ ဒန်နီလိုဆီလ်ဗာတစ်ယောက် သည်အတိုင်းပြေးနေရင် သူတို့ ရှိရာသို့ ပန်းဝင်လာရမည် မဟုတ်လား။

◆

သူတို့ငှားနေသည့် အိမ်ကလေးမှာ ဘရာဇီးလူမျိုး အိုစမာ ပိုင်သည့် ပွန်တာပိုရာမြို့စွန်မှ အိမ်ကလေးဖြစ်သည်။ အိမ်ထဲတွင် ရှုပ်ပွနေသည့် အိမ်မျိုး၊ သူ့ကို စတွေ့သည့်နေ့က သူတို့တစ်တွေ အိမ်ထဲသို့ စုပြုံ ပြေးဝင်လာကြသည်။ သူတို့အဖွဲ့တွင် အမေရိကန်တစ်ဝက်၊ ဘရာဇီးတစ်ဝက် ပါသည်။ အိုစမာက ပေါ်တူဂီဘာသာဖြင့် စက်သေနတ်ပစ်သလို အမိန့်တွေ တရစပ် ပေးနေသည်။ ရိုင်းက အင်္ဂလိပ်ဘာသာဖြင့်။

ရိုင်းက ဝါရှင်တန်မှ ဖြစ်သည်။ အစိုးရအမှုထမ်းဟောင်း တစ်ယောက်၏ ပုံစံမျိုး။ ဒန်နီဘွိုင်ကို ရှာဖို့ ငှားထားခြင်း ဖြစ်၏။ သူ့ကို ဒန်နီဘွိုင်ဟု သူတို့က နာမည်ပေးထားသည်။ ရိုင်းသည် သူ့အလုပ်ကို သူ အဟုတ် ကျွမ်းကျင်သူ ဖြစ်သည်။ သူတို့လို လူမျိုးများ၏ ထုံးစံအတိုင်း သူ့အတိတ်မှာ ကြောက်စရာတွင်းနက်ကြီးပမာ ရှိခဲ့သည်။ သူနှင့် စာချုပ် ချုပ်ထားသည့် ဒန်နီဘွိုင်ရှာပုံတော် စစ်ဆင်ရေးကာလမှာ တစ်နှစ် ဖြစ်သည်။ ယခု ငါးနှစ်ထဲ ဝင်လာနေပြီ။ မည်သို့ ဖြစ်စေ စာချုပ်ပါ ငွေပမာဏအပြင် အပိုဆုကြေးလည်း

mgyee.com

mgyoe.com

SAMPLE BOOK


မြိုးမြိုးမြက်မြက်ကလေး ရပေဦးတော့မည်။ သည်ကိစ္စကို ရိုင်းက ဘယ်သူ့မျှ မပြော။ ရိုင်းသည် ဒန်နီဘွိုင်ကို မမိသေးသဖြင့် အတော်ကလေး အထု အထောင်းခံခဲ့ရသူ ဖြစ်သည်။

ခုတော့ သူ့ကို သူတို့ မိတော့မည်။

အိုစမာက ဒန်နီဘွိုင် ဘာပြစ်မှု ကျူးလွန်ထားသည်ကို စိုးစဉ်းမျှ မသိ။ သို့သော် သည်သူကောင်းသား ငွေတွေ ရထားတစ်စီးစာလောက် ဖုန်းသွားပြီး ကိုယ်ယောင်ဖျောက်ထားသည်ကို ခပ်ညံ့ညံ့လူများပင် အကဲခတ်နိုင် လိမ့်မည်။ သူတို့နှင့် ပေါင်းမိကတည်းက ဘာမေးခွန်းမှ မမေးမိဖို့ အိုစမာ အလိုလိုသိနေသည်။ ရိုင်းနှင့် အပေါင်းပါ အမေရိကန်တွေက သည်အကြောင်း တစ်ခွန်းမျှ မဟ။

ဒန်နီဘွိုင်၏ ဓာတ်ပုံတွေကို ရှစ်လက်မ၊ ဆယ်လက်မ ချဲ့ထားပြီး အခန်းနံရံတစ်နေရာတွင် ကပ်ထားသည်။ ဓာတ်ပုံတွေကို သူတို့အားလုံး ဆေးလိပ် တဖွာဖွာဖြင့် လေ့လာကြသည်။ တစ်ယောက်နှင့်တစ်ယောက် တီးတိုး တီးတိုးလုပ်ရင်း ဓာတ်ပုံအဟောင်းတွေနှင့် သူတို့ ရိုက်ယူထားသည့် ဓာတ်ပုံတွေ ကို ယှဉ်ပြီး လေ့လာကြသည်။ ခန္ဓာကိုယ်က သေးသွားသည်။ မေးစေ့က တစ်မျိုးကြီး။ နှာခေါင်းလည်း မတူတော့။ ဆံပင်လည်း တိုသွားသည်။ အသား လည်း ညိုနေသည်။ ဟုတ်ကော ဟုတ်နိုင်ပါ့မလား။ သံသယ တီးတိုးသံများ။

အိုစမာက ဆွဲချင်လှပြီ။ ရိုင်းက အသာနေဖို့ ပြောထားရ၏။ သူတို့ တွေ့ပြီး စတုတ္ထနေ့တွင် ဒန်နီဘွိုင် ပျောက်သွားသည်။ ညစ်တီးညစ်ပတ် အိမ် ကလေးထဲတွင် ၃၆ နာရီလုံးလုံး သူတို့ ဆောက်တည်ရာမရ ဖြစ်နေကြ၏။

ကားနီကလေးနှင့် အိမ်က ထွက်သွားသည်ကို သူတို့ မြင်လိုက်ကြ သည်။ မြို့ထဲ ဖြတ်မောင်းပြီး လေယာဉ်ကွင်းသို့ တန်းသွားခြင်း ဖြစ်၏။ လေယာဉ်ကွင်း ပြင်ဘက်တွင် ကားရပ်ထားခဲ့၏။ သူတို့လေယာဉ်ကွင်းရောက် တော့ သူက လေယာဉ်ပေါ် ပို့ပေးမည့် ဘတ်စ်ကားပေါ် တက်သွားပြီ။ သူ့ ကားကို သူတို့ စက္ကန့်မလပ်၊ နာရီမလပ် စောင့်ကြည့်နေကြသည်။ ဆော်ပေါ်လို သွားမည့်လေယာဉ်နှင့် ပါသွားခြင်း ဖြစ်သည်။ လမ်းတွင် လေးနေရာ ဆိုက်မည်။

တစ်ယောက်ကိုတစ်ယောက် အပြစ်ပုံချကြ၊ ငြင်းကြခုံကြနှင့်။ သူတို့ ဆက်စောင့်သည်။ အထက်ကလည်း ကြိမ်းလှပြီ။ ရိုင်းက ဝါရှင်တန်နှင့် နေ့တိုင်း စကားပြောရသည်။ အလကား အလုပ်ပိုတွေ။

mgyoe.com

ဗောက်စ်ဝက်ဂွန်းကားနီကလေးကို သူတို့ စိတ်ရှည်လက်ရှည် ဆက်မောင်းကြသည်။ လေယာဉ်တစ်စင်းဆိုက်တိုင်း မှန်ပြောင်းတွေ၊ လက်ကိုင်ဖုန်းတွေနှင့် သူတို့ အလုပ်ရှုပ်ကြရသည်။

ညစ်တီးညစ်ပတ်အိမ်ကလေးက ကြာလေပူလေ။ သူတို့တစ်တွေ အိမ်ထဲတွင် မနေနိုင်ကြတော့။ အိမ်နောက်ဖေးက အရွက်ကျိုးတိုးကျဲတဲနှင့် သစ်ပင်အောက်တွင် ထွက်နေကြရသည်။

ငါးရက်ကြာမှ သူ ပြန်ရောက်လာသည်။

တီရာဒင်တီလမ်းအိမ်အထိ သူတို့ နောက်ယောင်ခံလိုက်ကြသည်။ ခုမှ သူတို့ သက်ပြင်းချနိုင်ကြသည်။

ရှစ်ရက်မြောက်နေ့တွင် အိမ်ကလေး တိတ်ဆိတ်ကျန်ရစ်သည်။ ဘရာဇီးတွေ၊ အမေရိကန်တွေ အားလုံးနေရာယူလိုက်ကြပြီ။

သူတို့အားလုံး ခြောက်မိုင်ခရီးကို နောက်ယောင်ခံကြလိမ့်မည်။ သူ ပြေးနေကျ 'တာ' ဖြစ်၏။ ခါတိုင်းအချိန်တွင် ခါတိုင်းဝတ်သည့် အပြာနှင့် အဝါကျား အပြေးသမား ဘောင်းဘီကို ဝတ်လာသည်။ နာမည်ကျော် နိုက်ကီ တံဆိပ်။ အပေါ်ပိုင်း စပို့ရှပ် မပါ။ အကောင်းဆုံးနေရာကို သူတို့ ရွေးထားပြီးပြီ။ သူ့အိမ်မှ နှစ်မိုင်ခွဲအကွာ၊ ကျောက်လမ်းကလေး ဖြတ်ဖောက်ထားသည့် တောင်ကုန်းတစ်ခု။ သူ ပြန်လှည့်မည့်နေရာသို့ မရောက်တရောက်။ တောင်ထိပ်ရောက်အောင် သူ မိနစ်နှစ်ဆယ် ပြေးရဦးမည်။

ကားကလေးတစ်စီး လမ်းပိတ်ရပ်ထားသည်။ ဘီးပေါက်နေပုံ။ နောက်ဘီးကို ဂျိုက်ထောက်ထားသည်။ နောက်ဖုံး ဖွင့်လျက်သား။ အတက်လမ်းဖြစ်၍ ဒန်နီလို မောနေသည်။ ကားနံဘေးရောက်တော့ သူက အရှိန်လျှော့၍ ငဲ့ကြည့်လိုက်သည်။ ကားဆရာက သူ့ဆီ လျှောက်လာပြီး နှုတ်ဆက်သည်။

"မင်္ဂလာပါ"

"မင်္ဂလာပါ"

ဒန်နီလို ပြန်နှုတ်ဆက်သည်။ ကားဆရာက ပြောင်လက်နေသည့် ဧရာမ ပစ္စတိုကြီးကို ကားနောက်ဖုံးထဲမှ ဆတ်ခနဲ ဆွဲယူပြီး ဒန်နီလို မျက်နှာတည့်တည့်ကို ထိုးချိန်ထားလိုက်သည်။ အပြေးသမား တောင့်ခနဲ ဖြစ်သွားသည်။ အမောတကောနှင့် ပါးစပ်အဟောင်းသားဖြစ်ကာ သေနတ်

mgyoe.com

ပြောင်းဝကို စိုက်ကြည့်နေ၏။ ကားသမားက သူ့ကို ကုပ်ဆွဲပြီး ကားဆီ ခေါ်သွားသည်။ ဒန်နီလိုက အတင်းရုန်းပြီး ကန်ရင်း ကျောက်ရင်း ပါသွားသည်။ အားချင်းက မမျှ။ ဇွေ့ခနဲ လေထဲမြောက်ပါသွားပြီး ဖွင့်ထားသည့် ကားနောက်ဖုံးအောက် ချက်ချင်း ရောက်သွားတော့သည်။

ကားသမားက ဝုန်းခနဲတံခါးပိတ်ပြီး ဂီယာကို ချကာ မောင်းထွက်သွားတော့၏။ တစ်မိုင်ခန့်အရောက်တွင် လမ်းကျဉ်းကလေးတစ်ခုထဲ ချိုးကွေ့လိုက်သည်။ သူ့အပေါင်းအသင်းများက ရင်တထိတ်ထိတ်နှင့် သူ့ကို စောင့်နေကြသည်။

သူတို့က သူ့လက်ကောက်ဝတ်ကို နိုင်လွန်ကြိုးဖြင့် ချည်လိုက်ကြသည်။ မျက်စိကို အဝတ်နက်နှင့် စည်းလိုက်ကြသည်။ ပြီးမှ ဗင်ကားတစ်စီး၏ နောက်ခန်းထဲသို့ ပစ်တင်လိုက်ကြသည်။ အိုစမာက သူ့ညာဘက်မှ ထိုင်သည်။ နောက်ဘရာဇီး တစ်ယောက်က ဘယ်ဘက်မှ။ တစ်ယောက်ယောက်က သူ့ခါးမှ ဆာလာအိတ်ကလေးကို ဖြုတ်ယူလိုက်သည်။ ဒန်နီလို ချွေးတွေ ရွှဲလာပြီ။ အသက်ရှူ ပိုမြန်လာ၏။

လယ်တဲတစ်ခုအနီး ဖုန်ထူထူလမ်းပေါ်တွင် ကားထိုးရပ်လိုက်သည်။

"မင်းတို့ ဘာလိုချင်လို့လဲ"

ဒန်နီလိုနှုတ်မှ ပထမဆုံး ထွက်လာသည့်အသံ။

"စကားတစ်ခွန်းမှ မပြောနဲ့"

အိုစမာက ဟန့်လိုက်ခြင်း ဖြစ်၏။ သူ့နံဘေးမှ နောက်တစ်ယောက်က သတ္တုဘူးကလေးထဲမှ ဆေးထိုးအပ်တစ်ချောင်း ထုတ်ယူလိုက်သည်။ ပြီးတော့ ဆေးထိုးအပ်ပြွန်ထဲသို့ ဆေးရည်တွေ ဖြည့်လိုက်သည်။ အိုစမာက သူ့လက်ကို ဆွဲပြီး တစ်ဖက်သို့ ဆန့်ပေးလိုက်သည်။ ဟိုတစ်ယောက်က လက်မောင်းထဲသို့ ဆေးရည်တွေ ထိုးသွင်းလိုက်သည်။ သူ တစ်ချက်တောင့်သွားသည်။ ပြီးတော့ ငြိမ်ကျသွား၏။ သွားပြီ။ ဘာမျှမတတ်နိုင်တော့ကြောင်း သူ သဘောပေါက်လိုက်ပြီ။ အသက်ရှူနှုန်း တဖြည်းဖြည်း နှေးလာသည်။ တဖြည်းဖြည်း ဇက်ကျိုးကျတော့မည့်ပုံ။ မကြာခင် ရင်ဘတ်ပေါ် သူ့မေးစေ့ ရောက်လာတော့၏။ သူ့ကို ဖရဲသီးတွေ၊ ဘယ်ရီသီးတွေထည့်သည့် ကတ်ပုံးတွေအောက်တွင် သူတို့က နေရာချပေးကြသည်။ နယ်စပ်ဖြတ်တော့ အစောင့်တွေက ကုလားထိုင်မှ မထဘဲ ခေါင်းညိတ်ပြကြသည်။

ဤသို့ဖြင့် ပါရာဂွေးနိုင်ငံထဲသို့ ဒန်နီလို ရောက်လာခဲ့၏။ ထို

mgyoe.com

mgyoe.com  SAMPLE BOOK 

တဒင်္ဂတွင်တော့ သူ့အတွက် ဘာမျှ အကြောင်းထူးမည်မဟုတ်။ တောင်ပေါ် လမ်းက ကြမ်းသထက် ကြမ်းလာသည်။ သူက ကားဆောင့်သည်ဒဏ်ကို အလိုက်သင့်ခံရင်း ငြိမ်လိုက်လာခဲ့သည်။ လမ်းက မတ်သည်ထက် မတ်လာသည်။ အိုစမာက စီးကရက်မပြတ် ဖွာရင်း ဟိုချိုး၊ သည်ကွေ့နှင့် လက်ညှိုးထိုး အမိန့်ပေးလိုက်လာသည်။ နောက်တစ်နာရီခန့်ကြာတော့ သူတို့နှစ်ယောက်က သူ့ကို ထုတ်ယူလိုက်ကြသည်။ နောက်ဆုံးအကွေ့ကို ရောက်ပြီ။

အိမ်ကလေးမှာ တောင်နှစ်လုံးကြားတွင် ပျောက်နေသည်။ မြေနီလမ်းကလေးမှ လှမ်းမမြင်နိုင်။ သူ့ကို ဖွဲ့အိတ်တစ်လုံးကို မသလို သယ်သွားပြီး အခန်းတစ်ခန်းထဲမှ စားပွဲတစ်လုံးပေါ်သို့ ပစ်တင်လိုက်ကြသည်။ ရိုင်းနှင့် လက်ဗွေပုံစံ ကျွမ်းကျင်သူတစ်ယောက် အသင့်စောင့်နေ၏။ သူတို့ အလုပ်စကြတော့မည်။

ဒန်နီလို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပြီး ဟောက်နေပြီ။ လက်ချောင်းကလေး ရှစ်ချောင်းနှင့် လက်မနှစ်ဖက်ကို လက်ဗွေပုံစံယူသည်။ အမေရိကန်အဖွဲ့နှင့် ဘရာဇီးလ်အဖွဲ့သားတွေအားလုံး မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြသည်။ လက်ဗွေသမားက နောက်တစ်ခန်းထဲ ဝင်သွား၏။ တံခါးပိတ်လိုက်ပြီး လက်ဗွေတွေကို ရှေ့တွင် ဖြန့်ချထားလိုက်သည်။ ပြီးတော့ မီးအလင်းအမှောင်ချိန်သည်။ ဒန်နီလို၏ လက်ဗွေဟောင်းတွေနှင့် တိုက်ကြည့်သည်။ ပက်ထရစ်ဘဝက လက်ဗွေများ။ လူဝီစီးနီးယားပြည်နယ် ဥပဒေရုံးသို့ အလုပ်ဝင်ခါစက ပေးခဲ့ရသည့် လက်ဗွေများ ဖြစ်၏။

အချိန်များများ မကြာလိုက်ပါ။ အားလုံး တစ်ပုံစံတည်းဖြစ်ကြောင်း၊ တစ်ယောက်တည်း၏ လက်ဗွေများဖြစ်ကြောင်း အတည်ပြုလိုက်သည်။ အခန်းထဲမှ ရိုင်း ပြုံးပြီး ထွက်လာသည်။ လူတစ်ဒါဇင်၏ မျက်နှာများကို ဝေ့ကြည့်သည်။ ပြီးတော့မှ အင်္ဂလိပ်ဘာသာစကားဖြင့် ပြောလိုက်သည်။

"သူမှ သူအစစ်ပါ"

သူတို့အားလုံး လက်ခုပ်ဝိုင်းတီးလိုက်ကြသည်။ သို့သော် သူတို့တွင် လုပ်စရာတွေ အပုံအပင် ကျန်သေးသည်။ ဒန်နီလိုသည် မူးရီမူးဝေ ဖြစ်နေသေးသည်။ နောက်ဆေးတစ်လုံး ထပ်ထိုးပြီး အခြားအခန်းတစ်ခန်းထဲသို့ ပြောင်းလိုက်ကြသည်။ သူ့ကို မေးခွန်းတွေ မေးမည့်အခန်း။ လိုအပ်လျှင် ခပ်ပြင်းပြင်းကလေး ပြုစုပေးမည့် အခန်း။

◆

mgyoe.com

mgyoe.com


လမ်းပေါ်တွင် အသေအလဲ ဘောလုံးကန်နေကြသည့် ကလေးတွေက ဘေးဘီကို မကြည့်အား။ ဘာကိုမျှ ဂရုမစိုက်နိုင်။ ဒန်နီလို၏ သော့တွဲတွင် သော့လေးချောင်းပါသည်။ ထို့ကြောင့် ရှေ့ဝင်းတံခါးကို ဖွင့်ထားခဲ့ပြီး လူတစ်ယောက်ဝင်သွားသည်ကို ဘယ်သူမျှ သတိမထားမိကြ။ ကျန်အဖွဲ့သားတွေက အငှားကားနှင့် ရောက်လာပြီး လေးအိမ်ကျော်လောက်တွင် ရပ်လိုက်သည်ကိုလည်း ဘယ်သူမျှ သတိမထားမိကြ။

ဘာ သတိပေးသံ၊ အချက်ပေးသံမျှ မကြားရဘဲ အိမ်တံခါး ပွင့်သွားသည်။ နံရံပေါ်မှ လုံခြုံရေး အချက်ပြကိရိယာကို သူ ဖျက်ဆီးပစ်လိုက်ပြီးပြီ။ အိမ်ထဲရောက်တော့ သူ တစ်မိနစ်ရပ်ပြီး အခြေအနေကို အကဲခတ်လိုက်သည်။ ပြီးမှ စတင် လှုပ်ရှားသည်။ ဒန်နီဘွိုင်၏ ကွန်ပျူတာမှ ဟာဒ်ဒစ်ကို ပထမဖြုတ်သည်။ ပြီးမှ စီဒီပြားအားလုံး သိမ်းသည်။ စားပွဲပေါ်မှ ဖိုင်တွဲတွေကို မွှေနှောက်သည်။ သာမန် ငွေတောင်းခံလွှာတွေမှလွဲ၍ ဘာမျှ မတွေ့။ ဖက်စ်မိတ္တူပို့စက်ကတော့ ပျက်နေသည်။

အိမ်တံခါးဖွင့်ပြီး ငါးမိနစ်ကြာတော့ အထပ်ခိုးပေါ်မှ ဒန်နီလို၏ လျှို့ဝှက်သတင်းပေးကိရိယာက အလုပ်လုပ်နေပြီ။ ပွန်တာပိုရာမြို့လယ်ကောင်မှ အလွတ်လုံခြုံရေးကုမ္ပဏီတစ်ခု၏ တာဝန်မှူးဆီသို့ အိမ်ထဲတွင် တစ်စုံတစ်ယောက်ဝင်နေကြောင်း တယ်လီဖုန်းဖြင့် သတင်းပို့နေပြီ။ သို့သော် ဖုန်းကို ထူးမည့်သူ မရှိ။ တာဝန်ကျ လုံခြုံရေးတာဝန်ခံက ဒန်းပုခက်နှင့် အိပ်ငိုက်နေသောကြောင့်ဖြစ်၏။ သို့သော် တယ်လီဖုန်းက မကြာခဏ ပြန်မြည်နေသဖြင့်အတန်ကြာမှ လုံခြုံရေးတာဝန်ခံ ကောက်ကိုင်ဖြစ်သည်။ ဒန်နီလို အိမ်သို့ သူ အပြေးအလွှား ရောက်သွားချိန်တွင် ဘယ်သူမျှ မရှိတော့ပေ။ မစ္စတာ ဒန်နီလိုဆီလ်ဗာလည်း မရှိတော့ပေ။ အိပ်ခန်းတံခါးက ပိတ်ပြီးသား။ လုံခြုံရေးကုမ္ပဏီ၏တာဝန်က ရှင်းသည်။ သည်လို သတင်းမျိုးရလျှင် မစ္စတာဆီလ်ဗာကို ရှာပြီး သတင်းပို့ရမည်။ မရလျှင် ရီယိုနံပါတ်တစ်ခုကို လှည့်ပြီး အီဗာမရန်ဒါကို ဖုန်းဆက်ရမည်။

◆

ရိုင်းက စိတ်လှုပ်ရှားမှုကို ထိန်းသော်လည်း သိပ်မအောင်မြင်ဘဲ ဖြစ်နေ၏။ ခေါ်နေကျအတိုင်း ဝါရှင်တန်သို့ ဖုန်းဆက်သည်။ သူ့အသံ မဆိုစလောက် မြင့်နေသည်။

mgyoe.com

m-gyoe.com SAMPLE BOOK


"သူပါပဲ၊ သူမှ သူ အစစ်ပါ"

တစ်ဖက်မှ ခဏငြိမ်သွားသည်။ အတန်ကြာမှ-

"မင်း သေချာလား"

"ဟုတ်ကဲ့၊ လက်ဗွေပုံစံတွေ စစ်ပြီးပါပြီ"

ခဏငြိမ်သွားပြန်သည်။ စတက်ဖာနိုက အပြေးအလွှား စဉ်းစားနေသည်။

"ပိုက်ဆံတွေကော"

"ကျွန်တော်တို့ မစစ်ရသေးဘူး၊ သူ့ကို ဆေးထိုးထားတယ်"

"ဘယ်တုန်းကလဲ"

"ဒီနေ့ ညပိုင်းမှာပါ"

"ငါ ဖုန်းနားမှာ ရှိနေမယ်"

စတက်ဖာနိုက ဖုန်းချလိုက်သည်။

◆

ရီယိုမြို့လယ်ကောင်ရှိ မိုးမျှော်တိုက်ကြီး၏ ဆယ်ထပ်တွင် သေသေသပ်သပ် ရုံးခန်းကလေးတစ်ခန်း ရှိသည်။ အီဗာမရန်ဒါက တယ်လီဖုန်းကို ကျစ်ကျစ်ပါ အောင် ဆုပ်ထားပြီး ကြားလိုက်သည့် စကားလုံးများကို ထပ်ကာ ထပ်ကာ ရွတ်နေသည်။ မစ္စတာဆီလ်ဗာ အိမ်မှာ မရှိဘူးတဲ့။ အိမ်ကိုတော့ သော့ခတ် ထားသည်တဲ့။ ကားလည်း ဂိုဒေါင်ထဲမှာ ရှိနေသည်တဲ့။ တစ်ယောက်ယောက် အိမ်ထဲဝင်ပြီး အချက်ပေးကိရိယာကို ဖျက်ဆီးပစ်လိုက်ပြီ။ ပြီးတော့ ဒန်နီလို ဆီလ်ဗာ ပျောက်နေသည်တဲ့။ အချိန်ပြောင်းပြီး အပြေးလေ့ကျင့်နေတာများလား။ လုံခြုံရေးကုမ္ပဏီအဆိုအရ သူတို့ဆီသို့ လျှို့ဝှက်ဖုန်းသတင်း ရောက်လာသည် မှာ တစ်နာရီပင် မပြည့်သေးဘူးတဲ့။ သူ အပြေးထွက်လျှင် တစ်နာရီလောက် ကြာသည်ပဲ။ သူ့လှုပ်ရှားမှုတွေကို အီဗာ အားလုံး အလွတ်ရနေသည်။

တီရာဒင်တီလမ်းအိမ်ကို ဖုန်းဆက်ကြည့်သည်။ ဘယ်သူမျှ မကိုင်။ သူ့အနားတွင် အမြဲထားသည့် လက်ကိုင်ဖုန်းကို ဆက်သည်။ အကြောင်းမထူး။

ဖြစ်နိုင်ခြေတစ်ခုရှိသည်။ ကျူရီတီဘာမြို့ကလေးမှ တိုက်ခန်းကို ဖုန်းဆက်ပြန်သည်။ သူတို့နှစ်ယောက် ချိန်းချိန်းတွေ့သည့်၊ သူတို့နှစ်ယောက် သာ သိသည့် ချစ်ရိပ်မြုံကလေး။ သိပ်တော့ မမျှော်လင့်ရဲ။ သူတစ်ယောက် တည်း ဘယ်တော့မှ မသွားဖူးဘူးလေ။ ထင်သည့်အတိုင်း ချစ်ရိပ်မြုံကလေး မှာ ဘယ်သူမျှမရှိ။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဖုန်းဆက်ခြင်းအလုပ် ပြီးသွားတော့ ရုံးခန်းတံခါး သော့ချပြီး အသာ မှီရပ်နေလိုက်သည်။ အပြင်မှ အခြားအတွင်းရေးမှူးတွေ၊ လုပ်ဖော်ကိုင်ဖက် ရှေ့နေတွေ ဖြတ်သွားဖြတ်လာရင်း ကြားသွားလေမည်လား။ သူတို့ အကျိုး ဆောင်ကုမ္ပဏီတွင် ရှေ့နေ သုံးဆယ့်သုံးယောက် ရှိသည်။ ရီယိုတွင် ဒုတိယ အကြီးဆုံး ရှေ့နေအဖွဲ့အစည်း ဖြစ်၏။ တယ်လီဖုန်းတွေ၊ မိတ္တူပွားစက်တွေမှာ ဘုံသုံးပစ္စည်းများ ဖြစ်သည်။

အီဗာက ၃၁ နှစ်သာ ရှိသေးသည်။ သည်ကုမ္ပဏီတွင် ငါးနှစ် လုပ်သက်ရ ဝါရင့်ရှေ့နေမကလေး ဖြစ်နေပြီ။ အလုပ်ကြိုးစားသည်။ သူများ ပြန်ချိန်တွင် သူက အလုပ်လုပ်နေဆဲ။ စနေနေ့တွင် ရုံးလာထိုင်တတ်သေး သည်။ တက်တက်ကြွကြွ လုပ်နေသည့် ရှေ့နေများထဲတွင် အမျိုးသမီး နှစ်ယောက်ပါသည်။ သည်အချိုးကို ပြောင်းပစ်ဖို့ အီဗာက ကြိုးစားနေဆဲ ဖြစ်သည်။

အီဗာသည် ရီယိုကက်သလစ်တက္ကသိုလ်မှ ဥပဒေဘွဲ့ရခဲ့သည်။ ရီယို တွင် နာမည်ကြီးတက္ကသိုလ်တစ်ခု ဖြစ်၏။ သူ့အဖေက သည်တက္ကသိုလ်မှ ဖီလိုဆော်ဖီပါမောက္ခ။ ယခုတိုင် စာသင်နေဆဲဖြစ်သည်။ အဖေက ဂျော့တောင်း တက္ကသိုလ်တွင် ဘွဲ့လွန်ဆက်တက်စေချင်သည်။ ဂျော့တောင်းက သူ့အကြိုက် ဆုံး တက္ကသိုလ်။ သမီးက အင်္ဂလိပ်စာကျွမ်းသည်။ ရုပ်ဆင်းရူပကာ ချောမော လှပသည်။ သူ့ဩဇာနှင့် ဂျော့တောင်းဘွဲ့ ပေါင်းလိုက်လျှင် သည့်ထက် အဆင့်မြင့်သည့် ကုမ္ပဏီကြီးတွေကို ခေါင်းခေါက်ရွေးနိုင်သည်။

ပြတင်းပေါက်နားတွင် သွားရပ်ပြီး ကိုယ့်ကိုယ်ကိုယ် စိတ်ထိန်းဖို့ သတိပေးလိုက်သည်။ အချိန်က စကားပြောလာပြီ။ နောက် ဆက်လက် လှုပ်ရှားရမည့် အဆင့်တွေမှာ ခေါင်းအေးအေးထားဖို့လိုသည်။ ပြီးမှ သေသေ သပ်သပ် ပိပိရိရိ ကိုယ်ယောင်ဖျောက်လိုက်ရမည်။

ဖိုင်တွဲက မီးခံသေတ္တာအံဆွဲထဲ ထည့်ထားသည်။ ထုတ်ယူပြီး အကြိမ် ကြိမ် ဖတ်ဖူးသည့် ညွှန်ကြားချက်များကို ပြန်ဖတ်သည်။ သူနှင့် ဒန်နီလို အတူတူ ခေါင်းချင်းဆိုင်၍ ဖတ်ခဲ့သည့် လုပ်ငန်းစဉ်များ။

တစ်နေ့တွင် သူတို့ သူ့ကို မိလိမ့်မည်ဟု ဒန်နီလိုက တွက်ပြီးသား။ သည်ဖြစ်နိုင်ခြေကို အလေးမထားသူက အီဗာ။ လောလောဆယ် ငွေတွေကို နှစ်နေရာတွင် ခွဲထားသည်။ ပနားမားဘဏ်တစ်ခုနှင့် ဘာမျူဒါမှ ကမ်းလွန်

mgyoe.com

mgyoe.com  SAMPLE BOOK 

ဘဏ်တစ်ခုတွင် အပ်ထားသည်။

ပထမဦးဆုံး ပနားမားဘဏ်မှ ငွေအားလုံး အင်နီဂွါဘဏ်ကို ပြောင်းဖို့ ဖက်စ်ပို့လိုက်သည်။ ဒုတိယဖက်စ်မှာ ဂရင်းကေမန်ဘဏ်သုံးခုတွင် ခွဲထားရန်ဖြစ်သည်။ တတိယဖက်စ်က ဘာမျူဒါမှထုတ်ပြီး ဘဟားမားတွင် ပြောင်းထားရန်။

အချိန်မှာ ရီယိုတွင် နှစ်နာရီထိုးခါနီး။ ဥရောပဘဏ်တွေ ပိတ်ထားချိန်။ သည်တော့ ကာရေဗီယံတိုင်းပြည်တွေကိုပဲ ပို့ရတော့မည်။ တစ်ကမ္ဘာလုံးက ဘဏ်တွေ မဖွင့်သေးမချင်းပေါ့။

ဒန်နီလို၏ ညွှန်ကြားချက်တွေက ရှင်းသည်။ သို့သော် အသေးစိတ်မပါ။ အသေးစိတ်တွေကို သူက အီဗာအတွက် ချန်ထားသည်။ ဘယ်ဘဏ်က ဘယ်၍ ဘယ်မျှ ငွေကြေးတောင့်တင်းသည်ကို အီဗာက ဆုံးဖြတ်ရသည်။ ငွေတွေဖြန့်တာ၊ ခွဲစိတ်ပို့ဆောင်တာ၊ အသွားအပြန် လမ်းကြောင်းရွေးတာ အားလုံး အီဗာ့တာဝန်။ အီဗာ ဆုံးဖြတ်ရသည်။ ဒါတွေ သူတို့နှစ်ယောက် အကြိမ်ကြိမ် အစမ်းလေ့ကျင့်ပြီးသား။ သို့သော် အသေးစိတ်တော့မဟုတ်။

ငွေတွေ ဘယ်မှာ ဘယ်လောက်ရောက်နေသည်ကို ဒန်နီလို မသိ။ အီဗာသာ သိသည်။ သည်လို ကျဉ်းထဲကျပ်ထဲတွင် ဘယ်လိုနည်းဗျူဟာ သုံးရမည်၊ ဘယ်လမ်းကြောင်းနှင့် ဘယ်ကို ဘယ်လို လွှတ်ရမည်ဆိုသည်တို့ကို အီဗာ အဟုတ်ကျွမ်းပါသည်။

ကျောင်းတွင် သူ့အထူးပြုဘာသာရပ်မှာ ကုန်သွယ်မှုဥပဒေ ဖြစ်သည်။ သူက နိုင်ငံခြားဈေးကွက်အကြောင်း သိသည်။ ကမ္ဘာ့ငွေကြေးစနစ်အကြောင်း နားလည်သည်။ ဘဏ်လုပ်ငန်းကိုတော့ အရည်ကျိုသောက်ထားပြီးသား။ သူ မကျွမ်းကျင်သည်မှာ ငွေကို ဘယ်လို လုံခြုံမှုရှိအောင် ထိန်းထားရမည်ဆိုသည့် ပြဿနာ။ သည်ဘာသာရပ်ကို ဒန်နီလိုက သင်ပေးသည်။

အီဗာက မကြာခဏ နာရီကို ငုံ့ကြည့်နေသည်။ ပွန်တာပိုရာက ဖုန်းလာသည်မှာ တစ်နာရီကျော်သွားပြီ။ မိနစ်တိုင်း၊ မိနစ်တိုင်း ဖိစီးမှုတွေ ပိုပိုလေးလာသည်။ သို့သော် ဒန်နီလိုထံမှ ဘာသတင်းမျှ မရသေး။ သူ့ကို သူတို့ မိသွားလျှင်တော့ သူ့စကားပြောလာအောင် လုပ်ကြမည်မှာ မုချဖြစ်သည်။ သည်ကိစ္စကို သူ အစိုးရိမ်ဆုံး၊ အကြောက်ဆုံး ဖြစ်သည်။ ဒါကြောင့်ပင် အီဗာတစ်ယောက် ထွက်ပြေး ပုန်းရှောင်နေရပေဦးတော့မည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဤသို့ဖြင့် တစ်နာရီခွဲ ကြာသွားခဲ့သည်။ သူတို့အတွက် ရုတ်ခြည်း ဆိုသလို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လောက်သည့် ချောက်ချားစရာအဖြစ် တစ်ခု ဘွားခနဲ ပေါ်လာသလို ဖြစ်နေလိမ့်မည်။

အီဗာက သူ့ရုံးအဆောက်အအုံထဲမှ အများသုံးတယ်လီဖုန်းဖြင့် မစ္စစ္စပိပြည်နယ် ဘီလိုစီ အက်ဖ်ဘီအိုင်ရုံးခွဲသို့ ဖုန်းဆက်သည်။ အသံကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းပြီး အလွန်အရေးကြီးသည်ကိစ္စဖြစ်ကြောင်း ရှင်းပြသည်။ အမေရိကန် အင်္ဂလိပ်လေသံကို အတတ်နိုင်ဆုံးရအောင် ကြိုးစား ပြီး ပြောသည်။ သည်အချိန်မှစ၍ နောက်ပြန်လှည့်၍ မရတော့ပြီဖြစ်ကြောင်း သဘောပေါက်လိုက်၏။ တစ်ယောက်ယောက်က ဒန်နီလိုကို မိသွားပြီ။ သူ့ အတိတ်က သူ့ကို ဖမ်းဆီးသွားခြင်းပင်။

"ဟဲလို"

တယ်လီဖုန်းထဲမှ အသံက တစ်ပြလောက်အဝေးမှ ပြောနေသည့် အသံမျိုး။

"အက်ဖ်ဘီအိုင် ဂျူရှုဝါကာတာလား"

"ဟုတ်ပါတယ်"

အီဗာ ခဏဆိုင်းနေလိုက်သည်။

"ပက်ထရစ်လန်နီဂန်အမှုမှာ ရှင်က တာဝန်ခံ ဟုတ်ပါသလား"

သိသိကြီးနှင့် မေးလိုက်ခြင်း ဖြစ်၏။ တစ်ဖက်မှ ခဏ ငြိမ်သွား သည်။ တစ်အောင့်နေမှ-

"ဟုတ်ပါတယ်၊ ခုပြောတာ ဘယ်သူပါလဲ"

တယ်လီဖုန်း ဘယ်ကလာသည်ကို ရီယိုသို့ သူတို့ လှမ်းမေးလျှင် သုံးမိနစ်လောက်တော့ အချိန်ယူရမည်။ လူဦးရေဆယ်သန်းရှိသည့် မြို့ကြီးမို့ ဖုန်းနံပါတ်ကို ရှာဖို့ မလွယ်မှန်း သိလျက်နှင့် အီဗာ ရင်တွေခုန်နေသည်။ ဘေးဘီကို စိတ်လှုပ်ရှားစွာ ဝေ့ကြည့်မိသေးသည်။

"ကျွန်မ ဘရာဇီးက ခေါ်နေတာပါ၊ သူတို့ ပက်ထရစ်ကို မိသွား ပြီ"

"ဘယ်သူ"

ရုတ်ခြည်း စိုးရိမ်တကြီး ဖြစ်သွားသည့် ကာတာ၏အသံ။

"ဂျက်စတက်ဖာနို၊ သူ့ကို သိတယ် မဟုတ်လား"

mgyoe.com

mgyoe.com SAMPLE BOOK


ခဏတွေသွားပြီး သည်နာမည်ကို ကာတာ စဉ်းစားသည်။

"မသိဘူး၊ ဘယ်သူလဲ"

"သူက ဝါရှင်တန်က အလွတ်စုံထောက်၊ လွန်ခဲ့တဲ့ လေးနှစ်က တည်းက ပက်ထရစ်ကို ရှာနေတာ"

"သူက ပက်ထရစ်ကို မိသွားပြီ ပြောတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ သူ့လူတွေက ဖမ်းသွားတာ"

"ဘယ်မှာလဲ"

"ဒီမှာပဲ၊ ဘရာဇီးမှာပဲ၊ သူတို့ သူ့ကို သတ်ချင်သတ်ကြလိမ့်မယ်"

ကာတာ စဉ်းစားနေသည်။ ပြီးမှ-

"ဒါထက် ပိုပြီး ဘာပြောနိုင်သေးလဲ"

အီဗာက စတက်ဖာနို၏ ဝါရှင်တန်ဖုန်းနံပါတ်ပေးပြီး ဖုန်းချကာ အဆောက်အအုံထဲမှ အပြင်သို့ ထွက်ခဲ့တော့သည်။

◆

ရိုင်းက ဒန်နီဘွိုင်အိမ်မှ သိမ်းလာသည့် စာရွက်စာတမ်းတွေကို မွှေနှောက်နေသည်။ မမြင်နိုင်သည့်လမ်းတွင် စမ်းတဝါးဝါး လျှောက်သွားနေသူလို ဖြစ်နေ၏။ သူ ငွေအပ်ထားသည့်ဘဏ်မှ လစဉ် ဘဏ်စာရင်းရှင်းတမ်း။ လက်ကျန် ဒေါ်လာ သုံးထောင်။ သူတို့လိုချင်သည့် ပမာဏနှင့် တခြားစီ။ သူ နေပုံ ထိုင်ပုံက ခြိုးခြိုးခြံခြံ ချွေချွေတာတာ။ မိတာခနှင့် တယ်လီဖုန်းဘီလ် မဆောင်ရသေး။ သို့သော် နောက်ဆုံးရက် မရောက်သေး။ အခြား ငွေတောင်းခံလွှာ တွေက ပေးပြီးသားတွေ။

ရိုင်း၏ အဖွဲ့သားတစ်ယောက်က သူ ဆက်သည့် တယ်လီဖုန်းနံပါတ် တွေ လိုက်မှတ်ပြီး လေ့လာကြည့်တော့ ဘာမျှ ထူးထူးခြားခြား မတွေ့ရ။ နောက်တစ်ယောက်က သူ့ကွန်ပျူတာကလေးနှင့် ဒန်နီဘွိုင်၏ ဟာဒ်ဒစ်ကို ထည့်ပြီး ဖွင့်ကြည့်သည်။ ဘာသဲလွန်စမျှ မတွေ့။

စာရွက်စာတမ်းကိစ္စမှာ ဘဝင်မကျစရာ၊ သည်လ ဘဏ်လက်ကျန် စာရင်းကတော့ ဟုတ်ပါပြီ။ ရှေ့တစ်လ ဘဏ်ရှင်းတမ်း ဘယ်ရောက်နေလဲ။ သူ့ပစ္စည်းတွေ ထားသည့်နေရာ တစ်နေရာတော့ ရှိလိမ့်ဦးမည်။ ပြေးနေသည့် လူတစ်ယောက်၏ လုပ်နည်းလုပ်ဟန်မျိုးနှင့်တော့ ကိုက်ညီနေသည်။

◆

mgyoe.com

mgyoe.com

ည မှောင်စပျိုးပြီ။ ဒန်နီဘွိုင် သတိမရသေး။ သူ့အတွင်းခံပါ ဆွဲချွတ်ထားပြီ။ အိပ်ရာနံဘေးမှ ငါးထပ်သားပြားပေါ်တွင် သူ့ကို တင်ထားကြသည်။ ငါးထပ်သားပြားကို အပေါက်တွေဖောက်ပြီး လက်ကောက်ဝတ်၊ ခြေချင်းဝတ်၊ ဒူးခေါင်း၊ ရင်ဘတ်တို့တွင် နိုင်လွန်ကြိုးနှင့် ချည်နှောင်ထားသည်။ ဘယ်ဘက်လက်ကောက်ဝတ်တွင် သွင်းဆေး ပိုက်တန်းလန်းဖြင့်။ ညာဘက်လက်မောင်းကို သူတို့က ဆေးတစ်လုံး ထိုးပေးလိုက်ပြန်သည်။ သူ့ကို အိပ်ရာမှ နှိုးမည့် ထိုးဆေး ဖြစ်၏။

အသက်ရှူသံ တဖြည်းဖြည်းမြန်လာသည်။ သူ့မျက်လုံးတွေ ပွင့်လာသည်။ မျက်လုံးနှစ်ဖက်စလုံး နီရဲနေ၏။ ဘရာဇီးဆရာဝန်တစ်ယောက် ဝင်လာသည်။ သူက ဒန်နီဘွိုင်၏ ဘယ်လက်မောင်းကို ဆေးတစ်လုံး ထိုးပေးလိုက်ပြန်သည်။ လူတွေ စကားပြောလာအောင် လုပ်သည့်နေရာတွင် အသုံးပြုသည့်ဆေး။ သစ္စာဆေးရည်ဟု တင်စားခေါ်ဝေါ်ကြ၏။

ဆယ်မိနစ်ကြာသွားသည်။ တံခါးပွင့်သွားသည်။ ပြီးတော့ ပြန်ပိတ်သွားသည်။ ရိုင်း ဝင်လာခြင်း ဖြစ်၏။ ဒန်နီလိုဆီသို့ တန်းလျှောက်သွားသည်။

"ဟဲလို ပက်ထရစ်"

ပက်ထရစ် မျက်စိမှိတ်ထားလိုက်သည်။ ဒန်နီလိုဆီလ်ဗာ၏ကဏ္ဍ ပြီးဆုံးသွားလေပြီ။ အလွန်တန်ဖိုးကြီးလှသည့် သူ၏ ဒုတိယဘဝမျက်နှာဖုံး ကျွတ်ကျသွားလေပြီ။

"မင်း ငါပြောတာ ကြားလား ပက်ထရစ်"

သူ့ကို ငုံ့ကြည့်ပြီး ရိုင်းက မေးလိုက်သည်။ ပက်ထရစ် ပြုံးလိုက်၏။ ပြုံးချင်၍ ပြုံးခြင်း မဟုတ်။ ရယ်စရာတစ်ခုကို သတိရလိုက်သလိုမျိုးဖြစ်လာပြီး ပြုံးချင်စိတ်ကို မထိန်းလိုက်နိုင်ခြင်း ဖြစ်သည်။ ဆေးတန်ခိုးပြလေပြီဟု ရိုင်း နားလည်လိုက်၏။ ချက်ချင်းထိရောက်သည့် အိပ်ဆေး။ အလွန်သတိထားပြီး ပေးရသည်။ သိပ်နည်းလျှင် ဘာမျှမေးမရ။ သိပ်များသွားလျှင် သူ ဘာမျှ သိတော့မည် မဟုတ်။

"မင်း အိပ်ပျော်နေတာ သုံးရက်ရှိပြီ ပက်ထရစ်"

အမှန်က ငါးနာရီနီးပါးရှိပြီ။ ပက်ထရစ်ကတော့ ဘယ်လိုမျှ မသိနိုင်။

"မင်း ဘာလိုချင်တာလဲ"

မေးပြီး ပြုံးနေပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


ရိုင်းက သူနှင့် မျက်နှာချင်း ထိလုမတတ် ငုံ့လိုက်သည်။

"ကဲ… တို့ ရှင်းအောင် ဆွေးနွေးကြရအောင်၊ မင်း လက်ဗွေတွေတို့ စစ်ပြီးပြီ၊ မင်း ဘယ်သူ ဘယ်ဝါဆိုတာ သိပြီးပြီ၊ ဒီတော့ အချိန်မကုန်ရအောင် မင်း ဘာမှ ငြင်းမနေနဲ့ သိလား"

"ငါ ဘယ်သူလဲ"

ပြန်မေးရင်း ပြုံးနေပြန်သည်။

"ပက်ထရစ်လန်နီဂန်"

"ဘယ်ကလဲ"

"မစ္စစ္စပီပြည်နယ် ဘီလိုစီမြို့ နယူးအော်လီယန်းမှာ မွေးတယ်။ တူလိန်းတက္ကသိုလ်က ဥပဒေဘွဲ့ရတယ်၊ မိန်းမရှိတယ်၊ ခြောက်နှစ်သမီး ကလေးတစ်ယောက် ရှိတယ်၊ သူတို့နဲ့ မတွေ့တာ လေးနှစ်ရှိပြီ"

"ငါ့နာမည်က ဘင်ဂို"

"တစ်ခု ပြောပြပါလား ပက်ထရစ်၊ မင်းအသုဘကို မင်းကိုယ်တိုင် စောင့်ကြည့်ခဲ့သလား"

"ဟုတ်တယ်၊ အသုဘက အစည်သား၊ ငါ့မှာ မိတ်ဆွေ ဒါလောက် များတယ် မထင်ခဲ့ဘူး"

"အင်း… ကောင်းတာပေါ့"

ဘယ်ဘက်မှ အရိပ်တစ်ခု ပေါ်လာသည်။ သူ့ဆေးသွင်းပိုက်အောက် ပိုင်းမှ ဘီးကလေးကို ကစားလိုက်သည်။

"အဲဒါ ဘာလဲ"

"ကော့တေးလေ"

ရိုင်းက တစ်ဆက်တည်း မေးလိုက်သည်။

"ပိုက်ဆံတွေ ဘယ်မှာလဲ ပက်ထရစ်"

"ဘယ်က ပိုက်ဆံလဲ"

"မင်းယူသွားတဲ့ ပိုက်ဆံတွေလေ"

"သြော်… အဲဒီ ပိုက်ဆံတွေလား"

သူ့အသက်ရှူသံ ပြင်းလာသည်။ သူ့မျက်ခွံတွေ လေးလာသည်။ သူ့ခန္ဓာကိုယ်မှာ အကြောအခြင်တွေ ပျော့ကျသွားသည်။ စက္ကန့်များစွာ ကြာသွား၏။

mgyoe.com

mgyoe.com SAMPLE BOOK


"ပက်ထရစ်"

သူ့လက်မောင်းကို အသာလှုပ်ပြီး ရိုင်းက ခေါ်ကြည့်သည်။ စကားပြန်မရတော့။ တခေါခေါနှင့် အိပ်ပျော်သွားပြီ။ ဆေးသွင်းနှုန်း ချက်ချင်းလျှော့ချလိုက်သည်။ ပြီးတော့ သူတို့ စိတ်ရှည်လက်ရှည် စောင့်ကြသည်။ အက်ဖ်ဘီအိုင်က ဂျက်စတက်ဖာနို၏ ဖိုင်တွဲကို ချက်ချင်းလှန်သည်။ ချီကာဂိုအလွတ်စုံထောက်။ ရာဇဝတ်မှုဆိုင်ရာ အတွေးအခေါ်ပညာဘွဲ့နှစ်ခု ရထား။ ဈေးအလွန်ကြီးသည့် လူပျောက်ရှာသမား။ သေနတ်ပစ် အလွန်ကျွမ်း။ ဝါသနာအလျောက် သူလျှိုလုပ်ငန်းကို ကိုယ့်ထူးကိုယ်ချွန်လေ့လာ။ ငွေအမြောက်အမြားတောင်းပြီး လူပျောက်ရှာကုမ္ပဏီတစ်ခု ဝါရှင်တန်တွင် တည်ထောင်ထား။ မကောင်းမှုမျိုးစုံလုပ်၊ သည့်မှုသာ။

ပက်ထရစ်လန်နီဂန်၏ ကိုယ်ရေးမှတ်တမ်းကတော့ သေတ္တာရှစ်လုံးအပြည့်၊ စာရွက်တစ်ရွက်ဖတ်ပြီးလျှင် နောက်တစ်ရွက် ဆက်ဖတ်ချင်လာသည့် လျှို့ဝှက်သည်းဖို ဝတ္ထုတစ်ခုအလား။ ပက်ထရစ်ကိုဖမ်းပြီး အမေရိကန်ပြန်ခေါ်လာဖို့ လိုက်နေသည့် လူတွေ အပုံအပင်။ စတက်ဖာနိုမှာ သည်အထဲက တစ်ယောက် ဖြစ်သည်။

စတက်ဖာနို၏ 'အက်ဒမန်နှင့်အဖွဲ့' ကုမ္ပဏီမှာ သာမန် အဆောက်အအုံတစ်ခု၏ ဆယ်ထပ်တွင် ရှိသည်။ ကေလမ်းတွင်ရှိပြီး အိမ်ဖြူတော်နှင့် ခြောက်ပြသာ ဝေးသည်။ အက်ဖ်ဘီအိုင်နှစ်ယောက် ဓာတ်လှေကားတွင် ရပ်စောင့်နေသည်။ နှစ်ယောက်က စတက်ဖာနို၏ ရုံးခန်းထဲသို့ တန်းဝင်သွားသည်။

သူ စားပွဲတွင် တစ်ယောက်တည်း ထိုင်နေသည်။ ရယ်ရယ်မောမော ဖုန်းပြောနေ၏။ လူနှစ်ယောက် ဝုန်းဒိုင်းကြဲဝင်လာတော့ သူ့မျက်နှာမှအပြုံး ရုတ်ခြည်း ပျောက်ကွယ်သွားသည်။ သူတို့နှစ်ယောက်က အက်ဖ်ဘီအိုင်ကတ်ပြားတွေကို သူ့မျက်နှာရှေ့တွင် ဖွေ့ယမ်းပြတော့ သူ ပိုပြီး မျက်နှာပျက်သွားသည်။

"ဘာအခိပ္ပာယ်လဲကွ"

သူက ဒေါသတကြီး မေးလိုက်သည်။

"ပက်ထရစ်လန်နီဂန်ကို ရှာဖို့ ခင်ဗျားကို ဘယ်သူ ငှားတာလဲ"

အက်ဖ်ဘီအိုင် နံပါတ်တစ်က မေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါ လျှို့ဝှက်ကိစ္စပဲ"

သူက ပြန်ပက်သည်။ နံပါတ်နှစ်က ဆက်ပြောသည်။

"ဒီနေ့ ကျုပ်တို့ဆီကို ဘရာဇီးက လှမ်းဖုန်းဆက်တယ်"

'မင်းတို့ဆီတင် မဟုတ်ဘူး၊ ငါ့ဆီလည်း ဆက်တယ်၊ အဲဒါ ဘာဖြစ်လဲ'

စိတ်ထဲက ပြောပြီး ဣန္ဒြေမပျက်အောင် စိတ်ထိန်းထားလိုက်သည်။ အပြေးအလွှား တွက်ကြည့်နေသည်။ သည်သူတောင်းစားနှစ်ကောင် ဘာအတွက် ဒီကို ရောက်လာတာပါလိမ့်။ ရိုင်းက သိပ်စိတ်ချရတဲ့ကောင်ပဲ။ ရိုင်းလိုကောင်က ဘယ်သူ့မှ ပြောမှာ မဟုတ်တာ သိပ်သေချာတယ်။ အက်ဖ်ဘီအိုင်ဆို ပို မပြောသေးတယ်။

"ပက်ထရစ် ဘယ်မှာလဲ"

နံပါတ်တစ်က မေးသည်။

"ဘရာဇီးမှာ ဖြစ်မှာပေါ့"

"ဘရာဇီး ဘယ်အပိုင်းမှာလဲ"

စတက်ဖာနိုက ခပ်တောင့်တောင့်ထိုင်လျက်က ပခုံးတွန့်ပြလိုက် သည်။

"ဒါတော့ မသိဘူး၊ ဘရာဇီးက အကျယ်ကြီးပဲ"

နံပါတ်တစ်က ဆက်ပြောသည်။

"တို့မှာ သူ့ကိုဖမ်းဖို့ ဝရမ်း ရှိပြီးသား"

စတက်ဖာနိုက နောက်ထပ် ပခုံးတွန့်ပြသည်။

နံပါတ်နှစ်က အသံမာမာဖြင့်-

"သူ့ကို ကျုပ်တို့ လိုချင်တယ်၊ ခုချက်ချင်း လိုချင်တယ်"

"အဲဒါ ငါ ဘာမှ မတတ်နိုင်ဘူး"

"ခင်ဗျား ညာပြောနေတာ"

နံပါတ်တစ်က ဟောက်သည်။ နှစ်ယောက်သား ရှေ့တိုးလာပြီး စတက်ဖာနိုကို စိုက်ကြည့်နေပြီး နံပါတ်နှစ်က ဆက်ပြောသည်။

"အောက်ဆုံးထပ်မှာ ကျုပ်တို့လူတွေ ဝိုင်းထားပြီးပြီ၊ ခင်ဗျား အိမ်ကိုလည်း ဝိုင်းထားပြီ၊ လန်နီဂန်ကို မရမချင်း ခင်ဗျားရဲ့ လှုပ်ရှားမှု အားလုံးကို ကျုပ်တို့ စောင့်ကြည့်နေမယ်"

"လုပ်ကြလေ၊ ကဲ… ခု ထွက်သွားကြ။

mgyoe.com

 mgyoe.com SAMPLE BOOK 

ဒီမယ်၊ ခင်ဗျားတို့ သူ့ကို လက်ဖျားနဲ့တောင် မတို့ရဘူး၊ နားလည်လား၊ သူ တစ်ခုခုဖြစ်ရင် ခင်ဗျားကို လက်ဝါးကပ်တိုင်မှာ…”

သူတို့ ထွက်သွားကြသည်။ စတက်ဖာနိုက ထသွားပြီး အတွင်းမှတံခါးပိတ်လိုက်သည်။ ခေါင်းကို ခပ်ဖြည်းဖြည်းယမ်းလိုက်၏။ လုံးဝ နားမလည်နိုင်အောင် ရှုပ်ထွေးသွားသည်။ သူ့နောက်ကို အချိန်တွေ အများကြီး အကုန်ခံပြီး လိုက်ခဲ့ရသည်။ ငွေတွေကို လမ်းခင်းပြီး လိုက်ခဲ့ရသည်။ စတက်ဖာနိုသည် အပွဲပွဲနွှဲလာသူ ဖြစ်သည်။ ဘယ်တုန်းကမျှ အထစ်အငေါ့ မရှိခဲ့။ စတက်ဖာနို ဘယ်သူ့နောက် လိုက်နေသည်ကို ဘယ်သူမျှ မသိခဲ့။

◆

သူ့ကို နှိုးဖို့ နောက်ဆေးတစ်လုံး ထိုးပေးလိုက်သည်။ ပြီးတော့ အာရုံကြောတွေကို နှိုးဖို့ နောက်တစ်လုံး ထပ်ထိုးသည်။

တံခါး ဝုန်းခနဲ ပွင့်လာ၏။ အခန်းထဲတွင် မီးတွေ လင်းသွားသည်။ ဝင်လာသူတွေကို ရိုင်းက အမိန့်တွေ ပေးနေသည်။ တစ်ယောက်က ပေါ်တူဂီစကားဖြင့် ပြန်မေးသံလည်း ကြားလိုက်၏။ ပက်ထရစ် မျက်လုံးဖွင့်ကြည့်သည်။ လုံးဝ ပြန်မမှိတ်တော့။ ဆေးတန်ခိုး ဖြစ်၏။ အတွင်းခံကို သူတို့ ဆွဲချွတ်ထားကြပြီကော။ လုံးဝ မိမွေးတိုင်း ဖမွေးတိုင်းပုံစံဖြင့် အစန့်သားကြီး ဖြစ်နေ၏။ လျှပ်စစ် မုတ်ဆိတ်ရိတ်စားသံ ထွက်လာသည်။ သူ့အရေပြားပေါ်သို့ စူးခနဲ ထိလာသည်။ ရင်ဘတ်၊ ပေါင်ရင်း၊ ပေါင်လယ်နှင့် ခြေချင်းဝတ်တို့ကို ရိတ်သည်။ သူ့မျက်နှာ ရှုံ့လိုက်၏။ သည်နာကျင်မှုက မပြောပလောက်သေး။

ရိုင်းက သူ့ကို ငုံ့ကြည့်နေသည်။ သူက ဘာတစ်ခုမျှ အလစ်မပေးဘဲ စောင့်ကြည့်နေ၏။ သူ့ပါးစပ်ကို ငွေရောင်တိပ်ပြားကြီးနှင့်ပတ်လိုက်ကြသည်။ အေးစက်စက်၊ မီးချောင်းခေါင်းကလစ်များဖြင့် ရိတ်ထားသည့် နေရာများတွင် လိုက်ဖမ်းသည်။ ပြီးတော့ မီးချောင်းခေါင်းနှင့် အသားကိုတိပ်နှင့် ကပ်ကြပြန်သည်။ သူ့အကြောတွေ တဆတ်ဆတ်ခုန်နေပြီ။

◆

mgyoe.com

mgyoe.com


လူနှစ်ယောက် သုံးယောက်က အခန်းထောင့်တွင် စက်တစ်လုံးနှင့် အလုပ်ရှုပ်နေကြ၏။ သူတို့ကို ပက်ထရစ် မမြင်ရ။ ဝါယာကြိုးများက သူ့ကိုယ်ပေါ်တွင် ခရစ္စမတ်သစ်ပင်လို ရှုပ်ထွေးနေပြီ။

သူတို့ ငါ့ကို မသတ်ပါဘူး။ သတ်လို့မဖြစ်ဘူး။ သူ့ကိုယ်သူ စိတ်ထဲက အားပေးနေသည်။ မကြာပါချေ။ သေခြင်းတရားကို သူ ဖိတ်ခေါ်နေမိတော့သည်။ သည်ငရဲခန်းမျိုးကို ဖြတ်သန်းရလိမ့်မည်ဟု လေးနှစ်အတွင်း အကြိမ်ပေါင်းတစ်ထောင်မက သူစဉ်းစားခဲ့ဖူးသည်။

မျက်စိကို မှိတ်ပြီး စိတ်ကို ထိန်းနေသည်။ သူတို့တစ်တွေ သူ့ခန္ဓာကိုယ်နှင့် အလုပ်ရှုပ်နေကြပြီ။ ပိုက်ဆံဘယ်မှာရှိမှန်း ငါမသိဘူး။ ငါမသိဘူး။ နှုတ်က ထွက်သွားလုခမန်း ဖြစ်သွား၏။

သူက အိဗာ့ဆီကို ညနေ လေးနာရီနှင့် ခြောက်နာရီကြား နေ့တိုင်း ဖုန်းဆက်သည်။ ဘယ်အကြောင်းကြောင့်မျှ မပျက်ကွက်။ သူ့နှလုံးတွေ အမြန်နှုန်းဖြင့် ခုန်နေသည့်ကြားမှ သိနေသည်။ ဒါလောက်ဆို ပိုက်ဆံတွေ သူ ရွှေ့ပြီးနေလောက်ပြီ။ ပိုက်ဆံတွေက ကမ္ဘာ့နေရာအနှံ့မှ လုံခြုံစိတ်ချရဆုံး ဘဏ်နှစ်ဒါဇင်တွင် ဖြန့်ထားသည်။ ဘယ်ဘဏ်တွေမှာ ထားသည်ကို သူမသိ။

သို့သော် ဒါကို သူတို့ ယုံကြည်ပါ့မလား။

တံခါးပွင့်သွားသည်။ လူနှစ်ယောက် သုံးယောက် ထွက်သွားသံ ကြားလိုက်ရသည်။ အခန်းထဲတွင် တိတ်ဆိတ်ကျန်ရစ်၏။ သူ မျက်စိဖွင့်ကြည့်သည်။ ရိုင်းက သူ့ကို ငုံ့ကြည့်နေ၏။ ပါးစပ်မှ တိပ်ကို သူက ခွာပေးသည်။

''ပိုက်ဆံ ဘယ်မှာလဲ ပက်ထရစ်''

ရိုင်းက မေးလိုက်သည်။

''ငါ့မှာ ဘာပိုက်ဆံမှ မရှိဘူး''

ပက်ထရစ်က ဖြေသည်။

''မင်း ခုပြောရင်ပြော၊ နောက်ဆယ်နာရီကြာမှ ပြောမယ်ဆို မင်းကိုယ်တစ်ပိုင်း သေနေလောက်ပြီ ပက်ထရစ်''

''ကဲ... ငါ မသေချင်သေးပါဘူးတဲ့ကွာ၊ ဟုတ်ပြီလား''

ရိုင်းက ပစ္စည်းကလေးတစ်ခု ထုတ်ပြသည်။ သူ့မျက်နှာနှင့် ထိလုခမန်းထားပြီး ပြသည်။ သတ္တုမောင်းတံနှင့် သေတ္တာမည်းမည်းကလေး။ ထိပ်မှ ဝါယာနှစ်စတန်းလန်းနှင့်။

mgyoe.com

mgyoe.com SAMPLE BOOK

"တွေ့လား"

ရိုင်းက ပြောပြီး ဆက်ရှင်းပြသည်။

"ဟောဒီ မောင်းတံကလေးအပေါ် တင်လိုက်ရင် လျှပ်စစ်လိုင်း ဖြတ်ပြီးသား ဖြစ်သွားတယ်၊ အောက်ကို ဆွဲချလိုက်ရင် အထဲက ကွန်တက်ပွိုင့် အလုပ်စလုပ်ပြီ၊ လျှပ်စစ်ဓာတ် စီးထွက်သွားပြီ၊ မင်း အရေပြားပေါ်မှာ ဖမ်းထားတဲ့ မီးချောင်းခေါင်းတွေဆီ ရောက်သွားရော"

ပက်ထရစ် အသက်မရှုနိုင်တော့။ တစ်ခန်လုံး အပ်ကျသံကိုမှ ကြားရလောက်အောင် တိတ်ဆိတ်နေသည်။

"ကဲ... ငါ သရုပ်ပြတော့မယ်၊ မင်း ကြည့်ချင်တယ် မဟုတ်လား"

"ဟင့်အင်း၊ မကြည့်ချင်ဘူး"

"ဒါဖြင့် ပိုက်ဆံ ဘယ်မှာလဲ"

"ကျိန်ဆို ကျိန်ပြောမယ်၊ ငါ မသိဘူး"

သေတ္တာကလေးကို ပက်ထရစ်မျက်နှာနှင့် တစ်ပေအကွာမှာထားပြီး ရိုင်းက ခလုတ်ကို အောက်ဆွဲချလိုက်သည်။ ပက်ထရစ်၏ ခန္ဓာကိုယ်တစ်ခု လုံး တောင့်ခနဲ ဖြစ်သွားသည်။ နိုင်လွန်ကြိုးတွေ ဖျစ်ဖျစ်မြည်သွားသည်။ ဘယ်လိုမှ မဖော်ပြနိုင်သည့် ဝေဒနာ။ တစ်ကိုယ်လုံး လောင်ကျွမ်းသွားပြီ ထင်လိုက်၏။ အံကို တင်းတင်းကြိတ်ပြီး မအော်မိအောင် အားတင်းလိုက်သည်။ သို့သော် မအောင်မြင်ပါ။ ပက်ထရစ်၏ အော်သံ တစ်အိမ်လုံး ပွဲတင်သွားသည်။

ရိုင်းက သတ္တုမောင်းတံကလေးကို အလယ်ကောင်တွင် ပြန်ထားပြီး ပက်ထရစ် အသက်ပြန်ရှုနိုင်မှ ဆက်ပြောသည်။

"အဲဒါ အပျော့ဆုံး အဆင့်တစ်ပဲ ရှိသေးတယ် ပက်ထရစ်၊ ဒီဟာ ကလေးထဲမှာ အဆင့်ငါးအထိ ရှိတယ်၊ လိုအပ်ရင် ငါ အဲဒီအထိ သွားရ လိမ့်မယ်၊ အဆင့်ငါးမှာ ရှစ်စက္ကန့်ကြာရင် မင်း ဇီဝိန်ချုပ်သွားပြီ ပက်ထရစ်၊ မင်း ငါ ပြောတာတွေ ကြားပါတယ်နော်"

ကလစ်ညှပ်ထားသည့်နေရာမှ အသားတွေ လောင်ကျွမ်းသွားသည့် ညှော်နံ့က အခန်းထဲတွင် ပျံ့လွင့်နေသည်။

နှလုံးခုန်သံ ပိုမြန်လာပြီး အသက်ကို တအားရှုထုတ်လိုက်၏။

"ကြားတယ်"

mgyoe.com

m gyoe.com  SAMPLE BOOK 

"ရှင်းရှင်းလေးပါကွာ၊ ပိုက်ဆံ ဘယ်မှာလဲ ပြောလိုက်ရုံပါပဲ၊ မင်းကို တို့ချက်ချင်း ပွန်တာပိုရာကို ပြန်ပို့ပေးမယ်၊ အက်ဖ်ဘီအိုင်ကို အကြောင်းကြားဖို့ တို့ အစီအစဉ် မရှိပါဘူး"

သူက လက်ထဲမှ သေတ္တာကလေးကို ကစားရင်း ဆက်ပြောသည်။

"အဲ... ပိုက်ဆံ ဘယ်မှာရှိတယ်ဆိုတာ မင်း မပြောရင်တော့ မင်း ဒီအခန်းထဲမှာပဲ ဇာတ်သိမ်းရလိမ့်မယ်၊ နားလည်လား ပက်ထရစ်"

"နားလည်ပါတယ်"

"ဟုတ်ပြီ၊ ပိုက်ဆံတွေ ဘယ်မှာလဲ"

"ငါ ကျိန်ပြောမယ်၊ ငါ မသိဘူး၊ သိရင် မင်းကိုပြောတာ ကြာပြီ"

ရိုင်းက ဘာမျှ မပြောဘဲ မောင်းတံကလေးကို အောက်ဆွဲချလိုက်ပြန်သည်။

တစ်ကိုယ်လုံးကို ပွက်ပွက်ဆူနေသည့် အက်စစ်နှင့် အလောင်းခံလိုက်ရသလို ပြင်းထန်သည့် ဝေဒနာကို ခံလိုက်ရပြန်သည်။

"မသိဘူး၊ ငါ မသိဘူး"

ပက်ထရစ်က အသံနက်ကြီးဖြင့် အော်ပြောလိုက်သည်။

စက်ကလေးကို မြှောက်ပြီး ရိုင်းက ခဏစောင့်နေလိုက်သည်။ ခဏ အနားပေးထားပြီးမှ တည်ငြိမ်သည့်အသံဖြင့် ခပ်တိုးတိုးမေးပြန်သည်။

"ပိုက်ဆံတွေ ဘယ်မှာလဲ"

"ငါ ကျိန်ရဲတယ်၊ ငါ မသိဘူး"

သည်တစ်ခါ သူ့အော်သံမှာ ပြတင်းပေါက်များကို ဖြတ်ပြီး တောင်ကမ်းပါးယံတွေ၊ သစ်တောတွေဆီအထိ ပဲ့တင်သွားသည်။

◆

ကျူရီတီဘာတိုက်ခန်းမှာ လေယာဉ်ကွင်းနှင့် ကပ်ကပ်ကလေး ဖြစ်သည်။ အီဗာက တက္ကစီသမားကို လမ်းထဲတွင် စောင့်ဖို့ မှာထားခဲ့ပြီး သေတ္တာယော်ကို ကားပေါ်တွင် ထားခဲ့သည်။ သို့သော် ခရီးဆောင်သေတ္တာပြားကလေးကိုတော့ သူနှင့်တစ်ပါတည်း ယူလာခဲ့သည်။ ဓာတ်လှေကားနှင့်တက်ခဲ့ပြီး ကိုးထပ်တွင် ဆင်းလိုက်သည်။ အပြင်တွင် မှောင်နေသည်။ ည ၁၁ နာရီရှိပြီကိုး။ အခန်း

mgyoe.com

mgyoe.com SAMPLE BOOK

တံခါးကိုဖွင့်ပြီး အခြားသော့တစ်ချောင်း ကမန်းကတန်းထုတ်ပြီး လုံခြုံရေး အချက်ပေးခလုတ်ကို ပိတ်လိုက်သည်။

ဒန်နီလို အခန်းထဲတွင် မရှိပါ။ ဖုန်းအသံဖမ်းစက်ထဲတွင်လည်း ဘာမျှ မရှိ။ အီဗာ၏ စိုးရိမ်စိတ်တွေ ထိပ်တက်လာပြီ။

ဒီမှာ ကြာကြာနေလို့ မဖြစ်။ ဒန်နီလိုကို ဖမ်းမိသွားသူတွေ အချိန် မရွေး ရောက်လာနိုင်သည်။ လိုချင်သည့် စာရွက်စာတမ်းတွေက စာကြည့်ခန်း သံဗီရိုထဲမှာ။ အံဆွဲတွေကို ကမန်းကတန်းဖွင့်ပြီး အိတ်ထဲသို့ သေသေသပ်သပ် စီစီညီညီ ထည့်သည်။ ဘဏ္ဍာရေးမှတ်တမ်းများ၊ ဘဏ်စာရင်းများ ဖြစ်၏။ ဒန်နီလိုက တစ်လတစ်ကြိမ် ဒီအခန်းလာပြီး စာရွက်စာတမ်းတွေ ဝှက်သည်။ မှတ်တမ်းဟောင်းတွေကို ဆုတ်ဖြဲပစ်သည်။

လုံခြုံရေးခလုတ်ကို ပြန်ဖွင့်ခဲ့ပြီး တံခါးမကြီးကိုပိတ်ကာ အခန်းထဲမှ ခပ်သုတ်သုတ်ထွက်ခဲ့သည်။ မြို့ထဲမှ ဟိုတယ်ကလေးတစ်ခုတွင် အခန်းယူ လိုက်သည်။ အာရှတိုက်မှ ဘဏ်များ အလုပ်လုပ်နေချိန် ဖြစ်သည်။ ဈေးရစ် စံတော်ချိန်မှာ လေးနာရီနီးပါးရှိပြီ။ ဖက်စ်ပို့စက် သေးသေးကလေးကို ထုတ် ပြီး အခန်းထဲမှ ဖုန်းနှင့် ဆက်သွယ်သည်။ ခဏနေတော့ အိပ်ရာကျဉ်းကျဉ်း ကလေးပေါ်တွင် စာရွက်တွေ ပြန့်ကျဲသွားတော့သည်။ ငွေပြောင်းငွေလွှဲ ညွှန်ကြားချက်များ၊ ဘဏ်များသို့ ပို့နေကျ တရားဝင်ခွင့်ပြုမိန့်များ ဖြစ်သည်။

အလုပ်တွေအားလုံးပြီးတော့ အီဗာ အတော်ပင်ပန်းသွားပြီ။ သို့သော် အိပ်ဖို့ မစဉ်းစားနိုင်ပါ။ သူ့နောက်ကို သူတို့တစ်တွေ မီးခိုးကြွက်လျှောက် လိုက်ကြမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါသည်။ အိမ်ပြန်လို့ ဘယ်နည်း နှင့်မျှ မဖြစ်တော့။ ပိုက်ဆံကိစ္စပြီးသွားတော့ သူ့အကြောင်း ခေါင်းထဲဝင်လာ သည်။ သူ အသက်မှ ရှိသေးရဲ့လား။ မသေသေးလျှင် ဘယ်လောက် ညှဉ်းဆဲ ခံနေရပြီလဲ။ ဘယ်လောက်ထိ သူ ဖွင့်ပြောလိုက်ပြီလဲ။ ဘယ်လောက် ရင်းလိုက်ရပြီလဲ။

မျက်ရည်သုတ်ပြီး စာရွက်စာတမ်းတွေ ပြန်သိမ်းသည်။ ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်သည်။ ဒါ ငိုရမည့်အချိန် မဟုတ်သေးဘူး။

◆

mgyoe.com

mgyoe.com SAMPLE BOOK


နှိပ်စက်ညှဉ်းပန်းကာလ သုံးရက်မြောက်နေ့တွင် ခံပြင်းမာန်တင်းမှုများ တဖြည်းဖြည်း ပြိုကျလာတတ်သည်။ ဝေဒနာက မျှော်လင့်ထားသည်ထက် အဆမတန် ပြင်းထန်လာသည်။ အများအားဖြင့် သည်အဆင့်ရောက်လျှင် တစ်စစီ ဖြစ်သွားတတ်ကြ၏။ သို့သော် ရိုင်းတွင် အချိန်မရှိ။ သုံးရက်အထိ မစောင့်နိုင်။ သူ့သုံ့ပန်းက စစ်မြေပြင်မှ မိလာသူ မဟုတ်။ သူက အမေရိကန်နိုင်ငံသား၊ အက်ဖ်ဘီအိုင်က အလိုရှိနေသူ။

သန်းခေါင်လောက်တွင် ပက်ထရစ်ကို တစ်ယောက်တည်း ထားခဲ့ကြသည်။ ဝေဒနာခံစားရင်း စဉ်းစားချိန် ပေးထားလိုက်ခြင်း ဖြစ်၏။ နောက်တစ်ဆင့်တက်ရမည့် အကြောင်းလည်း သူ့ကို ပြောထားခဲ့၏။ သူ့အသားတွေမှာ တိပ်ကပ်ထားသည့်အောက်တွင် လောင်ကျွမ်းပေါက်ပြဲကာ စုတ်ပြတ်နေပြီ။ သွေးတွေစိမ့်ထွက်ကာ မြင်မကောင်း ရှုမကောင်း ဖြစ်နေပြီ။

အက်ကွဲခြောက်သွေ့နေသည့် နှုတ်ခမ်းတွေကို လျှာဖြင့် လျက်လိုက်သည်။ ကြိုးတုပ်ထားသည့် နေရာများတွင်လည်း အရေပြားတွေ စုတ်ပြတ်နေပြီ။

ရိုင်း တစ်ယောက်တည်း ပြန်ဝင်လာသည်။ ငါးထပ်သားပြား၏ နံဘေးမှ ခွေးခြေပေါ်တွင် ထိုင်လိုက်သည်။ အခန်းထဲတွင် ပက်ထရစ်၏ အသက်ရှူသံမှ တစ်ပါး ဘာသံမျှ မကြားရ။ သူက မျက်စိကို တင်းတင်းမှိတ်ထားသည်။

''အင်း… မောင်ရင်က တော်တော်ခေါင်းမာတာပဲ''

ရိုင်းက မှတ်ချက်ချသည်။ သူ ဘာမျှ မတုံ့ပြန်။

ပထမ နှစ်နာရီအတွင်း ရိုင်း ဘာမျှ မရ။ မေးခွန်းတိုင်းမှာ ပိုက်ဆံအကြောင်းချည်း ဖြစ်၏။ သူက ဘယ်မှာရှိမှန်း မသိကြောင်း ဒိုင်ခံဖြေသည်။ အကြိမ်တစ်ရာမက သည်အတိုင်းဖြေသည်။

စင်စစ် ရိုင်းသည် နှိပ်စက်ညှဉ်းပန်းမှုတွင် အတွေ့အကြုံသိပ်ရှိလှသူ မဟုတ်။ စာတွေ့သာ ရှိသည်။ လက်တွေ့တွင် မလွယ်ကြောင်း ခုမှ သိလာတော့၏။ ပက်ထရစ်အနေဖြင့် မကြုံဖူးသည့်အရသာကို တွေ့သွားပြီ။ သူနှင့် စကားပြောလာအောင် လုပ်ဖို့က အရေးကြီးသည်။

''မင်း အသုဘချတဲ့နေ့တုန်းက မင်း ဘယ်မှာလဲ''

ပက်ထရစ်၏ ကြွက်သားတွေ အတန်လျော့ပြေသွားသည်။ ငွေအကြောင်းမဟုတ်သည့် ပထမဆုံးမေးခွန်း။ ခဏတွေပြီး ပြန်စဉ်းစားသည်။

mgyoe.com

mgyoe.com


သူတို့မေးခွန်းတွေ ကောင်းကောင်းဖြေလျှင် ဓာတ်အားကို လျှော့ချကောင်းပါရဲ့။

“ဘီလိုစီမှာ”

“ပုန်းနေတာလား”

“ဒါပေါ့၊ ပုန်းနေရတာပေါ့”

“ဘယ်မှာ ပုန်းနေတာလဲ”

“သစ်ပင်ပေါ်မှာ၊ မုန်ပြောင်းတစ်လက်နဲ့”

သူက မျက်စိမှိတ်ထားဆဲ။ လက်သီးတွေ ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

“အဲဒီနောက်ပိုင်း ဘယ်သွားလဲ”

“မိုဘိုင်းလ်”

“အဲဒီမှာ ဘယ်လောက်ကြာလဲ”

“နှစ်လလောက်၊ ဝင်ချည် ထွက်ချည်ပဲ”

“အဲဒီမှာ ရုပ်ပြောင်းလိုက်တာလား”

“ဟုတ်တယ်၊ မုတ်ဆိတ် ရိတ်ပစ်လိုက်တယ်၊ ဆံပင်ဆိုးလိုက်တယ်၊ ပေါင် ငါးဆယ်ချပစ်လိုက်တယ်”

“မိုဘိုင်းလ်ကနေ ဘယ်ကို ရောက်သွားလဲ”

“တိုရွန်တို”

“အဲဒီမှာ ဒန်နီလိုဆီလ်ဗာ ဖြစ်သွားတယ်ပေါ့၊ ဟုတ်လား”

“ဟုတ်တယ်”

“အဲဒီမှာ ဘာသာစကားသင်တန်းတက်သေးလား”

“တက်တယ်၊ ပေါ်တူဂီဘာသာ”

မျက်စိကို ဆက်ပိတ်ထားပြီး ဒဏ်ရာဒဏ်ချက်တွေကို မေ့ဖို့ ကြိုးစားနေသည်။ ရင်ဘတ်မှ မီးချောင်းခေါင်းက မီးကျိုးခဲ တင်ထားသလို ပူလောင်လှပြီ။

“အဲဒီမှာ ဘယ်လောက် ကြာကြာ နေသေးလဲ”

“သုံးလ”

“နောက် ဘယ်ဆက်သွားလဲ”

“ဆော်ပေါလို”

“အဲဒီမှာ ဘယ်လောက် ကြာသလဲ”

mgyoe.com

mgyoe.com
SAMPLE BOOK


"တစ်နှစ်"

"အဲဒီမှာ ဘာလုပ်သလဲ"

ခြေချင်းဝတ်ကို လှုပ်မိလိုက်တော့ သူ့မျက်နှာ ရှုံ့မဲ့သွားသည်။ သက်ပြင်းတစ်ချက် ချလိုက်ပြီး-

"ဆရာတစ်ယောက်ငှားပြီး စကားပြော ဆက်သင်တယ်၊ ကောင်းကောင်းပြောနိုင်တဲ့အထိ ကြိုးစားပြီးသင်တယ်၊ ကိုယ်အလေးချိန် ထပ်ချတယ်၊ တိုက်ခန်းငယ်ကလေးတွေမှာ တစ်ခန်းပြီး တစ်ခန်း ပြောင်းနေတယ်"

"ငွေတွေ ဘာလုပ်ထားသလဲ"

တစ်ချက်တွေသွားပြီး သူ့ကြွက်သားတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူတို့အလုပ် သူတို့ဘာလို့ ဆက်မလုပ်ကြတာလဲ။ ဘာကြောင့် ပိုက်ဆံအကြောင်း သူတို့ ခေါက်မထားကြတာလဲ။

"ဘယ်က ပိုက်ဆံတွေလဲ"

"ကဲ... ပြောရတာပေါ့ကွာ၊ မင်းရဲ့ ဥပဒေအဖွဲ့နဲ့ အမှုသည်တွေဆီက ခိုးသွားတဲ့ ဒေါ်လာသန်းကိုးဆယ်လေ"

"ငါ ပြောပြီးပြီလေ၊ မင်းတို့ လူမှားနေတာ ဖြစ်မှာပေါ့"

ရိုင်းက တံခါးဝဘက်ကို ဒေါသတကြီး အော်လိုက်သည်။

ဘရားဇီးဆရာဝန် ဝင်လာပြီး ပက်ထရစ်၏သွေးကြောထဲသို့ ဆေးနှစ်လုံး ထိုးပေးပြီး ပြန်ထွက်သွားသည်။

ရိုင်းက ပက်ထရစ်၏ ကိုယ်ပေါ်သို့ ခါးကိုင်းလိုက်ပြီး သေတ္တာကလေးကို ဆွဲယူလိုက်သည်။ သူ ဒေါသဖြစ်နေပြီ။ သည်တစ်ခါ မေးမရလျှင် သူ့ကို သတ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

"ငွေတွေက မင်းတို့ ဥပဒေအဖွဲ့အတွက် နက်ဆူးကမ်းလွှန်ဘဏ်ကို ဝင်လာတယ်၊ နေ့စွဲက ၁၉၉၂ ခုနှစ်၊ မတ်လ နှစ်ဆယ့်ခြောက်ရက်နေ့၊ မင်းသေပြီး လေးဆယ့်ငါးရက်မြောက်နေ့ပေါ့။ အဲဒီတုန်းက မင်း အဲဒီမှာလေ၊ ကျန်းမာသန်စွမ်းပြီး အသားအရေ ညိုမောင်းစိုပြည်နေတဲ့ ပက်ထရစ်ပေါ့၊ ဒါပေမဲ့ မင်း ဝင်ကစွတ်ကောင်လုပ်လိုက်ပြီ၊ မင်း ပက်ထရစ် မဟုတ်တော့ဘူး၊ ဘဏ်လုံခြုံရေးကင်မရာက ရိုက်ယူထားတဲ့ မင်းဓာတ်ပုံတွေ တို့ အများကြီး ရထားတယ်လေ၊ အဲဒီမှာ မင်း စာရွက်စာတမ်းအတုတွေ လုပ်တယ်၊

mgyoe.com

mgyoe.com  SAMPLE BOOK 

ငွေရောက်ပြီး မကြာခင် မော်လတာကို ပို့ပစ်လိုက်တယ်၊ သံကြိုးနဲ့ ငွေလွှဲလိုက်တာလေ၊ အဲဒီငွေတွေ အားလုံး မင်း ခိုးတာလေ၊ ကဲ… ပြောလိုက် ပက်ထရစ်၊ အဲဒီငွေ ခု ဘယ်မှာလဲ၊ ပြောရင် မင်း အသက်ရှင်မယ်''

ရိုင်း၏ မျက်နှာကို ပက်ထရစ် မော့ကြည့်သည်။ ပြီးတော့ သတ္တုမောင်းတံကလေးကို နောက်ဆုံးအဖြစ် လှမ်းကြည့်သည်။ ပြီးတော့ မျက်စိကို တင်းတင်းမှိတ်ပြီး ဖျစ်ညှစ်ပြောလိုက်သည်။

'' ငါ ကျိန်ပြောရဲတယ်၊ မင်း ဘာတွေ ပြောနေမှန်း ငါ တစ်ခုမှ မသိဘူး''

ရိုင်းက မောင်းတံကို အောက်ဆွဲချလိုက်သည်။ ကော့တက်လာသည့် သူ့ခန္ဓာကိုယ်ကို ငေးကြည့်နေ၏။ ပက်ထရစ် ငယ်သံပါအောင် အော်လိုက်ပြန်သည်။

အိမ်နှင့် ကိုက်တစ်ရာအကွာ အတက်လမ်းတစ်နေရာတွင် ဘရာဇီးတစ်ယောက် သေနတ်ကိုင်ပြီး ကင်းစောင့်နေသည်။ အနီးဆုံးရွာက တစ်မိုင်ဝေးသဖြင့် ဘာအနှောင့်အယှက်မျှ မတွေ့ရ။ အိမ်ဆီမှ နောက်ထပ် အော်သံကြားတော့ သူ ဘုရားတလိုက်သည်။

◆

အိမ်နီးနားချင်းတွေက ငါးကြိမ်မြောက် ဖုန်းဆက်ပြောတော့ မစ္စက်စတက်ဖာနို စိတ်ပူစပြုလာသည်။ မိန်းမလုပ်သူကို ဂျက် ဖွင့်ပြောရတော့၏။ သူတို့အိမ်ရှေ့တွင် အနက်ရောင်ယူနီဖောင်းနှင့် အက်ဖ်ဘီအိုင်သုံးယောက် ရစ်သီရစ်သီ လုပ်နေသည်တဲ့။ သူတို့ဘာကြောင့် စောင့်ကြည့်နေသည့်အကြောင်း စတက်ဖာနို ရှင်းပြရတော့သည်။ ပက်ထရစ်ဇာတ်လမ်းကိုလည်း ပြောပြရတော့၏။ စောင့်စည်းရမည့် တာဝန်ကို ဖောက်ဖျက်မိခြင်းပင်။ မစ္စက်စတက်ဖာနိုက ဘာမေးခွန်းမျှ မထုတ်။

သူ့ယောက်ျား ရုံးတွင် ဘာလုပ်နေသည်ကို သူ မသိ။ တစ်ခုပဲ စိတ်ပူသည်။ အိမ်နီးနားချင်းတွေ မည်သို့ ထင်ကြမည်လဲ။ ရပ်ကွက်ကလည်း ကျဉ်းကျဉ်းကလေးလေး။

ညသန်းခေါင်မှ သူ အိပ်ပျော်သည်။ ဂျက်က စာကြည့်ခန်းထဲမှ ဆိုဖာပေါ်တွင် ခဏမှေးသည်။ ပြတင်းပေါက် တရုတ်ကတ်မှ ခဏ ခဏ

mgyoe.com

mgyoe.com SAMPLE BOOK


အပြင်သို့ ခိုးကြည့်သည်။ သူတို့ ဘာတွေ လုပ်နေကြပါလိမ့်။ မနက် သုံးနာရီ ထိုးလို့ အိပ်ပျော်မည်မှ မကြံသေး။ တံခါးခေါင်းလောင်းသံ မြည်လာသည်။

သူ ထဖွင့်ပေးတော့ တံခါးဝတွင် လူလေးယောက် ရပ်နေသည်ကို တွေ့ရ၏။ တစ်ယောက်ကို ချက်ချင်း မှတ်မိလိုက်သည်။ ဟာမီလ်တန် ဂျေးနက်စ်၊ အက်ဖ်ဘီအိုင် ဒုတိယညွှန်ကြားရေးမှူး၊ လူချင်း မသိပေမဲ့ သည် အနားတစ်ဝိုက်တွင် သူနေကြောင်း ဂျက်က သိထားသည်။

သူတို့ကို ဂျက်က စာကြည့်ခန်းထဲ ခေါ်သွားသည်။ တစ်ဖက်နှင့် တစ်ဖက် လေသံမာမာနှင့် မိတ်ဆက်ကြ၏။ ဂျေးနက်စ်က စကားစပြောသည်။

"ကျွန်တော်တို့က လန်နီဂန်ကို မနားတမ်းရှာနေတာဗျ၊ ခင်ဗျား လက်ထဲမှာ ရောက်နေတယ်လို့ ကျွန်တော်တို့ သတင်းရထားတယ်၊ ခင်ဗျား အတည်ပြုမလား၊ ငြင်းမလား"

"ကျွန်တော် ဘာမှ မသိဘူး"

စတက်ဖာနိုက အေးစက်စက်အသံဖြင့် ငြင်းသည်။

"ခင်ဗျားကိုဖမ်းဖို့ ကျွန်တော်တို့မှာ ဝရမ်း ပါလာတယ်"

သူ့လေသံပြောင်းသွားသည်။

"ကျွန်တော့်ကို ဘာပြစ်မှုနဲ့ ဖမ်းဝရမ်းထုတ်တာလဲ"

"တရားခံပြေးကို လက်ခံထားမှု၊ ဝတ္တရားနှောင့်ယှက်မှု၊ ကြိုက်တာ ရွေးလေ၊ ခင်ဗျားကို ဒါတွေ ရှင်းပြနေဖို့ ကျုပ် စိတ်မဝင်စားဘူး၊ ကျုပ်လုပ်မှာက ခင်ဗျားကို ထောင်ထဲထည့်မယ်၊ ပြီးမှ ခင်ဗျားတို့မိထားတဲ့ လူကို ထပ်ထည့်မယ်၊ ဒါပဲ၊ အဲဒီအတွက် ကျုပ်တို့ အများဆုံး အချိန်ပေးရရင် နှစ်ဆယ့်လေးနာရီပဲ၊ ရှင်းတယ်နော်"

"အင်း… ရှင်းပါတယ်"

"လန်နီဂန် ဘယ်မှာလဲ"

"ဘရာဇီးမှာ"

"သူ့ကို တို့လိုချင်တယ်၊ ချက်ချင်းလိုချင်တယ်"

စတက်ဖာနို မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်နေသည်။ အားလုံး ရှင်းသွားပြီပဲ။ လန်နီဂန်ကို လက်လွှဲပေးရတာက အကြောင်း မဟုတ်။ နားမလည်နိုင်တာက သူ့ကို မိထားတဲ့အကြောင်း အခြားလူတွေ ဘယ်လို သိသွားတာလဲ။

mgyoe.com

mgyoe.com

SAMPLE BOOK


"ကောင်းပြီလေ၊ ညှိကြတာပေါ့"

စတက်ဖာနို ဆက်ပြောသည်။

"ကျွန်တော့်ကို လေးဆယ့်ရှစ်နာရီ အချိန်ပေးပါ၊ လန်နီဂန်ကို ခင်ဗျားတို့လက်ထဲ ထည့်ပေးမယ်၊ အဲဒီဝရမ်းကို မီးရှို့ပစ်လိုက်၊ နောက်လည်း ကျွန်တော့်ကို ဘာမှ မနှောင့်ယှက်နဲ့"

"သဘောတူတယ်"

နှစ်ဖက်စလုံး ခဏငြိမ်သွားတယ်။ လိုချင်တာ ရသွားကြပြီ မဟုတ်လား။

ဂျေးနက်စ်က မေးသည်။

"သူ့ကို ဘယ်မှာ သွားယူရမှာလဲ"

"ပါရာဝွေးကို လေယာဉ်တစ်စင်း လွှတ်ပေးပါ၊ အဆွန်စီယွန်က စောင့်နေလိမ့်မယ်"

"အသက်နဲ့ကိုယ် အိုးစားတော့ မကွဲသေးဘူးနော်"

"ဟုတ်ကဲ့"

"သူ တစ်ခုခုဖြစ်ရင် မလွယ်ဘူးနော်"

"ကျွန်တော် ဖုန်းဆက်ရလိမ့်မယ်"

"လုပ်လေ၊ ခင်ဗျားအိမ်ပဲ"

ဂျေးနက်စ်က ကြိုးကြိုးစားစားပြုံးပြီး ပြောလိုက်သည်။

"ကျွန်တော့်ကို ခွင့်ပြုပါ"

စတက်ဖာနိုက စတိုခန်းကလေးထဲ ဝင်သွားပြီး ဝှက်ထားသည့် လက်ကိုင်ဖုန်းကိုယူ၍ နောက်ဘက် ဝရန်တာကို ထွက်သွားသည်။ စိုစွတ်စွတ် မြက်ခင်းပေါ် ရပ်ပြီး ရှိုင်းဆီသို့ ဖုန်းဆက်သည်။

◆

ဘရာဇီးတစ်ယောက် ကားပေါ်တွင် ကင်းစောင့်နေသည်။ အတွင်းဘက်မှ အော်သံတိတ်သွားသည်နှင့် ကားထဲမှ ဖုန်းမြည်လာသည်။ ဖုန်းက ကားရှေ့ခန်းထဲမှာ။ ဘရာဇီးက အမေရိကန်တစ်ယောက်ကို ပြေးခေါ်သည်။ ခဏကလေးအတွင်း အိမ်ထဲမှ ရှိုင်း ပြေးထွက်လာပြီး တယ်လီဖုန်း လှမ်းယူလိုက်သည်။ တစ်ဖက်မှ စတက်ဖာနို၏အသံ ပေါ်လာသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"သူ စကားပြောပြီလား"

"နည်းနည်းလေးပဲ ရတယ်၊ သတိတော့ ရှိနေသေးတယ်၊ ပိုက်ဆံတွေ ဘယ်မှာထားတယ်ဆိုတာ သူ မသိဘူး၊ ရီယိုက ရှေ့နေမတစ်ယောက်က ထိန်းထားတယ်"

"အဲဒီ မိန်းမနာမည် ရပြီလား"

"ရပြီ၊ ကျွန်တော်တို့ ခု ရီယိုကို ခေါ်နေတယ်၊ အိုစမာ့လူတွေ ရှိတယ်လေ"

"သူ့ဆီက နောက်ထပ် ရနိုင်ဦးမလား"

"သိပ်မထင်ဘူး ဂျက်၊ သူ အသက်ငွေ့ငွေ့ပဲ ရှိတော့တယ်"

"မင်းတို့ လုပ်တာတွေ အားလုံး ရပ်ထားလိုက်၊ ဆရာဝန် အဲဒီမှာ ရှိသေးလား"

"ရှိတာပေါ့"

"ချက်ချင်း သူ့ကို နေကောင်းလာအောင် လုပ်၊ အဆွန်စီယွန်ကို အမြန်ဆုံး မောင်းပို့"

"ဗျာ... ဘာဖြစ်လို့"

"ဘာမှ မမေးနဲ့၊ အချိန် မရှိတော့ဘူး၊ အက်ဖ်ဘီအိုင်တွေ တို့ကို ဝိုင်းထားပြီ၊ သူ ဘာမှမဖြစ်အောင်လုပ်"

"သူ ဘာမှမဖြစ်အောင်လုပ် ဟုတ်လား။ သူ့ကို ကျွန်တော် သတ်နေတာ ငါးနာရီတောင် ရှိသွားပြီ"

"ငါပြောတဲ့အတိုင်းလုပ်၊ သူ့ကို လူကောင်းပြန်ဖြစ်အောင်လုပ်၊ အဆွန်စီယွန်ကို အမြန်ဆုံးရောက်အောင်ပို့၊ ငါ့ဆီ တစ်နာရီ တစ်ခါဆက်၊ ပြီးတော့ ဟိုမိန်းမကို တွေ့အောင်ရှာ"

ပက်ထရစ်၏ ဦးခေါင်းကို ညင်ညင်သာသာ မသည်။ ရေအေးဖြင့် သူ့နှုတ်ခမ်းတွေကို ဆွတ်ပေးသည်။ သူ တဆတ်ဆတ် အကြောဆွဲနေသည်။ သူ ညည်းတွားနေသည့် စကားသံတွေကို ဘယ်သူမျှ နားမလည်။

စုတ်ပြတ်နေပြီဖြစ်သည့် သွေးကြောထဲသို့ မော်ဖင်းတစ်လုံး ထိုးပေးလိုက်တော့ သူ ငြိမ်ကျသွားသည်။ ဟိုးအဝေးသို့ လွင့်မျောသွားပြန်သည်။

မနက် လင်းအားကြီးတွင် အိုစမာတစ်ယောက် ပွန်တာပိုရာ လေယာဉ်ကွင်းထဲ ရောက်နေပြီ။ ရီယိုသို့ထွက်မည့် လေယာဉ်ကို စောင့်နေခြင်း

mgyoe.com

mgyoe.com

SAMPLE BOOK


ဖြစ်၏။ ည မိုးချုပ်မှ ရှိယိုကိုဆိုက်မည့် ခရီးစဉ်။ သူ့လူတွေကို တပ်လှန့်ထားပြီ။ သူ ရောက်ရောက်ချင်း မြို့ကို ပိုက်စိပ်တိုက်ကြတော့မည်။ ရမည့် ငွေပမာဏက မက်စရာ မဟုတ်လား။

◆

အီဗာက မိုးလင်းလင်းချင်း ပထမဆုံး သူ့အဖေဆီ ဖုန်းခေါ်သည်။ သူနေသည့် ရပ်ကွက်က သူ့သမီးကလေးနှင့် သိပ်မဝေးလှ။ အီပါနီမာဆိုသည့် ရပ်ကွက်။ တိုက်ခန်းငယ်ကလေးတစ်ခုတွင် တစ်ကိုယ်တည်းနေသည်။

သမီးအသံ ကြားလိုက်ကတည်းက တစ်ခုခုဖြစ်ပြီဟု သိလိုက်၏။ အီဗာက စိတ်မပူဖို့အကြောင်း၊ အမှုတစ်ခုအတွက် ဥရောပသို့ နှစ်ပတ် ခရီးထွက်ရမည့်အကြောင်း ရှင်းပြသည်။ အမှုသည်က အလွန်လျှို့ဝှက်သူ၊ စေ့စပ်သူဖြစ်၍ မိမိနောက်ကြောင်းကို စုံစမ်းကောင်း စုံစမ်းလိမ့်မည် ဖြစ်ကြောင်း၊ ထိုအခါ အထိတ်တလန့် မဖြစ်ဖို့အကြောင်း။ သည်အမှုက ခါတိုင်းလို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကိစ္စ မဟုတ်ကြောင်း စသည် စသည်တို့ကို ဖအေကြီးအား ဖုန်းဖြင့် မှာခဲ့သည်။

သူ့လုပ်ဖော်ကိုင်ဖက် အထက်လူကြီးကို အကြောင်းပြဖို့ကျတော့ ခက်သည်။ စိတ်ထဲတွင် ဇာတ်တိုက်ထားသည့် အစီအစဉ်ကတော့ သိပ်မဆိုး။ သို့သော် အဆင်သိပ်မချော။ ဆင်ထားသည့် ဇာတ်လမ်းမှာ အီဗာနှင့် ကျောင်းနေဖက်သူငယ်ချင်း အမေရိကန်ရှေ့နေအမျိုးသမီးတစ်ယောက်က ဖုန်းဆက်သည်။ ဟမ်းဘက်တွင် သူလိုက်နေသည့် အမှုတစ်ခုအတွက် အီဗာ့အကူအညီ အပူတပြင်း လိုနေသည်။ ထို့ကြောင့် မနက်အစောကြီး လေယာဉ်နှင့် လိုက်သွားရမည်။

ကိုယ်တော်မြတ်က အိပ်ချင်မူးတူးဖြင့် နောက်မှ ထပ်ဆက်ဖို့၊ အသေးစိတ်တွေ ဆွေးနွေးဖို့ပြောပြီး ဖုန်းချလိုက်သည်။ သည်တော့ သူ့အတွင်းရေးမှူးထံ ဆက်သည်။ သည်ဇာတ်လမ်းအတိုင်း ပြောပြပြီး ချိန်းဆိုထားသော ကိစ္စအားလုံး ရက်ရွှေ့ထားဖို့အကြောင်း၊ ပြန်လာမှ လုပ်မည့်အကြောင်း ပြောလိုက်သည်။

ကျူရိတ်ဘာမှ ဆော်ပေါ်လိုသို့ လေယာဉ်ဖြင့် အီဗာ ထွက်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK


ထိုမှတစ်ဆင့် ဗျူနိုအေရိစ်ကို တစ်ဆက်တည်း လေယာဉ်ပြောင်းစီးသည်။ ပထမဆုံးအကြိမ်အဖြစ် နိုင်ငံကူးလက်မှတ်အတုကို စသုံးခြင်း ဖြစ်သည်။ မနှစ်က ဒန်နီလို လုပ်ပေးထားသည့် လက်မှတ်။ အီဗာတစ်ယောက် လီယာ ပီးယာ့စ် ဖြစ်သွားပြီ။ အသက်ကိုတော့ အမှန်အတိုင်း ထည့်ထားသည်။ သို့သော် မွေးနေ့ ပြောင်းထား၏။ သည်အသေးစိတ်တွေကို ဒန်နီလို မသိ။ မည်သို့မျှ မသိနိုင်။

ဗျူနိုအေရိစ်ကိုရောက်မှ နယူးယောက်လေယာဉ် ဆက်စီးသည်။ နယူးယောက်ခ်တွင် သုံးနာရီ စောင့်ရပြီးမှ ဖူးရစ်လေယာဉ်ရသည်။

◆

သူ့ကို သူတို့က ဇောက်စ်ဝက်ဂွန်ကားနောက်ခန်းတွင် တင်ခေါ်လာခဲ့ကြသည်။ အပြေးဝတ်စုံကို ဝတ်ပေးထား၏။ ဆရာဝန်က မီးလောင်ဖုဒဏ်ရာတွေကို ဆေးတွေ လိမ်းပြီး ဖုံးပေးသည်။ အနာမရင်းအောင် ပိုးသတ်ဆေးတွေ ထိုးပေးသည်။ ပြီးတော့ လူနာနှင့် မျက်နှာချင်းဆိုင် ခုံတွင် ထိုင်လိုက်လာသည်။ အကိုက်အခဲပျောက်ဆေးတွေ ကျွေးထားသည်။ တစ်ရက်၊ နှစ်ရက်အတွင်း ပက်ထရစ် ပုံမှန်နီးပါး ဖြစ်လာပေတော့မည်။

ဆရာဝန်က သူ့ပခုံးကို လှမ်းပုတ်ပြီး အားပေးသည်။ အသက်မဆုံး သည့်အတွက် ပက်ထရစ်စိတ်ထဲ ပျော်နေသည်။

"ရပါပြီ"

ရှေ့ခုံတွင် ထိုင်နေသည့် ရိုင်းကို ဆရာဝန်က လှမ်းပြောလိုက်သည်။

ဒရိုင်ဘာက ကားကို နောက်ဆုတ်ချိုးကွေ့ပြီး မောင်းထွက်လာခဲ့၏။

ပထမပိုင်း ခြောက်နာရီတွင် မိုင်တစ်ရာသာ ခရီးပေါက်ခဲ့သည်။ တောင်ပေါ်လမ်းတွေက မောင်းလို့ မရအောင် ဆိုးလှသည်။ တောင်ပေါ်က ဆင်းလာတော့မှ အတန်အသင့် ကောင်းမွန်သည့် လမ်းပေါ်သို့ ရောက်လာသည်။

ညနေ လေးနာရီတွင် ရိုင်းက ဝါရှင်တန်ရုံးခန်းထဲမှ စတက်ဖာနီဆီ ဖုန်းဆက်သည်။ သူနှင့်အတူ ဟာမီလ်တန်ဂျေးနက်စ် ရှိနေသည်။ သူက ပြည်ထဲရေးဌာနတွင် ထိပ်တန်းပြောရေးဆိုခွင့်ရှိသည့် အက်ဖ်ဘီအိုင်အရာရှိ ကြီး။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တရားခံ လွှဲပြောင်းပေးသည့် ကိစ္စက ရှုပ်ထွေး

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ အရေးကြီးသည့် သံတမန်ဆိုင်ရာကိစ္စတွေ ပါသည်။ စတက်ဖာနိုက အဆွန်စီယွန်လေယာဉ်ကွင်းတွင် ဆုံဖို့ ချိန်းထားသည်။ အဆွန်စီယွန်မှာ သုံးနာရီ ကားမောင်းရသည့် မြို့ငယ်ကလေး ဖြစ်၏။ ဂငယ်ကွေ့ ကွေ့ပြီး တောင်ဘက်ကို ပြန်ချိုးဖို့ အမိန့်ပေးတော့ ပေါ်တူဂီ ဒရိုင်ဘာက ကျိန်ဆဲလိုက်သည်။

အဆွန်စီယွန်ကို သူတို့ ရောက်တော့ ညနေစောင်းပြီ။ လေယာဉ်ကွင်းကို ရှာတွေ့တော့ မှောင်နေပြီ။ လေယာဉ်ကွင်းအဝင် ကတ္တရာလမ်းကျဉ်းကျဉ်းကလေး၏ အဆုံးတွင် အုတ်တိုက်နိမ့်ကလေး ရှိသည်။ ရိုင်းက စတက်ဖာနိုဆီ ဖုန်းခေါ်သည်။ စတက်ဖာနိုက ညွှန်ကြားသည်။

“ပက်ထရစ်ကို ကားထဲမှာ ထားခဲ့၊ ကားသော့ကိုလည်း တန်းလန်းထားခဲ့၊ ဆရာဝန်ရယ်၊ မင်းရယ်၊ ဘရာဇီးဒရိုင်ဘာရယ် ကားထဲကနေ အသာကလေး ထွက်သွား”

သူတို့သုံးယောက် အသာကလေး ဆင်းခဲ့ကြသည်။ ကိုက်တစ်ရာအကွာတွင် ရောမသစ်ပင်ကြီးတစ်ပင် ရှိသည်။ သစ်ပင်အောက်ရောက်တော့ သူတို့ကို ဘယ်သူမျှ မမြင်နိုင်တော့။ တစ်နာရီကြာအောင် သူတို့ စောင့်နေကြသည်။

နောက်ဆုံးတွင်မှ အမေရိကန် လေယာဉ်မှတ်ပုံတင်နံပါတ်နှင့် လေယာဉ်ငယ်တစ်စီးထိုးဆင်းလာသည်။ လမ်းဆုံးမှ တိုက်ပုကလေးဆီသို့ ဖြည်းဖြည်းလိမ့်သွားသည်။ လေသူရဲနှစ်ယောက် ဆင်းလာပြီး ရပ်ထားသည့် ကားကို ရှာသည်။ တွေ့သည်နှင့် ကားပေါ်တက်ပြီး လေယာဉ်ရှိရာသို့ မောင်းယူသွားသည်။ ပက်ထရစ်ကို သူတို့နှစ်ယောက်က လေယာဉ်ပေါ် ပွေ့တင်သွားကြသည်။ မိနစ်ပိုင်းအတွင်း လေယာဉ်ကလေး ပျံတက်သွားလေသည်။

အဆွန်စီယွန်တွင် လေတပ်လေယာဉ်ကလေး ဆီဖြည့်သည်။ ထိုစဉ် ပက်ထရစ် အနည်းငယ် လွန့်လာသည်။ သူ ထိုင်ဖို့ ကြိုးစားသည်။ မအောင်မြင်။ လေတပ်ဆေးမှူးက ရေအေးတိုက်သည်။ ပြီးတော့ ဘီစကွတ် ကျွေးသည်။

လီမာတွင် တစ်ခါ ဆီဖြည့်သည်။ ဘိုဂိုတာတွင် သူ့ကို သူတို့ လီယာဂျက်လေယာဉ်ကလေးတစ်စင်းပေါ်သို့ ပြောင်းတင်ပေးလိုက်ကြသည်။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ပြီးတော့ ပူဝါတိုရီကိုရှိ ဆန်ဂျူအန် အမေရိကန်ရေတပ်စခန်းသို့ တန်းပျံသည်။ ဘယ်မှာမှမရပ်တော့။ ရောက်ရောက်ချင်း သူနာပြုကားတစ်စီးဖြင့် ရေတပ် အခြေစိုက် စစ်ဆေးရုံသို့ တန်းပို့လိုက်သည်။

လေးနှစ်ခွဲအကြာတွင် အမေရိကန်မြေပေါ်သို့ ပက်ထရစ် ပြန်ရောက် လာခြင်း ဖြစ်လေသည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)

ပက်ထရစ်အလုပ်လုပ်သည့် ဥပဒေလုပ်ငန်းစုက သူ ကွယ်လွန်ပြီးနောက် ဒေဝါလီခံအမိန့်ကို တစ်နှစ်ရွှေ့ဆိုင်းဖို့ သက်ဆိုင်ရာသို့ အသနားခံစာ တင်ထားသည်။ ကုမ္ပဏီ စာရေးစက္ကူ ခေါင်းစီးတွင် ပက်ထရစ်လန်နီဂန် (၁၉၅၄-၁၉၉၂) ဟူသည့် နာမည်က အခြားရှေ့နေကြီး၏ အမည်နှင့်အတူ အခံ့အညား နေရာယူထားဆဲ။ မကြာပါချေ။ ကောလာဟလတွေ အမျိုးမျိုး ထွက်လာသည်။ နောက်ပိုင်းတွင် ငွေတွေကို ခိုးယူပြီး သူ ပျောက်ကွယ်သွားခြင်းဖြစ်ကြောင်း လူတော်တော်များများ ယုံကြည်လာကြတော့သည်။ သုံးလအကြာတွင် သူ သေသွားသည့် သတင်းကို ဘယ်သူမှ မယုံကြတော့။ သူ့နာမည်ကိုလည်း ကုမ္ပဏီခေါင်းစီးရှေ့နေစာရင်းမှ ဖယ်ထုတ်ပစ်လိုက်တော့သည်။ တစ်ပြိုင်တည်းတွင် ရှေ့နေလုပ်ငန်းစုတွင် ကြေွးတွေ ပတ်လည်ဝိုင်းလာသည်။

ကျန် ရှေ့နေလေးဦးတို့ အတူတကွ လက်တွဲပြီး ဒေဝါလီချောက်ထဲ ပြုတ်မကျအောင် ကုတ်ကတ်ဖက်တွယ်ထားကြသည်။ ပက်ထရစ် မရှိတော့သည့် နောက်ပိုင်းတွင် သူတို့အချင်းချင်း လမ်းခွဲဖို့ ကြိုးစားကြသေးသည်။ သို့သော် မည်သို့မျှ မဖြစ်နိုင်တော့ချေ။ နှစ်ယောက်က အရက်ချိုးတွေ ဖြစ်နေပြီ။ ကျန်နှစ်ယောက်ကတော့ အရက်ခွက်ထဲမှ ရုန်းထွက်ဖို့ ကြိုးစားနေကြဆဲ။

mgyoe.com

သူတို့ငွေတွေနှင့်အတူ ပက်ထရစ် ပျောက်ကွယ်သွားသည်။ သူတို့ မမြင်လိုက်ရသည့် သူတို့ငွေတွေ။ ဘီလိုစီမြို့လယ်ကောင်တွင် တခမ်းတနား ဆောက်မည့် သူတို့ကုမ္ပဏီ အဆောက်အအုံအတွက် ငွေတွေ။ ကာရီဘီယန် ဒေသတွင် ဆောက်မည့် ကွန်ဒိုတွေ၊ အိမ်ရာသစ်တွေ။ အပျော်စီးသင်္ဘောဝယ်ဖို့ ပင် ပါလိုက်သေး၏။ တရားဝင် လက်မှတ်တွေ ထိုးပြီးလို့ သူတို့ဆီ လာနေ သည့်ငွေတွေ။

ခုတော့ လမ်းခုလတ်မှနေ၍ သူတို့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်က ခိုးယူသွားသည်တဲ့။

ခုတော့ သူ မရှိတော့။ သူ့အသုဘကို ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် သူတို့ကိုယ်တိုင် သင်္ဂြိုဟ်ပေးခဲ့ကြရသည်။ ရက်သတ္တပတ် ခြောက်ပတ်အကြာတွင်မှ သူတို့ပိုက်ဆံတွေကို ခိုးသွားသူမှာ သူတို့ ထမ်းပိုး ခဲ့ရသည့် အလောင်းကိုယ်တိုင် ဖြစ်နေမှန်း သိကြရတော့သည်။

ဘယ်သူ့အပြစ်လဲ၊ ဘယ်သူ့ချို့ယွင်းချက်လဲ၊ သူတို့အချင်းချင်း ငြင်းကြ ခုံကြသည်။ အဖွဲ့၏ ဝါအရင့်ဆုံးရှေ့နေ ချားလ်စ်ဘိုဂန်က ငွေတွေကို ငွေချေမည့် ဘဏ်မှ ကမ်းလွန်ဘဏ်တစ်နေရာရာတွင် စာရင်းသစ်ဖွင့်ပြီး ကြေးနန်းဖြင့် လွှဲပေးဖို့ အကြံပြုခဲ့သည်။ သူ့အကြံပြုချက်ကို အားလုံး သဘော တူကြသည်။ ပို့ရမည့် ငွေပမာဏမှာ ဒေါ်လာ သန်း ၉၀ ဖြစ်သည်။ သုံးပုံ တစ်ပုံက အဖွဲ့ပိုင်ဖြစ်လာမည့် ငွေ။ သည်လိုသတင်းမျိုးကို ဘီလိုစီလို လူဦးရေ ငါးသောင်း သာရှိသည့် တောမြို့ကလေးတွင် လျှို့ဝှက်ထားဖို့ မလွယ်ပါ။ ဘဏ်ဝန်ထမ်း တစ်ယောက်ယောက်ဆီက ပေါက်ကြားမှာ သေချာပါသည်။ ထို့ကြောင့် ဟိုး အဝေးကြီးတွင် သွားထားဖို့ ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ ဤသို့ဖြင့် ဘိုဂန်သည် အပြစ်တင်ခံရဆုံးလူ ဖြစ်သွားတော့သည်။

အဖွဲ့၏ တရားစွဲဆိုရေးတာဝန်ခံ ဒေါက်ဗိုက်ထရာနီက ပက်ထရစ်ကို ပဥ္စမအစုစပ်ဝင် ရှေ့နေအဖြစ် လက်ခံဖို့ အတင်းတိုက်တွန်းခဲ့သူ ဖြစ်သည်။ လန်နီဂန် အဖွဲ့ဝင် ဖြစ်လာသောအခါ အဖွဲ့၏ စာရွက်စာတမ်းအားလုံးကို ကြည့်ရှုလေ့လာခွင့် ရသွားတော့၏။ ဘိုဂန်၊ ရက်ပလေ၊ ဗိုက်ထရာနီ၊ ဟားဗား ရက်နှင့် လန်နီဂန် အကျိုးဆောင်အဖွဲ့တွင် အတွင်းရေးမှူးတွေ၊ ချိန်ဘာဆင်းနေ သည့် ဥပဒေကျောင်းသားတွေ အများကြီး ရှိသည်။ ရုံးစရိတ်မှာ နင့်နေအောင် ကုန်သည်။ ကိစ္စ မရှိ။ နိုင်ငံရေးအဆက်အသွယ် အများကြီး ရထားသည် မဟုတ်လား။

mgyoe.com

သူတို့အားလုံး လေးဆယ်ကျော်တွေ ဖြစ်၏။ ဟားဗားရက်၏အဖေမှာ တံငါသည်တစ်ဦး ဖြစ်သည်။ သူသည် ငါးဖမ်းလှေပေါ်တွင် ကြီးပြင်းလာသူဖြစ်သည်။ သူလက်တွေမှာ ပိုက်ဖမ်းရလွန်းသဖြင့် ကြမ်းထော်နေသည်။ သူကသည်လက်များဖြင့် ပက်ထရစ်၏ လည်ပင်းကို ညှစ်ပြီး ကုပ်ချိုးသတ်ချင်နေသူဖြစ်သည်။

အချိန်တန်လို့ ကုမ္ပဏီဒေဝါလီခံရပြီးနောက်တွင် ရက်ပလေကစိတ်ကျရောဂါဖြင့် အိမ်ထဲက အိမ်ပြင် မထွက်တော့ပေ။ ခပ်မှောင်မှောင်အထပ်ခိုးကလေးပေါ်တွင် အဖြစ်အပျက် ဆန်းစစ်ချက်တွေချည်း ထိုင်ရေးနေတော့သည်။

◆

အချိန်မှာ မနက်ကိုးနာရီထိုးပြီးစပင် ရှိသေးသည်။ ဘီလိုစီမြို့လယ်မှ ဗီယိုမာ့ချ်လမ်းပေါ်ရှိ အဆောက်အအုံတစ်ခုပေါ်သို့ အက်ဖ်ဘီအိုင်အရာရှိ ကာတာတက်လာချိန်တွင် ဘိုဂန်နှင့် မိုက်ထရာနိုက သူတို့ အလုပ်စားပွဲတွင် ထိုင်နေကြပြီ။ ညှော်ကြိုစာရေးမကလေးက သူ့ကို အစည်းအဝေးခန်းမထဲခေါ်ပြီးကော်ဖီနှင့် ညှော်ခံထားသည်။ ပထမဆုံး မိုက်ထရာနို ရောက်လာသည်။ ကော်တောင့်နေသည့်ဝတ်စုံက ခေါက်ရိုးမကျိုးသေး။ မျက်လုံးတွေက ကြည်ကြည်လင်လင်။ ပြီးမှ ဘိုဂန်ဝင်လာသည်။ ကော်ဖီထဲကို သကြားထည့်ပြီးရာသီဥတုအကြောင်း အာလာပသလ္လာပ ပြောကြသည်။

ငွေတွေရော ပက်ထရစ်ပါ ပျောက်ကွယ်သွားပြီးနောက်ပိုင်းတွင် သူတို့ရုံးခန်းသို့ ကာတာ မကြာ မကြာ ဝင်လာတတ်သည်။ အက်ဖ်ဘီအိုင် ကရထားသမျှ နောက်ဆုံးသတင်းများ ပေးလေ့ရှိသည်။ တဖြည်းဖြည်း ကြာလာတော့ သူ ရသည့် သတင်းများ ကျဲကျဲလာသည်။ ကာတာ ပေါ်မလာသည်မှာတစ်လခန့်ရှိပြီ။ ထို့ကြောင့် သူဝင်လာခြင်းမှာ ဝတ်ကျေဝတ်ကုန် စကားပြောဖို့ဖြစ်လိမ့်မည်ဟု သူတို့နှစ်ယောက်စလုံး ထင်ထားလိုက်ကြသည်။

ကာတာ စကားစသည်။

"ကျွန်တော်တို့ ပက်ထရစ်ကို မိထားပြီ"

ချာလီဘိုဂန်က မျက်စိပိတ်လိုက်ပြီး ဘုရားတသည်။ ပြီးတော့ သူ့လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်လိုက်ပြီး-

"အို… ဘုရားသခင်" ဟု မြည်တမ်းပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုက်ထရာနို ပါးစပ်အဟောင်းသား ဖြစ်နေသည်။ ပြီးတော့မှ မေးဖို့ သတိရပြီး-

"ဘယ်မှာလဲ"

"ပူဝါတိုရီကို ရေတပ်စခန်းမှာ၊ ဘရာဇီးမှာ မိတာ"

"သူဆိုတာ သေချာရဲ့လား"

ဗိုက်ထရာနိုက မယုံကြည်နိုင်စွာဖြင့် မေးလိုက်သည်။

"သိပ်သေချာတယ်"

"ဘယ်လို တွေ့တာလဲ၊ သူ ဘာလုပ်နေလဲ"

"သူ့ကို ကျွန်တော်တို့တွေ့တာ မဟုတ်ဘူး၊ တွေ့တဲ့လူတွေက ကျွန်တော်တို့ကိုလက်လွှဲပေးတာ"

ဘိုဂန်က မျက်ရည်မကျအောင် မနည်းကြိုးစားပြီး ထိန်းနေရသည်။ လက်ကိုင်ပဝါနှင့် မျက်နှာသုတ်လိုက်၏။

"အို... ဘုရားသခင်"

သူ ထပ်ပြီး ဘုရားတပြန်သည်။ ကာတာက မေးသည်။

"ဂျက်စတက်ဖာနိုဆိုတဲ့လူကို ခင်ဗျားတို့ သိလား"

နှစ်ယောက်စလုံး ခပ်ဆိုင်းဆိုင်း ခေါင်းညိတ်သည်။

"သူနဲ့ ခင်ဗျားတို့ ပတ်သက်ခဲ့ဖူးသလား"

သူတို့နှစ်ယောက်ထပ်ပြီး ခေါင်းညိတ်ကြသည်။

"ခင်ဗျားတို့ ကံကောင်းတာပေါ့ဗျာ၊ သူ့ကို စတက်ဖာနိုက တွေ့တာ၊ သေကောင်ပေါင်းလဲ နှိပ်စက်ပြီးမှ ကျွန်တော်တို့လက်ထဲ ရောက်တာ၊ မနေ့က သူ့ကို ပါရာဌွေးကနေ သွားသယ်လာတယ်၊ ခု ပူဝါတိုရီကိုဆေးရုံမှာ တင်ထားတယ်၊ မကြာခင် ဆင်းရမှာပါ၊ ကျွန်တော်တို့ ဒီခေါ်လာမယ်လေ"

"ငွေတွေကကောဗျ"

ဘိုဂန်က မေးလိုက်သည်။

"အစအနတောင် မတွေ့ဘူး"

ဗိုက်ထရာနိုက စားပွဲကို စိုက်ကြည့်နေသည်။ သူ့မျက်ဝန်းတွေ လှုပ်ရှားနေသည်။ ဒေါ်လာသန်းကိုးဆယ်၊ ပက်ထရစ်ခိုးသွားတာ လေးနှစ်ပဲ ရှိသေးတာ။ ဒီငွေတွေကို သူဘယ်လိုမှကုန်အောင် မသုံးနိုင်ပါဘူး။ တွေ့ရမယ်။ တွေ့ကို တွေ့ရမယ်။

mgyoe.com SAMPLE BOOK

ဘိုဂန်က ရိဝေဝေမျက်လုံးများဖြင့် ဇနီးဟောင်းအကြောင်းကို စဉ်းစားနေသည်။ အလွန်မယားဝတ်ကျေပွန်သည့်မိန်းမ။ သို့သော် မိုးပြိုသည့်အခါ လုံးဝ ပြောင်းလဲသွားလေတော့သည်။ ဩော်... လောက လောက၊ ကုမ္ပဏီ ဒေဝါလီခံလိုက်ရပြီးနောက်ပိုင်း အငယ်ဆုံးသားကလေး ခေါ်ပြီး အိမ်ပေါ်မှ ဆင်းသွားသည်။ နောက် 'ပင်ဆာကိုလာ' ကို ပြောင်းသွားပြီး မဟုတ်က ဟုတ်က စွပ်စွဲချက်တွေနှင့် တရားရုံးတွင် ကွာရှင်းခွင့်တောင်းသည်။ သည်မှစ၍ ဘိုဂန် အရက်ပိုသောက်လာခဲ့ခြင်းဖြစ်သည်။ ဆန်းတော့ ဆန်းသည်။ သူ့ကို ကျောခိုင်းသွားသည့်မိန်းမကို ဘိုဂန် ချစ်နေဆဲ ဖြစ်သည်။

ကာတာ စကားပြန်စသည်။

"စတက်ဖာနို ဒုက္ခဖြစ်နေပြီ၊ သူ့လူတွေ နှိပ်စက်ထားတဲ့ဒဏ်ရာတွေက ပက်ထရစ်ကိုယ်ပေါ်မှာ သေရာပါလောက်တယ်"

ဗိုက်ထရာနို ပြုံးလာသည်။

"ဝမ်းသာတယ်ဗျာ"

ဘိုဂန်ကလည်း ဝင်ပြောသည်။

"ခင်ဗျားက သူ့ကို ကျွန်တော်တို့ သနားလိမ့်မယ် ထင်လား"

"ဘာပဲဖြစ်ဖြစ်လေ၊ စတက်ဖာနိုက ဒုတိယကိုင်ရမယ့်လူပါ၊ သူ့ကို ကျွန်တော်တို့ စောင့်ကြည့်နေပါတယ်။ ခင်ဗျားတို့ ပိုက်ဆံတွေ ဘယ်မှာရှိတယ်ဆိုတာ သူ့ဆီကတစ်ဆင့် အနံ့ရနိုင်တယ်လေ"

ဗိုက်ထရာနိုက-

"ပိုက်ဆံတွေ တွေ့ဖို့က သိပ်ခက်မယ်မထင်ပါဘူး၊ ဒါထက် သူ့ကို လူသတ်မှုနဲ့ စွဲရဦးမယ်လေ၊ သူ့ကိုယ်စား အလောင်းကိစ္စလေ၊ သူ တစ်ယောက်ယောက်ကို သတ်တာ သေချာနေပြီပဲ၊ အဲဒီလူသတ်မှုနဲ့ ငွေတွေနဲ့ အဆက်အစပ် ရှိကို ရှိရမယ်၊ အဲဒီကိစ္စနဲ့ကိုင်ရင် ပက်ထရစ် စကားပြောလာမှာပါ"

ကာတာက နာရီငုံ့ကြည့်ပြီး-

"ကဲ... ကျွန်တော် လစ်လိုက်ဦးမယ်၊ ပွိုင့်ကလီးယားသွားပြီး ထရူဒီကို သတင်းပေးလိုက်ဦးမယ်"

ဘိုဂန်နှင့် ဗိုက်ထရာနို တစ်ပြိုင်တည်း ရယ်ကြသည်။ ပြီးမှ ဘိုဂန်က-

mgyoe.com

mgyoe.com


"ဗွီဒီယို ရိုက်ထားစမ်းပါဗျာ၊ သူ့မျက်နှာ ဘယ်လို ဖြစ်သွားတယ် ဆိုတာ ကြည့်ချင်လွန်းလို့ပါ"

ကာတာက ထပြီး-

"ကျွန်တော့် အဖွဲ့သားနှစ်ယောက်ကိုလည်း ပြောပြလိုက်လေ၊ ကျွန်တော်တို့ သတင်းစာရှင်းလင်းပွဲ လုပ်ဖို့ ရှိတယ်။ ကျွန်တော် ထပ်ပြောမယ်လေ"

◆

တောလမ်းတစ်နေရာတွင် ကားတစ်စီးမှောက်ပြီး မီးလောင်သွားသည်။ မျက်မြင်သက်သေ တစ်ယောက်မျှ မရှိ။ ပက်ထရစ်ကို ဇနီးချော ထရူဒီက ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် သင်္ဂြိုဟ်ရသည်။ အနက်ရောင် ဝတ်စုံနှင့် မုဆိုးမကလေးသည် တည်ငြိမ်စွာ လှပနေသည်။ တွင်းထဲသို့ ဆင်းသွားသော ခေါင်းတလားပေါ်သို့ ဂေါ်ပြားထဲမှ မြေကြီးတွေ သွန်ချနေကြပြီ။ သည်ကတည်းက မုဆိုးမအသစ်စက်စက်ကလေး ငွေတွေ စတင်သုံးစွဲရခြင်း ဖြစ်သည်။

သေတမ်းစာအရ ရှိရှိသမျှအားလုံး ထရူဒီနာမည်နှင့်ချည်း။ မကြာသေးမီကမှ ဖြည့်စွက်ပြင်ဆင်ထားသည့် သေတမ်းစာ။ အသုဘမချမီ မနက်ပိုင်းတွင် ထရူဒီနှင့် မိုက်ထရာနီတို့နှစ်ယောက် ပက်ထရစ်၏ ရုံးခန်းထဲမှ မီးခံသေတ္တာကို ဖွင့်ကြသည်။ သေတမ်းစာနှင့် အသက်အာမခံစာချုပ်ကို တွေ့ရ၏။ အသက်အာမခံက ဒေါ်လာသန်းဝက်။ ဒါကိုတော့ ထရူဒီသိသည်။ နောက်ထပ် ဒေါ်လာနှစ်သန်းတန် အသက်အာမခံပေါ်လစီအကြောင်းကိုတော့ သူ မကြားဖူးခဲ့။ မိုက်ထရာနီက ခပ်လောလော ဝေ့ကြည့်လိုက်သည်။ အသက်အာမခံကုမ္ပဏီ တစ်ခုတည်းမှ ဝယ်ထားသည့် အာမခံပေါ်လစီနှစ်ခု။ သူ ပျောက်မသွားမီ ရှစ်လခန့်က ဝယ်ထားသည့်စာချုပ်။ ခံစားခွင့်ကို ထရူဒီတစ်ဦးတည်းအား ပေးထားသည်။

ထရူဒီက သူ လုံးဝ မသိရပါဟု ဆိုသည်။

သူ အထိတ်တလန့်ဖြစ်သွားပုံကို ကြည့်ပြီး ဟုတ်လောက်သည်ဟု မိုက်ထရာနီ ယုံလိုက်၏။ အသုဘကို ထရူဒီ ဣန္ဒြေရရ ပို့နိုင်ခဲ့သည်။ အလွန်အမင်း ငိုကြွေးခြင်း မရှိ။ အသုဘပြီးလို့ လေးပတ်အတွင်း ဒေါ်လာနှစ်သန်းခွဲ သူ ထုတ်ယူနိုင်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်တစ်ပတ်အကြာတွင် တန်ဖိုးအကြီးဆုံး ရိုးလ်ရွိုက်စ်ကားကြီး ဝယ်ပြီး ဘီလိုစီမြို့ထဲတွင် ထရူဒီ လျှောက်မောင်းနေပြီ။ မြို့ခံတွေ သူ့ကို သိပ်မကြည်ကြတော့။ မကြာခင် သန်းကိုးဆယ်ပျောက်ဆုံးမှုကြီး လေထဲတွင် ပျံ့လွင့်သွားသည်။ နောက်မကြာခင် ကောလာဟလတွေ အမျိုးမျိုး ထွက်လာတော့သည်။

ထရူဒီတစ်ယောက် မုဆိုးမစစ်၊ မစစ် တီးတိုးဝေဖန်သံတွေ လှိုင်လာသည်။ ဤတွင် ထရူဒီက သမီးကလေးနှင့် ငယ်ချစ်ဟောင်း လန့်စ်ကို ကားပေါ်တင်ကာ မိုဘိုင်းလ်သို့ မောင်းပြေးလာခဲ့သည်။ ပွိုင့်ကလီးယားတွင် လုပ ခံ့ညားသည့် အိမ်ကြီးတစ်လုံး ဝယ်လိုက်သည်။ မိုဘိုင်းလ်ပင်လယ်ကွေ့ကို ဆီးမြင်နေရသည့် ရောမအိမ်ကြီး။ လန့်စ်၏ နာမည်နှင့် ဝယ်လိုက်ခြင်း ဖြစ်၏။

လန့်စ်နှင့် ထရူဒီက ဆယ့်လေးနှစ်အရွယ်ကတည်းက ချစ်ခဲ့ကြသည့် ငယ်ချစ်ဟောင်းတွေ။ လန့်စ်က အားကောင်းမောင်းသန် ခပ်ထန်ထန်လူစား။ ဆယ့်ကိုးနှစ်သားအရွယ်တွင် ဆေးခြောက်မှောင်ခို ခိုးသွင်းမှုနှင့် ထောင်သုံးနှစ်ကျသွားသည်။ ထရူဒီက တက္ကသိုလ်ဆက်တက်သည်။ ကျောင်းတွင် နာမည်ကြီး အလှပဂေး။ ဂုဏ်ထူးများစွာနှင့် ဘွဲ့ရခဲ့သည်။

လူချမ်းသာအသိုင်းအဝိုင်းက အမျိုးသားကလေးတစ်ယောက်နှင့် အိမ်ထောင်ကျပြီးနှစ်နှစ်အကြာတွင် တရားဝင် ကွာရှင်းခဲ့ကြသည်။ တစ်ကိုယ်တည်းဘဝဖြင့် နှစ်အတန်ကြာနေပြီးမှ အလွန်အလားအလာရှိသည့် ရှေ့နေကလေး ပက်ထရစ်နှင့် လက်ထပ်လိုက်ကြသည်။ သမီးရည်းစားဘဝဖြင့် အကြာကြီးနေပြီးမှ ကမန်းကတန်း လက်ထပ်လိုက်ကြခြင်း ဖြစ်၏။ အိမ်ထောင်နှစ်ခါကျပြီးသော်လည်း လန့်စ်နှင့် ဘယ်တုန်းကမျှ အဆက်မပြတ်။ လန့်စ်ကို လက်တစ်ကမ်းတွင်ထားပြီး အိမ်ထောင်ရှင်ဘဝကို ခံယူထားခြင်း ဖြစ်၏။

လန့်စ်က ဆေးသမား၊ အလိုရမ္မက်ကြီးသူ။ လန့်စ်နှင့် ဘယ်တော့မှ မပြတ်နိုင်ကြောင်း ဆယ့်လေးနှစ်သမီးအရွယ်ကတည်းက ထရူဒီ သိနေခဲ့သည်။

◆

လန့်စ်က တံခါးဖွင့်ပေးသည်။ အင်္ကျီရင်ဘတ်ဟပြဲနှင့်။ အနက်ရောင်ဆံပင်ရှည်ရှည်တွေကို နောက်တွင် စုချည်ထားသည်။ ဘယ်ဘက်နားရွက်တွင် ဧရာမ

mgyoe.com

m g y o e . c o m


နားကွင်းကြီးနှင့်။ ကာတာကို ဘာတစ်ခွန်းမျှ မပြောဘဲ မထီလေးစားပုံစံဖြင့် စွေကြည့်နေသည်။

အက်ဖ်ဘီအိုင်ကတ်ပြားကို ဝေ့ပြပြီး 'ထရူဒီ ရှိလား' မေးတော့ သူ လန့်သွားသည်။

"အက်ဖ်ဘီအိုင် စုံထောက်ကာတာလို့ ပြောလိုက်။ သူနဲ့ငါ စကား ပြောဖူးတယ်"

လန့်စ်က မက်ဆီကိုမှ ဆေးခြောက်တွေ ခိုးသွင်းထားသည်။ ထရူဒီ ပိုက်ဆံတွေနှင့် ရင်းနှီးမြှုပ်နှံနေခြင်း ဖြစ်သည်။ မိုဘိုင်းလ်မြေအောက်ဂိုဏ်း တစ်ခုကို ရောင်းထား၏။ သို့သော် မူးယစ်တားဆီးရေး ရဲတွေကြောင့် အလုပ် သိပ်မဖြစ်။

"ဘာကိစ္စလဲဗျ၊ သူ အားကစားခန်းထဲမှာ လေ့ကျင့်ခန်းလုပ်နေ တယ်"

ကာတာက ဘာမျှ ဆက်မပြောတော့ဘဲ သီချင်းသံ၊ တီးလုံးသံတွေ ဆူညံနေသည့် ကားရုံနံဘေးမှ အခန်းတစ်ခန်းဆီသို့ လျှောက်သွားသည်။ လန့်စ်က နောက်မှ လိုက်လာ၏။

ရောမဖန်သားပြင်ကြီးတွင် စူပါမော်ဒယ်လ်တစ်ယောက်လို အေရိုး ဗစ်လေ့ကျင့်ခန်းကို စည်းချက်ကျကျ ကစားနေသည့် ထရူဒီကို တွေ့ရသည်။ စိတ်ပါလက်ပါ ဝဲပျံကခုန်နေခြင်းဖြစ်သည်။ အဝါရောင် ကိုယ်ကျပ်အားကစား ဝတ်စုံနှင့်။ ရွှေရောင်ဆံပင်က လွင့်နေ၏။ သူ့ကိုယ်ပေါ်တွင် အဆီဆို၍ တစ်အောင်စမျှ ရှိမည်မထင်။ နာရီပေါင်းများစွာ ကာတာ ထိုင်ကြည့်နေနိုင်မည် ထင်၏။

လန့်စ်က ခလုတ်တစ်ခုကို ပိတ်လိုက်တော့ ဗွီဒီယိုခွေ ရပ်သွားသည်။ ချာခနဲ လှည့်ကြည့်သည်။ ဒေါသအမျက် ခြောင်းခြောင်းထွက်နေသည့် မျက်လုံး များဖြင့်။

"ဘာလုပ်တာလဲ" ဟု လန့်စ်ကို လှမ်းဟောက်သည်။

ကာတာက ကတ်ပြားကို ထောင်ပြရင်း သူ့ဆီလျှောက်သွားပြီး-

"အက်ဖ်ဘီအိုင်က အထူးထောက်လှမ်းရေး ကာတာပါ၊ တစ်ခါ တုန်းက ကျွန်တော်တို့ စကားပြောဖူးတယ်လေ"

m g y o e . c o m

mgyoe.com

မျက်နှာသုတ်ပဝါကြီး ဆွဲခြုံရင်း–

"ဆို… ကျွန်မ ဘာလုပ်ပေးရမလဲ"

"ခင်ဗျား အံ့သြသွားမယ့်သတင်းတစ်ခုပြောဖို့လာခဲ့တာပါ"

ကာတာက ခပ်ပြုံးပြုံး ပြောလိုက်သည်။

"ဘာသတင်းလဲ"

"ခင်ဗျားယောကျ်ားကို ကျွန်တော်တို့ ပြန်တွေ့ပြီ မစ္စက်လန်နီဂန်၊ အရှင်လတ်လတ်ကြီး ပြန်တွေ့တာဗျား"

ကာတာက ခပ်ပြုံးပြုံး ပြောလိုက်သည်။

"ဘာ… ပက်ထရစ်ကို"

ထရူဒီ ကြက်သေ သေနေသည်။

"အလကား၊ ဒီလူ ပေါက်တတ်ကရတွေ လာပြောနေတာ"

"သူ့ကို မိထားပြီးပြီ၊ ပူဝါတိုရီကိုမှာ ထားတယ်၊ တို့ ရထားတာ တစ်ပတ်လောက်ရှိပြီ၊ သတင်းစာရှင်းလင်းပွဲမလုပ်ခင် သိရအောင် ကျုပ်က သတင်းကောင်း လာပေးတာပါဗျာ"

အလေးမစက် နံဘေးမှ ခုံတန်းလျားတစ်ခုဆီသို့ ထရူဒီလျှောက်သွားသည်။ သူ့ခြေလှမ်းတွေ သိပ်မမှန်တော့။ ချွေးတွေနှင့် ညိုမောင်းပြောင်လက်နေသော သူ့အသားအရေမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ပြီးတော့ တိုးတိုး ညည်းသည်။

"အို… ဘုရားသခင်"

ကာတာက သူ့နာမည်ကတ်ပြားကို သူတို့ရှေ့တွင် ပစ်ချခဲ့ပြီး–

"အကူအညီလိုရင် ဆက်သွယ်ပေါ့ ဟုတ်လား"ဟုပြောပြီး ထွက်လာခဲ့သည်။ သူတို့နှစ်ယောက်စလုံး ဘာမျှ မပြောတော့။

အမျိုးသမီးကိုကြည့်ရသည်မှာ ယောကျ်ား၏အလိမ်ခံရသဖြင့် ဒေါသဖြစ်ပုံလည်း မရ။ မသေဘဲ ပြန်လာသည့်အတွက်လည်း စဉ်းငယ်မျှ ပျော်ပုံမရ။ အဖြစ်ဆိုးကြီးတစ်ခု ဆုံးခန်းတိုင်သွားသလို ရင်ထဲ ပေါ့သွားပုံလည်းမရ။

ရထားသည့်ငွေတွေ ပြန်အသိမ်းခံရမည်ကို စိုးရိမ်စိတ်မှလွဲပြီး ထရူဒီ ဘာမျှ မသိ။ အသက်အာမခံကုမ္ပဏီက တရားပြန်စွဲတော့မည် မဟုတ်လား။

◆

mgyoe.com

mgyoe.com SAMPLE BOOK


ဂျက်စတက်ဖာနိုကို အက်ဖ်ဘီအိုင်က သူ့ဝါရှင်တန်ရုံးခန်းထဲတွင် ဖမ်းဆီးလိုက်ကြသည်။ ထောင်ထဲတွင် နာရီဝက်သာနေခဲ့ရပြီး အက်ဖ်ဘီအိုင်ရုံးချုပ်သို့ သူ့ကို ပြန်ခေါ်လာခဲ့ကြသည်။ ကိုယ့်ကိုယ်ကိုယ် အာမခံငွေဖြင့် လွှတ်ပေးမည့်အကြောင်း၊ သို့သော် သူ့ကို အချိန်ပြည့် စောင့်ကြည့်နေမည့်အကြောင်း သက်ဆိုင်ရာ အရာရှိများက ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

တစ်ပြိုင်တည်းတွင် အက်ဖ်ဘီအိုင်တစ်အုပ်ကြီးက သူ့ရုံးခန်းသို့ ရောက်သွားပြီး ရုံးဝန်ထမ်းတွေကို အိမ်ပြန်လွှတ်လိုက်သည်။ ရှိရှိသမျှ စာရွက်စာတမ်း အားလုံး သိမ်းလိုက်သည်။

သူ့ကိုပြန်လွှတ်လိုက်တော့ စတက်ဖာနိုက ပင်ဆီလ်ဗေးနီးယားရိပ်သာ ဟူးဗားအဆောက်အအုံသို့ တန်းသွားသည်။ ဂျေးနက်စ်က သူ့ကို စောင့်နေ၏။ ဂျေးနက်စ်၏ ရုံးခန်းထဲတွင် သူတစ်ယောက်တည်း ရှိနေ၏။ ဒုတိယညွှန်မှူးက ဖမ်းဆီးရသည့်အတွက် မဆိုစလောက် တောင်းပန်စကားဆိုသည်။

"ဒါလောက်တော့ လုပ်ရမယ်လေ၊ အမေရိကန်ပြည်ထောင်စုက လိုချင်နေတဲ့ တရားခံပြေးကို ဆေးထိုးပြီး သေကောင်းပေါင်းလဲ နှိပ်စက်ထားတာလေ၊ ဘာစွဲချက်မှ မရှိဘဲ ခင်ဗျားတို့ လုပ်ခဲ့တာလေ"

အဓိက က ငွေ၊ ဖမ်းဆီးသည်က အလုပ်သဘောအရမျှသာ။ ပက်ထရစ်ဆီက ဘာတစ်ခုမျှ မသိရကြောင်း စတက်ဖာနို အခိုင်အမာ ပြောသည်။

သူတို့နှစ်ယောက် ဆွေးနွေးနေချိန်တွင် စတက်ဖာနို၏ ရုံးခန်းကို ချိပ်ပိတ်လိုက်ကြပြီ။ အက်ဖ်ဘီအိုင်က ပိတ်ခြင်းဖြစ်ကြောင်း ပြတင်းပေါက်တွင် စာတွေ ကပ်လိုက်ကြသည်။ အိမ်ဖုန်းကိုလည်း ဖြတ်ပြီး နားထောင်ဖို့၊ အသံသွင်းထားဖို့ စီစဉ်လိုက်ကြသည်။ ဖဲကစားနေသည့် မစ္စက်စတက်ဖာနို ဘာမျှ မသိ။

ဂျေးနက်စ်နှင့် ဘာမျှ မရေရာသည့် ဆွေးနွေးပွဲပြီးသည်နှင့် တက္ကစီတစ်စီးခေါ်ပြီး ဟေးအဒမ်ဟိုတယ်သို့ တန်းမောင်းခိုင်းသည်။ လေးထပ်တွင် အခန်းကြီးတစ်ခန်း ယူလိုက်သည်။ အိမ်ဖြူတော်ကို လှမ်းမြင်ရသည့် အခန်းကြီး။ နေ့လယ်စာ လှမ်းမှာပြီး အိမ်ကို ဆက်ကြည့်သည်။ ဘယ်သူမျှ ဖုန်းမကိုင်။

mgyoe.com

mgyoe.com


ပြီးတော့ ဘန်နီအာရီးစီးယားဆီ ဖုန်းဆက်သည်။ အာရီးစီးယားမှာ သူ့ကို ငှားရမ်းထားသည့် အမှုသည် ဖြစ်သည်။ နက်ဆူးဘဏ်ကို ရောက်ရောက်ချင်း ပျောက်သွားသည့် ဒေါ်လာသန်းကိုးဆယ်ပိုင်ရှင် ဖြစ်သည်။ ထိုအထဲမှ သန်းသုံးဆယ်က ရှေ့နေတွေကို ပေးရမည့်ပိုက်ဆံ။ ဘိုဂန်၊ မိုက်ထရာနီနှင့် အပေါင်းပါ ဘီလိုစီ လေိမ်ကောက်တွေ။

နောက်တစ်နာရီအကြာတွင် လေးရာသီဟိုတယ်၌ သူတို့နှစ်ယောက် ဆုံကြသည်။ အာရီးစီးယားက သည်ဟိုတယ်တွင် မိသားစုအခန်းကြီး တစ်ပတ်စာ ငှားထားသည်။

ဘန်နီအာရီးစီးယားမှာ ခြောက်ဆယ်နီးနေပြီ။ သို့သော် ငါးဆယ်လောက်ပဲ ထင်ရ၏။ လူက ပိန်ပိန်ပါးပါး။ အသားက ကြေးညိုရောင်။ တစ်ရက်မျှ ဂေါက်သီးရိုက်မပျက်သည့် ဖလော်ရီဒါတောင်ပိုင်းသား သူဌေးကြီး ဖြစ်သည်။ သူက ကွန်ဒိုတစ်ခုတွင် သူ့သမီးအရွယ် ဆွီဒင်သူလေးနှင့် အတူနေသူ ဖြစ်၏။

ငွေတွေပျောက်သွားသည့် အချိန်တွင် သူတို့ အကျိုးဆောင် ဥပဒေအဖွဲ့၏ အာမခံပေါ်လစီထားရှိငွေမှာ ဒေါ်လာလေးသန်း ဖြစ်သည်။ အစုဝင်ရှေ့နေများ၊ အလုပ်သမားများ၏ လိမ်လည်မှုအတွက် ထားရှိသည့် အာမခံငွေ ဖြစ်သည်။ အာမခံကုမ္ပဏီက မိုးနတ်ဆီယာရာ။ အာရီးစီးယားက သူတို့ အကျိုးဆောင်အဖွဲ့ကို လက်စားချေတော့သည်။ ဒေါ်လာ သန်းခြောက်ဆယ် လျော်ကြေးရလိုမှုဖြင့် တရားစွဲလိုက်၏။

တခြား ဘာမျှရစရာမရှိသဖြင့် ကုမ္ပဏီ၏ အာမခံပေါ်လစီ ဒေါ်လာလေးသန်းဖြင့်သာ ဘန်နီ လောလောဆယ်ကျေနပ်လိုက်ရတော့သည်။ တစ်ဝက်နီးပါးကို ပက်ထရစ်ရှာပုံတော်အတွက် သုံးလိုက်၏။ အခြား ဟိုသုံးသည်သုံးဖြင့် သူ့တွင် နောက်ဆုံးတစ်သန်းသာ ကျန်တော့သည်။ သူက ကဖင်းထုတ်ပြီးသား ကော်ဖီကိုတစ်ငုံချင်းသောက်ရင်း ပြတင်းပေါက်နားတွင် ရပ်နေရာမှ မေးသည်။

"သူတို့ ငါ့ကို ဖမ်းကြမှာလား"

"မဖမ်းလောက်ပါဘူး၊ ကျွန်တော်က ခင်ဗျားကို ကန့်လန့်ကာနောက်ကွယ်မှာပဲ ထားတာလေ"

mgyoe.com

mgyoe.com
SAMPLE BOOK


"အာမခံကုမ္ပဏီတွေနဲ့ မောင်ရင် စကားပြောပြီးပြီလား"

"မပြောရသေးဘူး၊ နောက်မှပြောမယ်၊ အဲဒီကိစ္စ မပူပါနဲ့ ဘန်နီ"

မြောက်ပိုင်း အကျိုးတူအာမခံကုမ္ပဏီမှာ ထရူဒီကို သူဌေးမကလေး ဖြစ်အောင် လုပ်ပေးလိုက်သည့်ကုမ္ပဏီ ဖြစ်သည်။ သူတို့ကလည်း ပက်ထရစ် ကို ရှာဖို့ ဒေါ်လာသန်းဝက် ကုန်ခံဖို့ လျာထားသည်။ မိုးနတ်ဆီယာရာက တစ်သန်း အကုန်ခံသည်။ ဤသို့ဖြင့် စတက်ဖာနီ၏ လုပ်ငန်းကလေးတွင် အမဲလိုက်ခန်းအတွက် ဒေါ်လာသုံးသန်းခွဲ သုံးနိုင်သွားသည်။

"ဟိုကောင်မလေးသတင်း ဘာထပ်ကြားသေးလဲ"

အာရီးစီးယားက မေးလိုက်သည်။

"မကြားသေးဘူး၊ ရီယိုမှာရှိတဲ့ ကျွန်တော့်လူတွေ သူ့အဖေကို မေးပြီး ပြီ၊ အဘိုးကြီးက သူ့သမီး အလုပ်တာဝန်နဲ့ ခရီးထွက်သွားတယ်ဆိုတာပဲ သိတယ်၊ ကောင်မလေးနဲ့ အလုပ်လုပ်တဲ့ ရှေ့နေတွေကလည်း ဒီအတိုင်းပဲ ပြောကြတယ်"

အာရီးစီးယားက လက်ပိုက်လိုက်ပြီး-

"သူ ဘာတွေ ပြောတယ်ဆိုတာ အတိအကျ ငါ သိချင်တယ်"

"တိပ်ခွေကို ကျွန်တော် နားမထောင်ရသေးဘူး၊ ရိုင်း ပြောတော့ ငါးနာရီ 'ရှော့' ရိုက်ပြီးမှ စကားပြောလာတာတဲ့၊ ငွေတွေကို ဘဏ်တွေမှာ ခွဲထားတာတဲ့၊ ဘယ်ဘဏ်တွေဆိုတာ သူ မသိဘူး၊ အဲဒီမှာ ရိုင်းက တွက်တာ၊ နောက်ကွယ်မှာ တစ်ယောက်ယောက်က သူ့ကိုယ်စား လုပ်ပေးနေတဲ့လူ ရှိပြီလို့၊ သူတွက်တာ မမှားဘူး၊ နောက်ထပ်တစ်ဆင့်တင်ပြီး ပြုစုလိုက်တော့ မှ ကောင်မလေးနာမည်ကို ရတာ"

"အဲဒီ တိပ်ခွေကို ငါ နားထောင်ချင်တယ်"

"တော်တော် ရက်ရက်စက်စက် လုပ်ထားတာ ဘန်နီ၊ နောက်ဆုံး အသက်ချမ်းသာပေးဖို့ အော်ဟစ်ပြီး တောင်းပန်တယ်တဲ့"

ဘန်နီ ပြုံးလိုက်သည်။

"အဲဒါကို ငါ နားထောင်ချင်တာလေ"

◆

mgyoe.com

mgyoe.com

SAMPLE BOOK


သူတို့က ပက်ထရစ်ကို အထူးခန်းထဲ ပို့ထားလိုက်ကြသည်။ သည်ဆေးရုံတွင် သည်အခန်းမျိုး တစ်ခန်းသာရှိသည်။ တံခါးမကြီးကို အပြင်ဘက်မှ သော့ခတ်လို့ရသည်။ ပြတင်းပေါက်တွေက ဖွင့်မရ။ အပြင်တွင် စစ်သားအစောင့်နှစ်ယောက် ချထားသည်။ ပက်ထရစ် ဘယ်မှ မသွားနိုင်ပါ။ သူ့ကိုယ်တွင်းသို့ သူတို့လွှတ်ပေးသည့် ဓာတ်အားကြောင့် တစ်ကိုယ်လုံး ထောင်းထောင်းကြေနေပြီ။ အရိုးအဆစ်တွေပင် ပျော့ခွေနေပြီထင်၏။ လျှပ်စစ်ထိသည့် အသားတစ်ဝိုက် တစ်သျှူးများအားလုံး ပျက်စီးကုန်ပြီ။ နာကျင်သည့်ဝေဒနာကို ဘာနှင့်မျှ ယှဉ်မပြနိုင်။ ဆရာဝန်တွေက သူ့ကို အိပ်ဆေးတွေသာ တောက်လျှောက် ပေးထားကြသည်။ အခန်းကို မှောင်ချပြီး ဂီတသံ တိုးတိုးကလေး ဖွင့်ပေးထားသည်။ ဘိန်းဖြူနှင့် မှိန်းသလို ပက်ထရစ်တစ်ယောက် ငြိမ့်ငြိမ့်ကလေး မှိန်းနေ၏။ အပြင်တွင် ဘာတွေ ဖြစ်နေသည်ကို သူ ဘာမျှ မသိ။

◆

**၁၉၉၂ ခုနှစ်၊ ဩဂုတ်လ**

ဘီလိုစီအက်ဖ်ဘီအိုင်က ပျောက်ဆုံးသွားသည့်ငွေတွေ ခိုးမှုဖြင့် ပက်ထရစ်ကို တရားစွဲသည်။ အက်ဖ်ဘီအိုင်က တရားဥပဒေလမ်းကြောင်းအတိုင်း သွားနေကြောင်း ကမ္ဘာကိုပြသလိုက်သကဲ့သို့ရှိ၏။ ဟာရစ်ဆင်မြို့နယ်ရဲမှူးနှင့် ခရိုင်တရားရေးဌာန ပူးပေါင်းပြီး အမှုကို စုံစမ်းစစ်ဆေးသည်။ လူသတ်မှုနောက်ကို စလိုက်သည်။ သို့သော် အားလုံးစိတ်ဝင်စားနေသည်က ပျောက်ဆုံးနေသည့် ငွေတွေ။

ကာတာ၏ ရုံးခန်းထဲတွင် ပြင်ဆင်နေသည်နှင့် နေ့လယ်သတင်းစာရှင်းလင်းပွဲမှာ အချိန်ဖင့်နေသည်။ ရုံးခန်းထဲတွင် တာဝန်ရှိသူတွေ အားလုံးစုံနေပြီ။ ကာတာနှင့်ယှဉ်၍ အက်ဖ်ဘီအိုင်တစ်ယောက် ထိုင်နေသည်။ သူတို့နှစ်ယောက် နာခံရမည့်သူက သူတို့နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသည့် မစ္စစ္စပီ အနောက်ပိုင်းခရိုင်မှ အမေရိကန်ပြည်ထောင်စု ရှေ့နေကြီး မောရစ်မတ်စ်။ စားပွဲထိပ်တွင် ရေမွန်ဆွိနီ။ သူက ဟာရစ်ဆက်မြို့နယ်ရဲ။ ပြီးတော့ သူ့ညာလက်ရုံး တက်ဂရင်းလေရှော။ သူတို့နှစ်ယောက်က အက်ဖ်ဘီအိုင်တွေကို ကြည့်မရသူတွေ။ သူတို့၏ ပြောရေးဆိုခွင့်ရှိသူက တယ်ရီပဲရစ်ရှ်။ သူက ဥပဒေအရာရှိ။ ခရိုင်အစိုးရရှေ့နေ။

mgyoe.com

mgyoe.com  SAMPLE BOOK 

အမှုမှာ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရ ရင်ဆိုင်ရမည့်ပုံစံမျိုး ဖြစ်နေသည်။ တစ်ဖက်က ဘတ်ဂျက်တောင့်တင်းသလောက် တစ်ဖက်က အားနည်းသည်။ အားလုံး အတွက်ကိုယ်စီဖြင့်။ သို့သော် နှစ်ဖက်စလုံးက ပက်ထရစ် အမှုကို အပိုင်ကိုင်ချင်နေကြသည်။ ခရိုင်ဥပဒေအရာရှိ ပဲရစ်ရှ်က စကားစသည်။

"သေဒဏ်က ဒီပြည်နယ်မှာ သိပ်အရေးကြီးတယ်"

သည်ပြည်နယ်က သေဒဏ်ပေးသည့်နေရာတွင် နာမည်ကြီး ပြည်နယ်။ ကြိုးစင်သို့ ပဲရစ်ရှ်ပို့ခဲ့သည့် တရားခံ ရှစ်ယောက် ရှိပြီ။

သူ စကားဆက်သည်။

"သူ့ကို ခပ်ဆိုးဆိုး ပါ့ချ်မန်းထောင်မှာ မြက်မြက်ကလေးခံရအောင် လုပ်ရမယ်၊ ပြည်ထောင်စုထောင်တွေမှာဆိုရင် ပျော်ပွဲစားထွက်သလောက် နေမှာ"

"သူ့အတွက် အကြောင်းထူးမယ် မထင်ဘူး"

ပြည်ထောင်စုအစိုးရရှေ့နေကြီး မောရစ်မတ်စ်၏ မှတ်ချက်။

"ဒီမယ် မောရစ်၊ ပြဿနာက နှစ်ခု ဖြစ်နေတယ်၊ မေးခွန်းနှစ်ခုရဲ့ အဖြေကို ရှာရလိမ့်မယ်၊ အကြီးဆုံးမေးခွန်းက ငွေကိစ္စ၊ ငွေတွေ ဘယ်မှာ လဲ၊ နောက်တစ်ခုက သင်္ဂြိုဟ်လိုက်တဲ့အလောင်း ဘယ်သူ့အလောင်းလဲ။ အဲဒီမေးခွန်းနှစ်ခုစလုံးကို ဖြေနိုင်မယ့်လူက လန်နီဂန်ပဲ၊ သူ့ကို အလန့်တကြား ဖြစ်အောင် မလုပ်နိုင်ရင် သူ ဘယ်တော့မှ ပြောမှာမဟုတ်ဘူး မောရစ်၊ ဒါကြောင့် ပါ့ချ်မန်းထောင်ကို ပို့ရမယ်၊ အဲဒီထောင်က တစ်နေ့ နှစ်ကြိမ်ပဲ ကျွေးတယ်၊ ဝက်စာသာသာ ကျွေးတာ၊ တစ်ပတ်ကို ရေ နှစ်ခါပဲ ချိုးရတယ်၊ ပိုးဟပ်တွေ၊ မုဒိမ်းသမားတွေအများဆုံး ထောင်လေ၊ အဆိုးဆုံး၊ ကြောက်စရာ အကောင်းဆုံး ထောင်ပေါ့၊ ကျွန်တော် ကတိပေးတယ်၊ အဲဒီရောက်ရင် သူ ပွင့်ထွက်လာစေရမယ်"

မောရစ်မတ်စ်က သူပြောတာကို ယုံပါသည်။ သို့သော် လွယ်လွယ် သဘောတူ၍မဖြစ်။ ပြည်နယ်သားတွေ မကိုင်တွယ်နိုင်သည့် အမှုမျိုးဖြစ်နေသည်။

"စဉ်းစားစရာ ရှိတယ်ကွ၊ ခိုးမှုက ဟိုးကမ်းလွန်ဒေသမှာ ဖွင့်ထား တာ၊ အဝေးကြီးရယ်၊ ပြီးတော့ ရိုးရိုးအသေးအဖွဲ ခိုးမှုမျိုး မဟုတ်ဘူး"

"အဲဒီတော့"

"တို့ပူးပေါင်းပြီး လုပ်ကြရမှာပဲ"

mgyoe.com

mgyoe.com

ပြည်ထောင်စုရှေ့နေကြီးက သည်လေသံထွက်လာတော့ ပြည်နယ်ဘက်က လူတွေ ဝမ်းသာသွားကြသည်။ ပဲရစ်ရှိ မျှော်လင့်နေသည်မှာလည်း ဒါပဲဖြစ်သည်။ ပ၃်ချမ်းထောင်အကြောင်း သူတို့အားလုံးသိသည်။ တစ်သက်တစ်ကျွန်းကျပြီး မသေခင် နေရမည့်ဘဝကိုသိလျှင် လန်နီဂန် စကားပြောလာမည်မှာမုချ ဖြစ်ပါသည်။ တာဝန်တွေ ခွဲလိုက်ကြသည်။

အက်ဖ်ဘီအိုင်က ငွေတွေနောက်ကို ဆက်လိုက်။ ပြည်နယ်ပိုင်းက လူသတ်မှုကို ဆက်စုံစမ်း။ ပဲရစ်ရှိက ဂျူရီအစည်းအဝေး အမြန်ဆုံးခေါ်မည်။ ပြည်ထောင်စုနှင့်ပြည်နယ်ပေါင်းပြီး သည်အမှုကို ကိုင်နေပြီဖြစ်ကြောင်း ကြေညာမည်။

◆

ဘီလိုစီတရားရုံးတွင် လူတွေ ကြိတ်ကြိတ်တိုးနေသည်။ သတင်းထောက်တွေကလည်း အလုအယက်။ မော်ရစ်မက်စ်နှင့် ပဲရစ်ရှိတို့နှစ်ယောက် မျက်နှာမသာမယာနှင့်ဝင်လာပြီး မိုက်ခရိုဖုန်းတွေ ထောင်ထားသည့် စင်မြင့်ဆီသို့လျှောက်သွားကြသည်။ ကာတာနှင့် ရဲတွေက သူတို့နောက်မှ တံတိုင်းလိုကာပြီး လိုက်သွားကြသည်။ မီးမောင်းကြီးတွေ ဘက်ပေါင်းစုံမှ ထိုးလိုက်သည်။ ကင်မရာမီးခွက်တွေ တဖျပ်ဖျပ်။

မောရစ်မတ်စ်က လည်ချောင်းရှင်းပြီး စကားစသည်။

"ဟိုတုန်းက ဘီလိုစီမှာနေခဲ့တဲ့ မစ္စတာပက်ထရစ်လန်နီဂန်ကို ကျွန်တော်တို့ ဖမ်းမိထားတဲ့အကြောင်း ဒီနေရာကနေပြီး ကျွန်တော်ကြေညာပါတယ်၊ သူ့ကို ကျန်းကျန်းမာမာနဲ့ ကျွန်တော်တို့ ထိန်းသိမ်းထားပါတယ်"

သူက ဟန်ပါပါ ခဏဆိုင်းထားပြီးမှ ဘရာဇီးတွင် လွန်ခဲ့သည့်နှစ်ရက်က ဖမ်းဆီးရမိပုံကို အသေးစိတ်ပြောပြသည်။ ပက်ထရစ်လန်နီဂန်ဖြစ်တယ်ဆိုတာ စစ်ဆေးအတည်ပြုပြီးဖြစ်ကြောင်းလည်း ထည့်ပြောသည်။ သို့သော် သည်ကိစ္စတွင် သူကိုယ်တိုင်နှင့် အက်ဖ်ဘီအိုင် ပတ်သက်မှု အကြောင်းတော့ လေသံမျှ မဟ။

ပဲရစ်ရှိက မတ်စ်လို သိုင်းသိုင်းဖွဲ့ဖွဲ့ မပြော။ တရားခံကို လူသတ်မှုအပြင် အခြားစွဲချက်များနှင့်ပါ ရုံးတင်ပြီး အမြန်ဆုံး တရားစွဲဆိုမည့်အကြောင်း

mgyoe.com

SAMPLE BOOK

တိုတိုတုတ်တုတ် ပြောသွားသည်။ မေးခွန်တွေ မြားပစ်သလို ဝင်လာသည်။ ရွှေနေကြီးနှစ်ယောက် တစ်နာရီခွဲခန့် ချွေးပြန်အောင်ဖြေသွားကြရသည်။

◆

ထရူဒီက ဆွေးနွေးရာတွင် လန့်စ်ပါ ပါရမည်ဟု တောင်းဆိုသည်။ သူ့အတွက် လိုအပ်သည်ဟု ထရူဒီက အကြောင်းပြသည်။ လန့်စ်က ကိုယ်ကျပ်ဂျင်းအင်္ကျီ၊ ဂျင်းဘောင်းဘီတို့နှင့် ပို၍ ကြည့်ကောင်းနေသည်။ ယောကျ်ားပီသသည့် သူ့ခြေသလုံးတွင် အမွေးအမှင်တွေ ထူထပ်စွာ ပေါက်နေ၏။ ထရူဒီကလည်း အနီရောင်ဘလောက်စ်ကျပ်ကျပ်၊ စကတ်တိုတိုနှင့် လှချင်တိုင်း လှနေ၏။ ပေါင်တစ်လုံးပေါ် တစ်လုံးထပ်ပြီး ထိုင်နေသဖြင့် ရွှေနေခမျာ မျက်စိမကစားဘဲ မနေနိုင်ရှာ ဖြစ်နေ၏။

တယ်လီဖုန်းထဲတွင် ရွှေနေနှင့် အကြမ်းဖျင်းပြောပြီးပြီ။ သူ့ဘက်မှ တရားဝင် ကွာရှင်းခွင့်တောင်းမည်။ ထရူဒီတစ်ယောက် ဒေါသကြီးနေသည်။ သူ ဘာလို့ ဒီလိုလုပ်ရတာလဲ။ သမီးကလေး အက်ရှ်လေနီကိုးလ်ရဲ့ မျက်နှာ ကိုမျှ မထောက်။ သူတို့နှစ်ယောက်စလုံး ဖူးဖူးမှုတ်ထားသည့် သမီးကလေး။ သမီးကလေးကလည်း အဖေမှ အဖေ။ ခုတော့–

"ကွာရှင်းဖို့က ပြဿနာ သိပ်မရှိပါဘူး"

ရွှေနေက ထပ်ပြောသည်။ သူ့နာမည်က မာရေးရစ်ဒဲလ်တန်။ ကွာရှင်းပြတ်စဲမှုတွင် နာမည်ကျော်ရွှေနေ။ လင်ကွာ မယားကွာ အမှုသည်တွေ ဝိုင်းဝိုင်းလည်နေသည့် ရွှေနေ။

"စွန့်ပစ်ထားမှုနဲ့ လျှောက်လဲရင် ရနိုင်ပါတယ်၊ ကွာရှင်းခွင့်လည်း ရမယ်၊ ပုံသေပိုင်ပစ္စည်းတွေလည်း ရမယ်၊ အားလုံး လက်ဝယ်ထိန်းသိမ်းခွင့်ရမယ်"

"အဲဒါ ဘယ်လောက် ကြာမလဲ"

"ရက်ကိုးဆယ်လောက်ကြာမယ်၊ ဘာမှ ခက်တဲ့ကိစ္စ မဟုတ်ဘူး"

ထရူဒီကလည်း သိသည်။ ကွာရှင်းခွင့်အတွက် သူ စိတ်မပူ။ ရွှေနေကလည်း ဒါကို သိနေသည်။ မေးခွန်းတစ်ခု မေးလိုက်၏။

"ခင်ဗျား အသက်အာမခံ ဘယ်လောက် ရထားသလဲ"

mgyoe.com

mgyoe.com

အသက်အာမခံဟူသည့် စကားလုံးကို ကြားလိုက်ကတည်းက ထရူဒီ ခေါင်းကြီးသွားသည်။ ဣန္ဒြေပျက်သွားသည်။

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

ရှေ့နေကို ပစ်ဟောက်လိုက်သည်။

"သူတို့က အဲဒီငွေ ပြန်ရအောင် လုပ်မှာလေ၊ ခင်ဗျားကို တရားစွဲမှာလေ၊ သူ မသေဘူး မဟုတ်လား၊ မသေရင် အသက်အာမခံ ဘယ်ရမလဲ"

လန့်စ်က သူ့ကုလားထိုင်တွင် စိတ်ပျက်လက်ပျက် ထိုင်နေသည်။ ထရူဒီ မျက်ရည်လည်လာသည်။ ရှေ့နေ စာရွက်လွှတ်တစ်ရွက် ဆွဲယူပြီး-

"ကဲ… ခင်ဗျားရဲ့ ပစ္စည်းစာရင်းကလေး လုပ်ကြည့်ကြရအောင်"

စီးနေသည့် ရိုးလ်စ်ရွိုက်စ်ကားကြီးက ဒေါ်လာ တစ်သိန်းသုံးသောင်း၊ လက်ဝယ် ရှိနေဆဲ။ လန့်စ်ကို ဝယ်ပေးထားသည့် ပူဂျိုက ဒေါ်လာရှစ်သောင်းငါးထောင်၊ အိမ်ကြီးဝယ်တဲ့ငွေပမာဏက ဒေါ်လာကိုးသန်း၊ အိမ်ကြီးက လန့်စ်၏ အမည်ပေါက်၊ သူ့အတွက် မူးယစ်ကုန်သွယ်မှုအတွက် ဝယ်ပေးထားသည့် သင်္ဘောတစ်စီးက ဒေါ်လာခြောက်သောင်း၊ လက်ဝတ်လက်စားတွေ ဝယ်လိုက်တာက ဒေါ်လာတစ်သိန်းဖိုး။

ရှေ့နေ ရေးချနေသည့် စာရင်း ဆုံးသွားသည်။ စုစုပေါင်း ဒေါ်လာ တစ်သန်းခွဲ။ ဒါတွေအားလုံး ပထမဆုံးအသိမ်းခံရမည့် ပစ္စည်းတွေဖြစ်ကြောင်းကိုတော့ ရှေ့နေက ထုတ်မပြောရက်ပေ။

သို့သော် သူတို့၏ လစဉ် အသုံးစရိတ်ခန့်မှန်းခြေကို မေးသည်။ ထရူဒီ အပြေးအလွှား တွက်ကြည့်သည်။ လွန်ခဲ့သည့် လေးနှစ်လုံးလုံး အနည်းဆုံး အိမ်စရိတ် တစ်လ ဒေါ်လာတစ်သောင်းတော့ရှိမည်။ ပထမတန်းစား ခရီးတွေကို ငယ်ချစ်ဟောင်းနှင့် လပေါင်းများစွာ ထွက်လိုက်ကြသေးသည်။ ငွေတွေကို ရေလိုသုံးပြီး အပျော်ကြူးခဲ့ကြသည်။ ဘယ်လိုလုပ်ပြီး အသက်အာမခံကုမ္ပဏီက သည်ငွေတွေ ပြန်ရနိုင်တော့မှာလဲ။

ထရူဒီက အလုပ်မရှိ။ သူ့စကားနှင့် ပြောရလျှင်တော့ အငြိမ်းစားပေါ့။ လန့်စ်၏ အလုပ်အကိုင်က မူးယစ်ဆေးဝါးမှောင်ခို။ ဘယ်လိုမှ လူတောထဲ ချပြောလို့ မဖြစ်သည့် အသက်မွေးဝမ်းကျောင်းမှု။

"သူတို့ ဘယ်တော့လောက် တရားစွဲမယ် ထင်သလဲ"

နောက်ဆုံးတွင် ထရူဒီက မေးလိုက်သည်။ ရှေ့နေက ဖြေသည်။

mgyoe.com

 SAMPLE BOOK 

"ဒီတစ်ပတ်အတွင်း သူတို့ အလုပ်စလိမ့်မယ်"

တကယ့်အဖြစ်အပျက်က ရှေ့နေ မှန်းသည်ထက် ပိုမြန်သည်။ တရားရုံး သတင်းစာရှင်းလင်းပွဲတွင် ပက်ထရစ်ကို ဖမ်းမိကြောင်း ကြားလျှင်ကြားချင်း 'မြောက်ပိုင်းအကျိုးတူ' အသက်အာမခံကုမ္ပဏီက တရားရုံးအောက်ထပ် ရှေ့ဖတ်စာရေး ရုံးခန်းသို့ ဆင်းလာပြီး ထရူဒီကို တရားစွဲတော့သည်။ သူ ထုတ်ယူသွားသည့် ဒေါ်လာ နှစ်သန်းခွဲအပြင် အတိုးနှင့် ရှေ့နေခ၊ ရုံးစရိတ်များပါ ပေးဆောင်ရန် တောင်းဆိုတော့သည်။ ထရူဒီအနေဖြင့် မည်သည့် ပုံသေပိုင်ပစ္စည်းကိုမျှ ရွှေ့ပြောင်းခြင်း၊ ရောင်းချခြင်းမပြုရန်လည်း တားမြစ်လိုက်သည်။ သူက မုဆိုးမတစ်ဦး မဟုတ်တော့ဘူးလေ။ ထရူဒီနှင့် လန့်စ်တို့က သူတို့ရှေ့နေနှင့် တိုင်ပင်ပြီး တရားသူကြီးတစ်ဦး၏ ဆိုင်းငံ့မိန့် ရအောင် လုပ်လိုက်ကြသည်။ ယင်းအမိန့်စာမိတ္တူကို မိုဘိုင်းလ်မြို့နယ် တရားရုံးမှ ရှေ့ဖတ်စာရေးဆီသို့ ပို့ပေးလိုက်သည်။ နောက်နှစ်နာရီအကြာတွင် အိမ်ကြီး၏ ဆင်ဝင်အောက်တွင် ထိုင်ပြီး သူတို့စုံတွဲ ပထမဆုံး ယမကာဝိုင်းဖွဲ့ကြသည်။ မိုဘိုင်းလ်ပင်လယ်အော်ကြီးကို စိတ်ပျက်လက်ပျက် ငေးကြည့်နေကြ၏။ ထိုအချိန်တွင် သူတို့လက်ထဲသို့ မြောက်ပိုင်း အကျိုးတူကုမ္ပဏီမှ တရားစွဲစာချွန်လွှာ ရောက်နေပြီ ဖြစ်သည်။ စာချွန်လွှာနှင့် ဘီလိုစီရုံးတော်တွင် လာရောက်အစစ်ခံဖို့ သမ္မန်စာလည်း ပါလာ၏။ ယင်းတို့နှင့်အတူ ဆိုင်းငံ့အမိန့်စာမိတ္တူအပြင် တရားရုံးမှ အမိန့်တစ်စုံတစ်ရာ မရမချင်း ချက်လက်မှတ်တစ်စောင်တလေမျှ ရေးခွင့် မရှိတော့ကြောင်း အမိန့်စာလည်း ပါလာသည်။

◆

ရှေ့နေ အေသန်ရက်ပလေက သူ့အထပ်ခိုးကလေးပေါ်မှ ဆင်းလာပြီး ရေချိုးမုတ်ဆိတ်ရိတ်သည်။ ပြီးမှ ကော်ဖီပြင်းပြင်းတစ်ခွက်သောက်၍ မြို့ထဲသွားဖို့ ကုတ်အင်္ကျီ တစ်ပတ်နွမ်းတစ်ထည် ကောက်ဝတ်လိုက်သည်။ ရုံးမရောက်တာ ဆယ့်ခြောက်ရက် ရှိပြီ။ လိုအပ်သည့်အခါ သူ့ဆီသို့ ရုံးက ဖက်စ်ပို့ပေးသည်။ သူက ဖက်စ်ဖြင့် ပြန်သည်။ သူတို့အဖွဲ့ အသက်ပြန်ရှင်ဖို့ သူက အကြံပြုလွှာတွေ၊ မှတ်တမ်းတွေ မပြတ်ရေးနေသည်။ သို့သော် ရက်ပလေက ရုံးတွင် ပျော်ပိုက်သူ မဟုတ်၊ သူက လူတွေကို မုန်းသည်။ သိပ်အကျွမ်းတဝင်မရှိသူကိုပင် သူက မုန်းတတ်သည်။ နံရံပေါ်မှ ဓာတ်ပုံကြီးတွေကိုလည်း

mgyoe.com

mgyoe.com
SAMPLE BOOK

မုန်းသည်။ ကုန်ကုန်ပြောရလျှင် အတွင်းရေးမှူးမများ၏ ရေမွှေးနံ့ကိုတောင် မုန်းသည်။ သူ မမုန်းသည့်အရာ ဟူ၍ ဘာမျှ မရှိ။

သို့သော် သည်နေ့ ညနေပိုင်း ကားတွေ ရှုပ်ယှက်ခတ်နေတာကို ကြည့်ပြီး ပြုံးနေမိမှန်း သူ့ကိုယ်သူ သတိထားလိုက်မိ၏။ ဗီယိုမာ့ချ်လမ်း တစ်လျှောက်မှ သိဟောင်းကျွမ်းဟောင်းများကိုလည်း ခေါင်းညိတ် နှုတ်ဆက် ၏။ ရုံးရောက်တော့ ဒေ့ဇ်ကြို့စာရေးမကလေးနှင့် စကားတွေ ဖောင်ဖွဲ့နေ၏။ ကောင်မလေး၏နာမည် အပြည့်အစုံကို သူ မသိ။

အစည်းအဝေးခန်းထဲတွင် လူတွေ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ အများအားဖြင့် ရုံးနားနီးချင်းများက ရှေ့နေတွေ ဖြစ်သည်။ တရားသူကြီး တစ်ဦး၊ နှစ်ဦးလည်း ပါ၏။ ညနေ ငါးနာရီထိုးနေပြီ။ အားလုံး ရွှင်ရွှင်ပျပျ ဖြစ်နေ၏။

အရက်ပိုင်းနှင့် သွားတိုးတော့ ဝီစကီတစ်ခွက်ငှဲ့ပြီး မိုက်ထရာနီနှင့် စကားပြောသည်။ သူများနည်းတူ ပျော်နေဟန် ဖမ်းလိုက်သည်။

"တစ်ညနေလုံး အဲဒီအတိုင်း ဖြစ်နေကြတာ၊ သတင်းကြားကြား ချင်း လူတွေ ဆွေ့ဆွေ့ခုန်နေကြတယ်လေ"

မိုက်ထရာနီက လူအုပ်ကြီးကိုကြည့်ပြီး ပြောနေသည်။

ပက်ထရစ်၏ သတင်းသည် ကမ်းရိုးတန်းဒေသတစ်လျှောက်မှ တရားရုံးလောကတွင် မိနစ်ပိုင်းအတွင်း ထိပ်တန်းသတင်းကြီး ဖြစ်သွားလေ တော့သည်။ ကောလာဟလတွေလည်း ပလူပျံနေ၏။ အချို့က တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် လေဖမ်း ဒန်းစီးနေကြသည်။ အချို့က လုပ်ကြံဖန်တီးပြီး သတင်းလွှင့်ကြသည်။ ပက်ထရစ်တစ်ယောက် ကိုယ်အလေးချိန် တစ်ရာ့သုံး ဆယ်အထိ ကျသွားသတဲ့။ သူ ဘာသာငါးမျိုးတောင် ပြောတတ်နေပြီတဲ့။ ငွေတွေ ပြန်ရပြီတဲ့။ သူ တော်တော်ဆင်းရဲသွားပြီဆိုပဲ။ သူနေတဲ့အိမ်ကြီးက ရောမအိမ်ကြီးတဲ့ စသည် စသည်။ နောက်ဆုံးတွင် အများဆုံးကောလာဟလ မှာ ငွေကိစ္စသာ ဖြစ်၏။ သူတို့ အကျိုးဆောင်အဖွဲ့အနေဖြင့် သန်းကိုးဆယ်၏ သုံးပုံ တစ်ပုံ ဆုံးသွားပြီကို လူတိုင်း သိနေသည်မှာ နှစ်ချီကြာခဲ့ပြီ။

ရက်ပလေက ဒုတိယတစ်ခွက်ချပြီး လူတောထဲမှာ ပျောက်သွား သည်။ ဘိုဂန်က ရေတစ်ခွက်မော့ပြီး တရားသူကြီးတစ်ယောက်နှင့် စကား ကောင်းနေသည်။ မိုက်ထရာနီက ပရိသတ်ကိုဒေ့ခံစကားပြောနေသည်။ လာသမျှ မေးခွန်းတွေကို အတည်ပြုတန်တာပြု၊ ငြင်းတန်တာ ငြင်းနှင့်။

mgyoe.com

m g SAMPLE BOOK

ဟားဗားရက်က အခန်းထောင့်တစ်နေရာတွင် အသက်ကြီးကြီး တရားရုံး သတင်းထောက်တစ်ယောက်နှင့် စကားပြောနေသည်။ သတင်းထောက်အိုကြီး က သူ့ကို သည်းနေ့ပိုချောနေသည် ထင်နေ၏။

အရက်ပုလင်းတွေ တစ်ပုလင်းပြီးတစ်ပုလင်း ပြောင်တလင်း ခါကုန် ပြီ။ ညလည်း နက်လာပြီ။ မျှော်လင့်ချက်တွေ မြင့်သည်ထက် မြင့်လာနေသည်။ သတင်းပလင်းက အတင်းအဖျင်းတွေနှင့် ရောထွေးပျံ့လွင့်နေဆဲ။

◆

ညနေပိုင်း ကမ်းရိုးတန်းတီဗွီသတင်းတွင် ပက်ထရစ်အကြောင်း ပါလာသည်။ မတ်စ်နှင့် ပဲရစ်ရှိက ရှေ့မှာတန်းစီနေသည့် မိုက်ခရိုဖုန်းတွေကို မျက်နှာပုပ် ကြီးတွေနှင့် စိုက်ကြည့်နေသည်။ သူတို့ အလိုမတူဘဲ သည်နေရာကို တစ် ယောက်ယောက်က အတင်းဆွဲခေါ်လာပုံမျိုး။

ပက်ထရစ်အဖြစ်ဖြင့် ပြာဖြစ်သွားသော သနားစရာပုဂ္ဂိုလ် ဘယ်သူလဲ ဟူသည့် အကြောင်းကို ဖြစ်နိုင်ခြေများတွက်ပြပြီး နှစ်ပေါင်းများစွာက မီးလောင်နေသည့် ကားကိုပြန်ပြသည်။ CNN က ကားတိုက်မှုဖြစ်သည့် မြင်ကွင်းကိုရိုက်ပြီး ချက်ချင်း ပြခဲ့သည်။ ယနေ့ည ပြန်ပြနေသည်။ ဇာတ်လမ်း မှာ သူ့ဟာနှင့်သူ ကွက်တိ။ ထိုစဉ်က ဘယ်သူမှ သံသယ မရှိကြ။

အိဗာက ဆွစ်ဇာလန်ဟိုတယ်ခန်းတွင် တီဗွီကြည့်နေရင်း ပက်ထရစ် မသေကြောင်း ခိုင်ခိုင်လုံလုံ သိသွားသည်။ သူ ပြောဖူးသည့်အတိုင်းပင်။ 'သူတို့ ကိုယ့်ကို မိသွားရင်လည်း ဘယ်တော့မှ သတ်မှာ မဟုတ်ဘူး' ဟု သူ မကြာမကြာ ပြောဖူးသည်။ ပထမဆုံးအနေဖြင့် သူ ပြောတာကို ယုံကြည် လိုက်မိသည်။

သူတို့ကို သူ ဘယ်အထိ ပြောလိုက်ပြီလဲ။ ဤသည်မှာ အလွန် အရေးကြီးသည့်မေးခွန်းဖြစ်သည်။ သူ ဘယ်လောက် ခံလိုက်ရသလဲ။ သူ့ဆီ က သူတို့ ဘယ်လောက် နှိုက်ယူနိုင်ခဲ့ကြသလဲ။

ပက်ထရစ် အသက်ရှင်လျက်ရှိနေသေးခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်လှကြောင်း တိုးတိုးကလေး ရွတ်ဆိုလိုက်သည်။ ပြီးသည်နှင့် လုပ်စရာတွေကို အစီအစဉ်ဆွဲတော့၏။

◆

mgyoe.com

mgyoe.com

လူးဝစ်သည် ပူဝါတိုရီကိုမှ အခြေစိုက်စစ်ဆေးရုံတွင် ဝါရင့်သူနာပြုတပ်သား တစ်ဦးဖြစ်သည်။ သူ့အကူအညီဖြင့် အခန်းအပြင်ဘက်သို့ ပက်ထရစ် ထွက်လာခဲ့သည်။ စစ်သုံးဘောင်းဘီတိုပွပွကြီး ဝတ်ထား၏။ ဖိနပ်မပါ။ အပေါ်ပိုင်းဗလာ။ သူ့ဒဏ်ရာတွေက လေတိုးခံဖို့ လိုသည်။ ထို့ကြောင့် ပတ်တီးမစည်းရ။ အဝတ်အစား မဝတ်ရ။ သူ့ပေါင်တွေနှင့် ခြေသလုံး ကြွက်သားတွေမှာ ပျော့ခွေနေသည်။ သူ့ဒူးခေါင်းနှင့် ခြေချင်းဝတ်တွေက ခြေလှမ်းတိုင်း ခွင်တင်တင် ဖြစ်နေ၏။

နှိပ်စက်ခံရသည့် ငရဲခန်းအကြောင်း ပြန်တွေးလျှင် ဝေဝေဝါးဝါး ဖြစ်နေရာမှ ခုတော့ ကြည်ကြည်လင်လင် ဖြစ်လာပြီ။ ထိုးသွင်းထားသည့် ဆေးတန်ခိုးတွေ တဖြည်းဖြည်း ကျသွားသည်နှင့် ကိုယ့်အော်သံ ကိုယ် ပြန် ကြားလာရသည်။ ပိုက်ဆံတွေနှင့် ပတ်သက်ပြီး သူတို့ကို ဘယ်လောက်ထိ ပြောမိခဲ့ပါလိမ့်။

ကန့်တင်းထဲတွင် လူတစ်ယောက်မျှ မရှိ။ သူက ပြတင်းပေါက် ဘောင်ကို မှီပြီး ရပ်နေသည်။ သူနာပြုရဲဘော် လူးဝစ်က အချိုရည်တစ်ဘူး ယူလာပေးသည်။

ဟုတ်တယ်၊ ငွေတွေရှိသေးကြောင်း ပြောလိုက်မိတယ်ထင်တယ်။ ကိုယ်တွင်းသို့ လျှပ်စစ်တွေ ပူလောင်နာကျင်စွာ စီးဆင်းသွားချိန်တွင် ငွေတွေ ကို ဘယ်လိုရယူပုံတွေ ပြောပြလိုက်ရသည်။ ဘဟားမားမှာ ဝေးလ်စ်ဘဏ်က ခိုးယူခဲ့ပုံ၊ ပြီးတော့ မော်လ်တာသို့ ပြောင်းပုံ၊ နောက် ပနားမားသို့ ရွှေ့ထားပုံ များ။ ပနားမား ရောက်တော့ အားလုံး မျက်ခြည်ပြတ်သွားပြီလေ။

ငွေတွေ သည်အတိုင်း ရှိနေဆဲပါ။ ဘဏ်တိုးတွေ နင့်နေအောင် ပေါင်းပြီးတော့ ရှိနေဆဲပါ။ သည်အထိ ပြောမိသည် ထင်၏။ သို့သော် သူ့ တစ်ကိုယ်လုံး လောင်ကျွမ်းသွားပါစေ၊ အရည်ပျော်သွားပါစေ၊ ငွေတွေ ဘယ်မှာ ရှိသည်ကိုတော့ သူ တကယ် မသိသည့်အတွက် မပြောနိုင်ခဲ့ပါ။ လူးဝစ်က နောက်ထပ် အချိုရည်တစ်ဘူးယူလာပေးသည်။

"အိုဘရီဂါဒို"

ကျေးဇူးတင်ကြောင်းကို ဘာကြောင့် ပေါ်တူဂီဘာသာဖြင့် ပြောလိုက် မိမှန်းမသိ။ ငွေအကြောင်းပြောလို့ပြီးတော့ သူ့အသိဉာဏ်တစ်ခုလုံး အမှောင်

mgyoe.com

mgyoe.com SAMPLE BOOK


ဖုံးသွားပြန်သည်။

"ဟော့… ရပ်လိုက်"

အခန်းထောင့်တစ်နေရာမှ အော်သံကြားလိုက်သလိုလို၊ သူ့ကို သူတို့က သေပြီဟု ထင်နေကြသည်။ ဘယ်လောက်ကြာကြာ မေ့မြောနေခဲ့သည်ကို သူ မသိ။ လက်မောင်းကို နောက်တစ်ခါ ဆေးလာထိုးတာကို သိလိုက်သလိုလို။ ရင်တွေတအားခုန်လာသည်။ အသားတွေ တဆတ်ဆတ်တုန်လာသည်။

သူ့ရုပ်ပုံလွှာကို ရေးရေးပြန်မြင်လာသည်။

"ကဲ… ဒီတော့ ငွေတွေ ဘယ်မှာလဲ"

ပက်ထရစ်က အချိုရည်သောက်ရင်း ပြန်တွေးနေသည်။ ခေါင်းတွေ နောက်သွားလိုက်၊ ကြည်လာလိုက်။

သူတို့ ထပ်ကြမ်းကြပြန်သည်။ သူတို့လိုချင်သည့် နာမည်တွေ မေးသည်။ ငယ်သံပါအောင် အော်ရပြန်သည်။ အမှောင်တိုက်ထဲ ရောက်သွားပြန်သည်။

နောက်ဆုံးအချိန်ကို သိပ်သတိမရ။ သူ့ခန္ဓာကိုယ်တစ်ခုလုံး မီးလျှံတစ်ခုလို ဖြစ်နေသည်။ သေတော့မည့်ဆဲဆဲ အချိန်။ သည်အချိန်တွင် အီဗာကို တမိလိုက်ခြင်း ဖြစ်သည်။ သူ ဘယ်ရောက်နေပါလိမ့်။ လက်ထဲမှ အချိုရည်ဘူး လွတ်ကျသွားသည်။

သူ့နာပြုရဲဘော်ကို လှမ်းတွဲလိုက်ရ၏။

◆

သည်နေ့ကား ပက်ထရစ်၏နေ့ဟု ပြောရမလို ဖြစ်နေသည်။ သတင်းစာတိုင်းတွင် မျက်နှာဖုံးသတင်းအဖြစ် သူ့ပုံကြီး ပါလာသည်။

'လန်နီဂန် သေရာမှ ပြန်ရှင်လာခြင်း'

စာလုံးမည်းကြီးဖြင့် ခေါင်းစဉ်တပ်ပြီး သတင်းပေးရေးသားကြသည်။ 'နယူးအော်လီယန်း'၊ 'ဂျက်ဆင်' နှင့် 'မိုဘိုင်းလ်' သတင်းစာများကလည်း အလားတူ အလုအယက် ရေးသားဖော်ပြကြသည်။

နယူးအော်လီယန်းမြို့ခွန်ရှိ ပက်ထရစ်၏ အမေအိမ်တွင် တယ်လီဗေးရှင်း ကားနှစ်စီး ဖွဲကောင်းကောင်းဖြင့် စောင့်နေကြ၏။ ပွိုင့်ကလီးယားမှ

mgyoe.com

mgyoe.com SAMPLE BOOK

ထရူဒီ၏ အိမ်ခြံဝတွင် သတင်းထောက်တွေ တစ်ပြုံကြီး ရောက်နေသည်။ သို့သော် ခြံတံခါးပိတ်ထား၏။ လန်ဒ်စ်က နှစ်လုံးပြူးကြီးကိုင်လျက် သစ်ပင်ရိပ်တွင် ထိုင်စောင့်နေသည်။ ထိုအခါ သူတို့လူသိုက် တရားရုံးဘက်သို့ ချီတက်သွားကြသည်။ တရားရုံးတွင်လည်း သူတို့ ဝင်ခွင့်မရကြ။ ရောမရဲကြီး နှစ်ယောက် တံခါးဝတွင် ပိတ်စောင့်နေသည်။

အလှည့်ကျ တရားရုံးရှေ့ဖတ်စာရေးအနီးတွင် သူတို့ စုဝေးလိုက်ကြသည်။ ဤတွင် စာရွက်တစ်ထပ်ပေးဖို့ ရောက်လာသည့် ဗိုက်ထရာနီဆီသို့ သတင်းထောက်တွေ စုပြုံရောက်သွားကြသည်။ ပက်ထရစ်ကို သူတို့အဖွဲ့အနေဖြင့် တရားစွဲမည့်အကြောင်း ရှင်းပြသည်။

"ရိုးရိုးကလေးပါ၊ ကျွန်တော်တို့ပိုက်ဆံ ကျွန်တော်တို့ ပြန်လိုချင်တဲ့ သဘောပါပဲ"

သည်နေ့ တစ်မနက်လုံး တရားစွဲသည့် သတင်းတွေချည်း တာစားနေတော့သည်။

ထရူဒီ၏ ရှေ့နေက သတင်းတွေ ပွက်လောရိုက်နေသည့်ကြားမှ ကွာရှင်းခွင့် တရားစွဲရန် မိုဘိုင်းလ်ရုံးသို့ သုတ်ခြေတင်သည်။ မရှုံ့မရဲ ဖြစ်နေသည့် ရှေ့နေကြီးကို ဓာတ်ပုံသတင်းထောက်တွေက တဖျပ်ဖျပ် ရိုက်ကြ၏။ မြောက်ပိုင်းအကျိုးတူက ထရူဒီကို တရားစွဲသည့်သတင်း တစ်မုဟုတ်ချင်း ပြန့်သွားသည်။ ဒေါ်လာနှစ်သန်းခွဲ သူ ပြန်လျော်ရတော့မည်။ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ထရူဒီတစ်ယောက် တရားရုံး၏ ခွင့်ပြုချက်မရဘဲ ကုန်စုံဆိုင်တွင် ဈေးဝယ်ဖို့တောင် ချက်လက်မှတ်ရေးခွင့် မရှိတော့ကြောင်း သတင်းထောက် တစ်ဒါဇင်လောက် သိသွားသည်။

မိုးနတ်ဆီယာရာ အသက်အာမခံကုမ္ပဏီကလည်း ဒေါ်လာလေးသန်းနှင့် အတိုးအပြင် ရှေ့နေစရိတ်ပါ ပြန်တောင်းနေပြီ။ ဘီလိုစီရှေ့နေတွေ ခေါင်းချင်းရိုက်ပြီး ပက်ထရစ်နှင့် သူ့အကျိုးဆောင်အဖွဲ့ကို လိမ်လည်မှုဖြင့် တရားစွဲဖို့ စိုင်းပြင်းနေကြသည်။

ထိုအခါ ဘန်နီအာရီးစီးယားအနေဖြင့် ပက်ထရစ်ထံမှ သန်းကိုးဆယ် ပြန်ရလိုသည့်သတင်းမှာ သတင်းထူးမဟုတ်တော့ပေ။ ဘန်နီ၏ ရှေ့နေအသစ်က မနက်ဆယ်နာရီတွင် သတင်းစာရှင်းလင်းပွဲလုပ်သည်။ သူတို့၏ ရောမ အစည်းအဝေးခန်းမကြီးထဲသို့ ပါဝင်ဆွေးနွေးလိုသူတိုင်းကို ဖိတ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


ပက်ထရစ်လန်နိဂန်အမှုသည် ဥပဒေပညာရှင်များ လောကတွင် ဘယ်တုန်းကမျှ မဖြစ်ဖူးခဲ့သည့် လှုပ်ရှားမှုမျိုးဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

◆

ဟာရစ်ဆင်မြို့နယ်တရားရုံးတွင် လူတွေ ကြိတ်ကြိတ်တိုးနေချိန်တွင် ဒုတိယထပ် အခန်းတစ်ခန်းထဲသို့ ဂျူရီလူကြီး ဆယ့်ခုနစ်ယောက် တိတ်တဆိတ်ဝင်လာသည်။ သူတို့ကို ခရိုင်ဥပဒေအရာရှိ ပဲရစ်ရှ်ကိုယ်တိုင် ညကြီးမင်းကြီး ဖုန်းဆက်လိုက်ခြင်း ဖြစ်သည်။ ပဲရစ်ရှ်က ဂျူရီအဖွဲ့ကို နှုတ်ဆက်ပြီး ခုလို အရေးတကြီး ခေါ်ယူရသည့်အတွက် တောင်းပန်စကားပြောသည်။ တစ်ဆက်တည်း ရဲမှူးဆွိုနီ၊ သူ့လက်ထောက် မက်ဂရင်းရှောနှင့် အက်ဖ်ဘီအိုင် အထူးထောက်လှမ်းရေး ဂျိုရှုဝါကာတာတို့ကို ကြိုဆိုသည်။

တရားသူကြီးက မနက်ပိုင်းသတင်းစာကိုဖြန့်ပြီး-

"အင်း... ကျုပ်တို့လည်း လူသတ်မှုအသစ်စက်စက်ကို ကိုင်တွယ်နေရသလို ဖြစ်နေပါပေါ့လား၊ လူကြီးမင်းတို့အားလုံး ဖတ်ပြီးလောက်ပြီ ထင်ပါတယ်" ဟု ပြောတော့ အားလုံး ခေါင်းညိတ်ကြသည်။

သူက အခန်းထဲတွင် နံရံကပ်၍ လက်ထဲတွင် မှတ်စုစာအုပ်ကလေး ကိုင်ပြီး လမ်းလျှောက်နေသည်။ ပြီးတော့ ပက်ထရစ်၏ နောက်ကြောင်းရာဇဝင်ကို ရွတ်ပြနေသည်။ ပြီးမှ ဘန်နီအာရီးစီးယားအကြောင်း ဆက်ပြောသည်။ နောက်ဆုံးမှ ပက်ထရစ်သေဆုံးပုံ အသေးစိတ်ကို ထည့်ပြောသည်။

ပြီးတော့ အခင်းဖြစ်ပွားသည့်နေ့က မီးလောင်ထားသည့် ပက်ထရစ်၏ ကားကလေးဓာတ်ပုံကို လက်ဆင့်ကမ်းကြည့်ဖို့ လှမ်းပေးလိုက်သည်။ နောက်တစ်ခါ ဟန်ပါပါဖြင့် မီးလောင်ကျွမ်းထားသည့် ရှစ်လက်မ ဆယ်လက်မ အရိုးစုပုံပါ ပေးလိုက်သည်။

"ကျွန်တော်တို့အားလုံး ပက်ထရစ်လန်နိဂန်လို့ ယုံကြည်ခဲ့ကြတယ်လေ၊ ခုတော့ အားလုံး သိတော်မူကြတဲ့အတိုင်း ကျွန်တော်တို့တစ်တွေ မှားခဲ့ကြတယ်"

လောင်ကျွမ်းထားသည့် အရိုးစုမှာ လူတစ်ယောက်၏ အရိုးစုပြောဖို့ပင် ခပ်ခက်ခက်။ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဘာမျှ မည်မည်ရရ မကျန်။

mgyoe.com

mgyoe.com

ပဲရစ်ရှိရှင်းပြ၍သာ ဖြူဖပ်ဖြူရော်အရိုးတစ်စုကို တင်းပါးဆုံရိုးမှန်း သိရသည်။

ဂျူရီလူကြီးများက ပဲရစ်ရှိ၏ တင်ပြပုံကို လက်ခံကြသည်။ သွေး၊ တစ်သျှူး စသည်တို့ဖြင့် တိုက်ကြည့်စရာမှ မရှိဘဲကိုး။ ယောကျ်ားလား၊ မိန်းမလားပင် ခွဲခြားရခက်သော လူတစ်ယောက် ကားရှေ့ခန်းတွင် ပါလာပြီး ကားတစ်စီးလုံးနှင့်အတူ မီးလောင်ကျွမ်းသွားသည်ဆိုတာလောက်ပဲ ယူဆစရာ ရှိသည်။

"ကားမီးလောင်ရင် အလောင်းတွေ ဒီလိုပဲ ဆိုးဆိုးရွားရွား လောင်ကျွမ်းသလား"

ဂျူရီလူကြီးတစ်ယောက်က မေးသည်။ ပဲရစ်ရှိ ခပ်သွက်သွက်ဖြေသည်။

"ဒါလောက် မဆိုးပါဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ဒါလောက် ပုံပျက် ပန်းပျက် ဖြစ်သွားတဲ့ အလောင်းမျိုး ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး"

"ဒါ ဘယ်သူ့အလောင်း ဖြစ်နိုင်သလဲ"

နောက် ဂျူရီလူကြီးတစ်ယောက်က ဝင်မေးသည်။

"ကျွန်တော်တို့ စဉ်းစားလို့ရတဲ့လူတစ်ယောက် ရှိပါတယ် ခင်ဗျ၊ အထောက်အထားတော့ ရှာနေတုန်းပါပဲ"

သည်ကိစ္စကို ဆက်ဆွေးနွေးကြသည်။ သို့သော် အဖြေ တိတိကျကျ ထွက်မလာပေ။ နောက်ဆုံးတွင် အားလုံးသဘောတူ တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြသည်။ ပက်ထရစ်ကို လူသတ်မှုဖြင့် တရားစွဲပြီး သေဒဏ် အပြစ်ပေးရန်။ ထိုးဆေးဖြင့် အဆုံးစီရင်ရန်။

◆

နှစ်ဆယ့်လေးနာရီအတွင်း ပက်ထရစ်သည် အမှုပေါင်းများစွာဖြင့် စွဲဆိုခံရသည့် တရားခံ ဖြစ်သွားတော့သည်။ ပဲရစ်ရှိတို့အဖွဲ့က လူသတ်မှု၊ ထရူဒီက လင်မယားကွာရှင်းပြတ်စဲလိုမှု၊ အာရီးစီးယားက ဒေါ်လာသန်းကိုးဆယ်နှင့် စရိတ်စကများ ပြန်ရလိုမှု၊ မိမိနှင့် လုပ်ဖော်ကိုင်ဖက်ရှေ့နေများက ဒေါ်လာသန်းသုံးဆယ်၊ မိုးနတ်ဆီယာရာက လေးသန်း စသည် စသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သည်သတင်းအားလုံးကို CNN အထူးသတင်းကဏ္ဍတွင် သူ အားလုံး မြင်နေရသည်။ ဆွဲချ ပြည်နယ်ဥပဒေအရာရှိ ပဲရစ်ရှ်နှင့် မောရစ်မတ်စ်တို့ နှစ်ယောက်က တီဗွီကင်မရာရှေ့တွင် ရပ်ပြီး ပက်ထရစ်လန်နီဂန်ကို လူသတ်မှုဖြင့် တရားစွဲရခြင်းအကြောင်းကို အသီးသီး ရှင်းပြနေကြသည်။

CNN သတင်းရိုက်ပြီးသည်နှင့် သူတို့နှစ်ယောက်စလုံး တရား သူကြီး ကားလ်ဟာတ်စကီဆီ တန်းသွားကြသည်။ ဟာတ်စကီက ဟာရစ်ဆင် မြို့နယ်၏ အလှည့်ကျ တရားသူကြီးတစ်ယောက်ဖြစ်သည်။ အသုဘမတိုင်ခင်က ပက်ထရစ်၏ အခင်ဆုံးသူငယ်ချင်း။

ပက်ထရစ်၏ အမှုတွေက ကမန်းကတန်းတက်လာသည့် စွဲချက်တွေ၊ ဟာတ်စကီက ဘယ်အမှုကို လက်ခံပြီး ဘယ်အမှုကို လက်မခံရမည်ကို ရှေ့ဖတ်စာရေးအား ပညာပါပါ ညွှန်ကြားထားပြီးသား ဖြစ်သည်။ ပက်ထရစ်၏ အမှုကိုတော့ သူ စိတ်ဝင်စားနေသည်။

◆

"ပျက်စီးသွားတဲ့ အရေပြားတွေကို ကျွန်တော်ခြစ်ထုတ်တော့မယ်၊ ဘယ်လို မေ့ဆေးလုပ်ချင်သလဲ၊ ခင်ဗျား စဉ်းစားလေ"

ဆရာဝန်က သူ့ရင်ဘတ်ကို ခပ်ချွန်ချွန်ကိရိယာကလေးနှင့် အသာ ဖိပြီး ပြောလိုက်သည်။

"ရပါတယ် ဆရာ၊ ကျွန်တော် ဒီထက်ဆိုးတဲ့ ဒဏ်ကို ကျော်ဖြတ်ခဲ့ပြီးပါပြီ၊ မေ့ဆေးမထိုးပါရစေနဲ့၊ ထုံဆေးနဲ့ပဲ လုပ်ပါ ဆရာ"

သူ့ခန္ဓာကိုယ်တစ်ခုလုံးပေါ်တွင် အမာရွတ်တွေ မြင်မကောင်း ရှုမကောင်း ဖြစ်နေပြီ။

"ဒါဆိုလည်း ကောင်းပြီလေ"

ပက်ထရစ်က သူ့ခုတင်ဘောင်ကို တအားဆုပ်ထားသည်။ လူးဝစ်က ခြေချင်းဝတ်ကို ဖမ်းကိုင်ထားသည်။ ဆရာဝန်က အနာတွေပေါ်ကို စခြစ်ပြီ။ ပက်ထရစ်က မျက်စိမှိတ်ပြီး တင်းခံထားသည်။ ကိုးနေရာအနက် အနာလေးခုက တတိယဒီဂရီအဆင့် ဖြစ်သည်။ အတော်ကြီးဆိုးသည်။ ရင်ဘတ်က နှစ်ခု၊ ဘယ်ဘက်ပေါင်က တစ်ခုနှင့် ညာဘက်ခြေချင်းဝတ်မှ ဒဏ်ရာများ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

နာရီဝက်လောက်ကြာတော့ ပြီးသွားသည်။ ဆရာဝန် ငြိမ်ငြိမ်နေဖို့ ပြောပြီး ပိုးသတ်ဆေးတွေ လိမ်းပေးပြီး ထွက်သွားသည်။ ပတ်တီးမစည်း၊ အဝတ်အစား ဝတ်မပေး။ လူးဝစ်က တံခါးပိတ်လိုက်ပြီး အိတ်ထဲမှ ကင်မရာကလေး ထုတ်လိုက်သည်။

ပက်ထရစ်က ခြေချင်းဝတ်ကို လက်ညှိုးထိုးပြီး-

"ဒီကစရိုက်၊ ပြီးတော့ တစ်ကိုယ်လုံးက အနာတွေကို ဆက်ရိုက်"

လူးဝစ်က တဖျပ်ဖျပ်နှင့် ရိုက်တော့သည်။ အခန်းထဲတွင် မီးရောင်တလက်လက်။

ပထမတော့ လူးဝစ်က သည်တာဝန်ကိုယူဖို့ တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေသည်။ အထက်လူကြီးတွေဆီ ခွင့်တောင်းရဦးမည်ဟု ပြောနေသည်။ ပက်ထရစ်က မြက်မြက်ကလေး လာဘ်ထိုးလိုက်တော့မှ ကိစ္စပြီးသွားသည်။

လူးဝစ်က ဒေါ်လာငါးရာ ရမည်။ ပက်ထရစ်က တစ်ခါသုံးကင်မရာ သုံးလုံးဝယ်ပေးမည်။ ပုံပေါင်း တစ်ရာလောက် ထွက်မည်။ ရိုက်ပြီးလျှင် ချက်ချင်း မြို့ထဲ သွားကူးရမည်။ ပြီးတော့ ဆေးရုံနှင့် ဝေးရာတစ်နေရာတွင် သိမ်းထားပေးရမည်။

ပက်ထရစ်တွင် ပိုက်ဆံ တစ်ပြားမျှ မရှိ။ အိမ်ရောက်ရောက်ချင်း ပို့ပေးမည်ဟု စည်းရုံးတော့ လူးဝစ်က လက်ခံသည်။

သူတို့ လှုပ်ရှားမှုတွေ သွက်လက်မြန်ဆန်သဖြင့် ဘယ်သူမျှ မရိပ်မိကြ။ လူးဝစ်က ထမင်းစားချိန်တွင် အပြင်ထွက်ပြီး ဓာတ်ပုံပြေးကူးသည်။ ပြီးတော့ ချက်ချင်း စောင့်ယူသည်။

◆

အိုစမာက ရီယိုတွင် ဆက်လှုပ်ရှားနေသည်။ အီဗာ့ရုံးမှ အတွင်းရေးမှူးမကလေးကို ဒေါ်လာတစ်ထောင် ကျိတ်ပေးပြီး အီဗာနှင့် ပတ်သက်သည့်သတင်းတွေ စုဆောင်းခိုင်းသည်။ သို့သော် များများစားစား မရ။ ဇူးရစ်မှ ဖုန်းနှစ်ခါ ဆက်သည်။ သည့်ထက် ပိုပြီး ဘာမျှ မသိရ။ ဖုန်းဆက်သည့် ဟိုတယ်ကို မေးမရ။ ဆွစ်လူမျိုးတို့သည် အလွန်သိုသိပ်သူများ ဖြစ်သည်။

အီဗာ့ရှေ့နေအဖွဲ့က လူကြီးတွေလည်း ခိုးလိုးခုလု ဖြစ်လာပြီ။ သူပြောခဲ့သည့် ထူးဆန်းသော အမှုသည်ဆိုသူကိုလည်း ဘယ်မှာမှ စုံစမ်းလို့

mgyoe.com
SAMPLE BOOK


မရ။ အီဗာလုပ်ရမည့် အစည်းအဝေးတွေ၊ အချိန်းအချက်တွေ အားလုံး လွတ်ကုန်ပြီ။ နောက်ဆုံး သူ့ကို အလုပ်မှ ယာယီထုတ်ပယ်ထားလိုက်ရတော့သည်။

အိုစမာနှင့် သူ့လူတွေက အီဗာ့အဖေကို ဝက်အူတင်းကြသည်။ ကျောင်းဆရာကြီးမှာ အိပ်လို့မပျော်နိုင်လောက်အောင် စိတ်အနှောင့်အယှက်ဖြစ်နေရသည်။ သူ့ကို သူတို့က ပြန်ပေးဆွဲပြီး စကားပြောလာအောင် လုပ်ဖို့ စီစဉ်ကြသေးသည်ဆို၏။ အဘိုးကြီးက ရိပ်မိပြီး တစ်ယောက်တည်းမနေတော့သဖြင့် သူတို့ အခွင့်မသာ ဖြစ်နေကြသည်။

❒

mgyoe.com

m·gyoe.com SAMPLE BOOK

# အခန်း (၃)

ကျောင်းနေဖက်သူငယ်ချင်း ပက်ထရစ်၏သတင်းကို ဆန်ဒီမက်ဒါးမော့က သေသေချာချာ စောင့်ဖတ်သည်။ သူတို့နှစ်ယောက်က တူလိန်းဥပဒေ တက္ကသိုလ်တွင် သုံးနှစ်လုံးလုံး တွဲခဲ့သည့်သူငယ်ချင်းများဖြစ်၏။ တရားသူကြီး တစ်ဦးထံတွင် အတူတူ ချိမ်ဘာ ဆင်းခဲ့ကြ၏။ ပြီးတော့ ဥပဒေလောကကို ဝင်ဖို့ ဘီယာသောက်ရင်း နာရီပေါင်းများစွာ တိုင်ပင်ခဲ့ကြ၏။ နှစ်ယောက်သား အကျိုးဆောင်ကုမ္ပဏီထောင်မည်။ အဖွဲ့ကလေးက ငယ်သော်လည်း အစွယ် ထက်စေရမည်။ ရှေ့နေနီတိနှင့်အညီ ကြိုးကြိုးစားစား အမှုတွေလိုက်မည်။ ဈေးမြင့်မြင့်ယူမည် စသည် စသည်။

သို့သော် သူငယ်ချင်းနှစ်ယောက်၏ ဘဝအတွေတွေသည် ထင်သလို ဖြစ်မလာခဲ့ပါချေ။ ဆန်ဒီက ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျပြီး လခ ကောင်းသည့် ပြည်ထောင်စု တရားရေးဌာနတွင် အလုပ်ဝင်လုပ်သည်။ ပက်ထရစ်က ရှေ့နေနှစ်ရာကျော်ရှိသည့် မြို့တွင် ယောင်လည်လည် ဖြစ်နေ သည်။

သို့သော် စီစဉ်ထားသည့် အကျိုးဆောင်လုပ်ငန်းကလေးကိုတော့ သူတို့ စိတ်ဝင်စားနေကြဆဲ။ ဤသို့ဖြင့် နှစ်ယောက်သား သုံးဆယ်တွင်းသို့ ရောက်လာခဲ့ကြသည်။ တစ်ယောက်နှင့် တစ်ယောက် အတွေ့ကျဲသွားသည်။

mgyoe.com

SAMPLE BOOK

နောက် ပက်ထရစ်က ဘီလိုစီသို့ ပြောင်းသွားတော့ တစ်နှစ်တစ်ခါတောင် ဖုန်းမဆက်အားကြတော့။ ဘီလိုစီတွင် ပက်ထရစ်၏ အခြေအနေ တည်ငြိမ်စ ပြုလာသည်။

ဆန်ဒီအတွက် စန်းထချိန်သို့ မထင်မှတ်ဘဲ ရောက်ခဲ့၏။ ညီအစ်ကို ဝမ်းကွဲတစ်ယောက်၏ သူငယ်ချင်းက ပင်လယ်ကွေ့ထဲတွင် ရေနံတူးနေသည့် အက်ဆွန်ကုမ္ပဏီတွင် အလုပ်လုပ်သည်။ ကမ်းလွန်တွင်းတူးစင်ပေါ်တွင် ထိခိုက်ဒဏ်ရာရပြီး ခြေထောက်ပြတ်သွားသဖြင့် သူက အကျိုးဆောင်ကုမ္ပဏီ ကလေး တည်ထောင်ကာ တရားစွဲပေးရာအမှုနိုင်လိုက်သည်။ ဒေါ်လာ သုံးသန်း လျော်ကြေးရလိုက်သည်။ သူ့အတွက် သုံးပုံ တစ်ပုံ အကျိုးဆောင်ခ ရလိုက်သည်။ ဆန်ဒီ အလုပ်ဖြစ်သွားပြီ။ သူငယ်ချင်း ပက်ထရစ်က အနားတွင်မရှိတော့ အခြားရှေ့နေ သုံးယောက်နှင့်ပေါင်းပြီး အစုစပ်ဥပဒေအဖွဲ့ကလေးတစ်ဖွဲ့ တည်ထောင်လိုက်သည်။ ကျစ်ကျစ်လျစ်လျစ်နှင့် အောင်မြင်သည့် အဖွဲ့ကလေး ဖြစ်လာသည်။

ပက်ထရစ် ရုတ်တရက် ကွယ်လွန်သွားတော့ အသုဘကိစ္စ တစ် လျှောက်လုံး ထရူဒီအနားတွင်နေပြီး ခေါင်းတလားကို ဝိုင်းထမ်းခဲ့သေးသည်။ ငွေတွေပျောက်သွားပြီး နောက်ခြောက်ပတ်အကြာတွင် သတင်းတွေ အမျိုးမျိုး ထွက်လာတော့ ဆန်ဒီ ရယ်နေသည်။ သူငယ်ချင်း လွတ်ရာလွတ်ကြောင်း ဆုတောင်းပေးသည်။ ပက်ထရစ်အကြောင်း တွေးမိတိုင်း ပြုံးပြီး စိတ်ထဲက ပြောမိသည်။

"ပြေး သူငယ်ချင်းရေ၊ ဝေးဝေးပြေး"

ဆန်ဒီ့ရုံးခန်းမှာ ပွိုင်းဒရိစ်လမ်းဆုံတွင် ရှိသည်။ လှပသည့် ၁၉ ရာစု ခေတ်မီအဆောက်အအုံကြီးမှ တိုက်ခန်းတစ်ခန်း ဖြစ်သည်။ အက်ဆွန်မှ ရသည့် ငွေဖြင့် ဝယ်ထားလိုက်ခြင်း ဖြစ်၏။ သူ့ရုံးခန်းထဲသို့ အတွင်းရေးမှူး မကလေး မျက်နှာထားတင်းတင်းဖြင့် ဝင်လာချိန်တွင် ဆန်ဒီ ယားလို့မှ မကုတ်နိုင်အောင် အလုပ်များနေချိန်ဖြစ်သည်။

"အမျိုးသမီးတစ်ယောက် ရောက်နေတယ် ဆရာ၊ သိပ်အရေးကြီး တယ်တဲ့၊ ပက်ထရစ်လန်နီဂန်ကိစ္စတဲ့"

ကောင်မလေးကို ဆန်ဒီ အထူးအဆန်းလို လှမ်းကြည့်လိုက်သည်။

"ဘယ်သူလဲ၊ ဘယ်ကလဲ"

mgyoe.com

mgyoe.com

SAMPLE BOOK


"ရှေ့နေလို့ ပြောတာပဲ ဆရာ၊ ဘရာဇီးက လာခဲ့တာတဲ့"

"အထဲလွှတ်လိုက်"

ဆန်ဒီက တံခါးဝတွင် စောင့်ပြီး ခွေးခွေးထွေးထွေး ကြိုသည်။ အီဗာက သူ့ကိုယ်သူ လီယာဟုပြောပြီး မိတ်ဆက်သည်။ နောက်က နာမည်ကို ထည့်မပြော။

အခန်းထောင့်တစ်နေရာမှ ထိုင်ခုံတွင် နေရာချပြီး အမျိုးသမီးကို ကော်ဖီတိုက်သည်။ လှပသည့် သလုံးသားတွေကို သတိထားလိုက်မိ၏။ အဝတ်အစားကို ရိုးရိုးယဉ်ယဉ်ကလေး ဝတ်လာသည်။ မျက်နှာချင်းဆိုင်တွင် ဆန်ဒီဝင်ထိုင်သည်။ လှပသည့်မျက်လုံးတွေကို သတိပြုလိုက်မိပြန်၏။ သို့သော် ပင်ပန်းနွမ်းနယ်နေပုံ။ နက်နက်မှောင်မှောင် ဆံပင်တွေက ပခုံးအောက် အထိ ဝဲကျနေ၏။

အမျိုးသမီးက ခပ်ဆိုင်းဆိုင်း စကားစသည်။

"ကျွန်မ ဒီကို ပက်ထရစ်ကိစ္စနဲ့ လာခဲ့တာပါ"

"ဟုတ်လား၊ သူ လွှတ်လိုက်တာလား"

"ဟုတ်ကဲ့ပါ၊ သူ လွှတ်လိုက်တာပါ"

သူ့အသံက ခပ်ဝဲဝဲ။

"ရှေ့နေလုပ်တယ်ဆို၊ ဘယ်မှာလဲ"

"ရီယိုမှာပါ။ ကျွန်မက နိုင်ငံတကာ ကုန်သွယ်မှုကို တာဝန်ယူရပါတယ်"

"အဲဒီမှာ ပက်ထရစ်နဲ့ တွေ့တာလား"

"ဟုတ်ပါတယ်၊ ရီယိုမှာ တွေ့တာပါ"

"သူနဲ့ ဘယ်တုန်းက နောက်ဆုံး စကားပြောခဲ့တာလဲ"

"သူ ပါမသွားခင်ထိ ဆိုပါတော့"

ဘယ်လောက် စိတ်ပူနေရကြောင်း ပြောမိမလို ဖြစ်သွားသည်။ သို့သော် ထိန်းထားလိုက်နိုင်သည်။ သူနှင့် ပက်ထရစ်၏ ဆက်ဆံရေးကို လျှို့ဝှက်ထားရဦးမည်။

ဆန်ဒီမက်ဒါးမော့က ယုံကြည်စိတ်ချရသူ ဖြစ်နိုင်ပါသည်။ သို့သော် သူ့ကို သတင်းပေးရာတွင် ချွေချွေတာတာ ပေးရမည်။ နှစ်ယောက်သား စကားပြတ်သွားပြီး အသီးသီး အပြင်သို့ ငေးနေကြသည်။ ဆန်ဒီ စိတ်ထဲက

mgyoe.com

m gyoe.com SAMPLE BOOK

သိနေ၏။ သူ မသိနိုင်သည့် ကဏ္ဍတွေ အများကြီး ရှိနေလိမ့်ဦးမည်။ အဲ… မေးခွန်းတွေတော့ မေးရမည်။ သည်ငွေတွေကို ပက်ထရစ် ဘယ်လိုလုပ်ပြီး အပျောက်ရိုက်ခဲ့တာလဲ။ ဘရာဇီးကို ဘယ်လိုရောက်သွားတာလဲ။ အဲဒီ ငွေတွေ ဘယ်မှာလဲ။

"အဲဒီတော့ ကျွန်တော် ဘာအကူအညီ ပေးရမလဲ"

ဆန်ဒီ မေးသည်။

"ပက်ထရစ်ဘက်က ရပ်ပေးဖို့ပါပဲ"

"အဆင်သင့်ပါဗျာ"

"လျှို့ဝှက်ဖို့ကတော့ သိပ်သိပ်အရေးကြီးပါတယ်"

"အဲဒီအတွက် စိတ်ချပါ၊ ခင်ဗျားနဲ့ ပက်ထရစ်ဆီက ရတဲ့ သတင်းမှန်သမျှ နံပါတ်တစ် လျှို့ဝှက် ဖြစ်စေရပါမယ်"

ဆန်ဒီက သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ဖြင့် ခပ်ပြုံးပြုံး ပြောလိုက်သည်။

"နောက်တစ်ခုရှိသေးတယ်၊ ရှင့်ကို လူဆိုးတွေက ခြိမ်းခြောက်ချင် ခြိမ်းခြောက်လိမ့်မယ်"

"ဟုတ်လား၊ ဘယ်သူတွေလဲ"

"ပက်ထရစ်နောက် လိုက်နေတဲ့ လူတွေပေါ့"

"သူတို့ သူ့ကို မိထားပြီ မဟုတ်လား"

"ဒါပေမဲ့ ငွေတွေကို မမိသေးဘူးလေ"

"ဟုတ်လား"

လက်စသတ်တော့ ဒီကိုလိုး။ ငွေတွေက ဟိုနေရာ၊ ဒီနေရာမှာ ဖြန့်ထားပြီပေါ့။

"ဒါဆို ငွေတွေက ဘယ်မှာလဲ"

အဖြေ မရနိုင်မှန်း သိလျက် မေးလိုက်ခြင်း ဖြစ်သည်။

"အဲဒီ မေးခွန်း ရှင် မေးဖို့ မကောင်းဘူးလေ"

"ဟုတ်ပါတယ်ဗျာ၊ မမေးသင့်ပါဘူး"

လီယာက ပြုံးပြီး စကားဆက်သည်။

"ကျွန်မတို့ အသေးစိတ်ကလေးတွေ ဆက်ဆွေးနွေးရအောင်၊ ရှင် ဘယ်လောက်ယူမလဲ"

mgyoe.com

mgyoe.com


“ပထမဆုံးအမှုသည်ကို ကျွန်တော် ဒေါ်လာတစ်သိန်း ယူပါတယ်၊ ဪ… ဒါထက် ကျွန်တော်လိုက်ရမှာ တရားမမှုလား၊ ရာဇဝတ်မှုလား”

“နှစ်မျိုးလုံး ဖြစ်နိုင်တယ်၊ သူက တခြားရှေ့နေ မလိုချင်ဘူး”

“ဒါဆို ပြီးပြီးသား ထားလိုက်ပါ၊ ပက်ထရစ်က ကျွန်တော့် ငယ်သူငယ်ချင်းလေ”

“ကျွန်မ သိပါတယ်”

သူ ဘယ်လောက်များ သိထားပါလိမ့်။ ဆန်ဒီ စဉ်းစားနေသည်။

“ကျွန်မတို့ဘက်က ပေးစရာရှိတဲ့ပိုက်ဆံကို ဒီနေ့ လွှဲလိုက်ချင်ပါတယ်”

“ကောင်းပါပြီဗျာ၊ အမှုအပ်တဲ့ကိစ္စနဲ့ ကျွန်တော့်ဘက်က ဆောင်ရွက်ရမယ့် တာဝန်တွေအတွက် စာချုပ်ချုပ်ဖို့ ကျွန်တော် အသင့်လုပ်ထားပါ့မယ်”

“ပက်ထရစ်ဘက်က တောင်းဆိုတာ တစ်ခုရှိပါတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး စာနယ်ဇင်းဘက်ကို လေသံမဟဖို့ပါပဲ”

“အဲဒါ စိတ်ချပါ၊ တခြား ဘာရှိသေးလဲ”

“တစ်ခုရှိပါတယ်၊ ရှင့်ရုံးနဲ့ အိမ်ဖုန်းကို ဖြတ်နားထောင်နိုင်ပါတယ်၊ ရှင့်လုံခြုံမှုအတွက် အစီအစဉ်လုပ်ထားဖို့ လိုပါတယ်”

“ဒါလည်း ပြီးပြီးသား ထားလိုက်ပါ”

“ဒါဆို ကျွန်မတို့ ဒီနေရာမှာ နောက်ထပ်မတွေ့တာ အကောင်းဆုံးပါပဲ၊ ကျွန်မနောက်ကို လိုက်နေတဲ့လူတွေ ရှိတယ်၊ နောက်တစ်ခါ တခြားနေရာမှာ တွေ့ကြတာပေါ့”

သည်ကိစ္စတွင် ဆန်ဒီဘက်မှ ပြောစရာမရှိပါ။ သူ့ဘက်က ကူညီဖို့သာ ရှိပါသည်။ သို့သော် လီယာ့ဘက်တွင် အထိန်းအချုပ်တွေ အများကြီး ရှိနေဟန်တူသည်။

အမျိုးသမီးက လက်ပတ်နာရီကို ငုံ့ကြည့်သည်။

“သုံးနာရီအတွင်း မိုင်ယာမီကို ထွက်မယ့် လေယာဉ်ရှိတယ်၊ ပထမတန်း လက်မှတ်နှစ်စောင် ကျွန်မဝယ်ထားမယ်၊ လေယာဉ်ပေါ်မှာ စကားပြောကြတာပေါ့”

“ဟုတ်လား၊ ကျွန်တော်က ဘယ်ကို သွားရမှာလဲ”

mgyoe.com

"ရှင်က ဆန်ဂျူအန်ကို သွားလေ၊ ပက်ထရစ်နဲ့ အဲဒီမှာ တွေ့ရမယ်"

"ဒါဖြင့် အမိကကော"

"ကျွန်မက တစ်နေရာကို သွားရမှာ"

ဆန်ဒီက ကော်ဖီ ထပ်မှာလိုက်သည်။ သူတို့နှစ်ယောက် လုပ်စရာတွေ ကျန်နေသေးသည် မဟုတ်လား။ သူ့အတွင်းရေးမှူး အမျိုးသမီးက တွေ့စရာတွေ အားလုံး ရက်ရွှေ့ပေးလိုက်သည်။ သူ့အမျိုးသမီးက ညအိပ်ခရီးအတွက် သေတ္တာတစ်လုံးနှင့် အဝတ်အစားတွေ ရုံးခန်းသို့ လာပို့ပေးသည်။ အလုပ်သင် ရှေ့နေကလေးတစ်ယောက်က သူတို့ကို လေယာဉ်ကွင်းသို့ မောင်းပို့သည်။ လီယာ့တွင် သားရေလွယ်အိတ်လှလှကလေး တစ်လုံးမှအပ ဘာမျှ မပါကြောင်း ဆန်ဒီ သတိထားလိုက်မိသည်။

လေယာဉ်ပေါ်တွင် သူတို့နှစ်ယောက် ရှေ့ခုံ နောက်ခုံ နေရာယူကြသည်။ လေယာဉ်တက်လာပြီး မိနစ်နှစ်ဆယ် ကြာသည်အထိ ဘာစကားမျှ မပြောဖြစ်ကြ။ လီယာက ဖက်ရှင်မဂ္ဂဇင်းတစ်စောင်ကို ဟိုလှန် သည်လှန် လုပ်နေသည်။ ဆန်ဒီက အမှုတွဲတစ်ခုကို ကြိုးစားပြီး ဖတ်လာသည်။

လေယာဉ်မယ်ပေးလာသည့် ပစ်ဇာနှင့် မြေပဲလှော်ဝါးရင်း ဆန်ဒီက လှမ်းမေးလိုက်သည်။

"ခင်ဗျား ပက်ထရစ်နဲ့ သိတာ ဘယ်လောက် ကြာပြီလဲ"

"ဘာလို့ အဲဒီမေးခွန်း မေးတာလဲ"

"ဩော်... ဆောရီးဗျာ၊ ဒီမယ် ကျွန်တော်က သူ့သူငယ်ချင်းပါ၊ ပြီးတော့ သူ့ရှေ့နေပါ၊ လွန်ခဲ့တဲ့လေးနှစ်အတွင်း သူ ဘာတွေဖြစ်ခဲ့တယ် ဆိုတာ ပြောပြနိုင်တာရှိရင် ပြောပြပါလား"

"ရှင် သူနဲ့ တွေ့မှာပဲဟာ၊ သူ့ကို မေးပေါ့"

သူက ခပ်ရှင်ရှင်ကလေးပြောပြီး မဂ္ဂဇင်းစာအုပ်ကို ဆက်ဖတ်နေသည်။ မိုင်ယာမီကွင်းသို့ လေယာဉ်ဆင်းဖို့ နီးလာပြီ။ သူ ကွက်တိ စီစဉ်ထားမှန်း သိသာလှသည်။

"ရှင်နဲ့ကျွန်မ တော်တော်နဲ့ ပြန်တွေ့ဖြစ်မှာမဟုတ်ဘူး၊ ပက်ထရစ်က လုပ်စရာတွေကို ပြောပြပါလိမ့်မယ်၊ ဒီအတောအတွင်း ရှင်ကနေတစ်ဆင့် သူနဲ့ကျွန်မ ဆက်သွယ်မယ်။ ထူးထူးခြားခြားဖြစ်လာရင် သတိရှိပါစေ၊ ရှင်က သူ့အမှုကို လိုက်မယ့် ရှေ့နေမှန်း လူတွေသိသွားရင် ကျွန်မနောက်လိုက်နေတဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


သူတွေ ရှင့်ကို စိတ်ဝင်စားလာကြလိမ့်မယ်''

''ပိုက်ဆံတွေကို ခင်ဗျား ထိန်းထားတယ် မဟုတ်လား''

''အဲဒီ မေးခွန်းကို ကျွန်မ မဖြေနိုင်ပါဘူး''

လေယာဉ်ဘီး မြေကြီးနှင့် ထိသည်အထိ သူတို့နှစ်ယောက် စကား မဆက်ကြတော့ပေ။ ဆန်ဂျူအန်လေယာဉ်ကိုမီဖို့ သူက အပြေးအလွှား ဆင်းရသည်။ အမျိုးသမီးက သူ့လက်ကို တင်းတင်းဆုပ်ပြီး-

''ပက်ထရစ်ကို ပြောလိုက်ပါ၊ ကျွန်မ အခြေအနေ ကောင်းပါတယ်လို့''

''ခင်ဗျား ဘယ်မှာ ရှိနေလဲလို့ သူ မေးရင်ကော''

''ဥရောပမှာလို့ ပြောလိုက်ပါ''

လီယာဆိုသော အမျိုးသမီး လူအုပ်ကြီးထဲ ပျောက်သွားသည်ထိ သူ ငေးကြည့်နေသည်။ သူငယ်ချင်းကို မနာလိုချင်ချင် ဖြစ်လာသည်။ ငွေတွေအများကြီး ရသွားပြီး အထက်တန်းကျကျ အနိုပ်စားကလေးနှင့်။

သူ့နာမည်ခေါ်သံကြားတော့ အိပ်ရာမှ လန့်နိုးသလို ဖြစ်သွားသည်။ ခေါင်းယမ်းပြီး ကိုယ့်ကိုယ်ကိုယ် ဆုံးမလိုက်သည်။ သေဒဏ်ကျနေသူ တစ်ယောက်ကို မင်း ဘာလို့ မနာလို ဖြစ်နေတာလဲ။

လေယာဉ်ပေါ်တွင် နေရာယူလိုက်သည်။ ပထမတန်းအခန်းပင်ဖြစ်၏။ မိမိလိုက်ရမည့် ပက်ထရစ်၏အမှုမှာ ရောမအမှုကြီးပါလားဟု တွေးနေမိသည်။

◆

ရေတပ်အခြေစိုက်စခန်း ဆေးရုံသို့ ဆန်ဒီ ရောက်သွားချိန်တွင် မှောင်စပြုနေပြီ။ သူ့အခန်းထဲတွင် အသံတိတ်ဖွင့်ထားသည့် တီဗွီမှ အလင်းရောင် ပြာလဲ့လဲ့သာ ရှိသည်။ ဘရာဇီးဘောလုံးပွဲ လာနေသည်။ သူငယ်ချင်းနှစ်ယောက် ညင်ညင်သာသာ လက်ဆွဲနှုတ်ဆက်ကြသည်။ မတွေ့သည်မှာ ခြောက်နှစ်ရှိခဲ့ပြီ။ ပက်ထရစ်က သူ့အနာတွေကို မမြင်စေချင်၍ စောင်ပါးကလေးတစ်ထည်ကို မေးစေ့အထိ ဆွဲလွှမ်းထားသည်။ သူ့မျက်နှာ သိသိသာသာကြီး ချောင်ကျနေသည်။ မေးစေ့က လေးထောင့် ဖြစ်နေသည်။ နှာခေါင်း ပိုချွန်လာသည်။ မျက်လုံးအစုံနှင့် အသံကြောင့်သာ သူ့ကို မှတ်မိခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းရောက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ် သူငယ်ချင်း"

သူ့အသံက တိုးတိုးကလေး ဖြစ်သည်။ စကားတစ်လုံးကို မနည်းစဉ်းစားပြီး မနည်းအားယူပြီး ပြောနေရပုံ။

"လာရတော့တာပေါ့ကွာ၊ မင်းသူငယ်ချင်း အမျိုးသမီးက အပြောကောင်းတာကိုး"

ပက်ထရစ်က လျှာကို ကိုက်ထားပြီး မျက်စိမှိတ်လိုက်သည်။ ဘုရားသခင်ကို ကျိတ်ပြီး ကျေးဇူးတင်လိုက်သည်။ သူ လုံလုံခြုံခြုံ ရှိနေသေးသားပဲ။

"မင်းကို သူ ဘယ်လောက် ပေးမယ် ပြောလဲ"

"တစ်သိန်း"

"ကောင်းပါလေ့ကွာ"

ပက်ထရစ်က ပြောပြီး အကြာကြီး ငြိမ်သွားပြန်သည်။ ဆန့်ဒီ သဘောပေါက်လိုက်ပြီ။ သူနှင့် သည်လိုပင် ပြတ်တောင်း ပြတ်တောင်း စကားပြောရတော့မည်။ အချိန်ယူရတော့မည်။

ဆန့်ဒီ စကားဆက်သည်။

"တော်တော်နိပ်တဲ့ မိန်းကလေးပဲ၊ ချောလည်း ချောတယ်နော်၊ တော်တော် ထိန်းနိုင်တယ်၊ အားလုံးကို သူ သိုသိုသိပ်သိပ် ထိန်းထားတယ်"

"တော်သေးတာပေါ့ကွာ"

"မင်း သူနဲ့ နောက်ဆုံးတွေ့တာ ဘယ်တုန်းကလဲ"

"နှစ်ပတ်လောက်ရှိပြီ ထင်တယ်၊ အချိန်တွေကို ငါ သိပ်မမှတ်မိတော့ဘူး ဆန့်ဒီ"

"သူက မင်းနဲ့ တွဲနေတာလား၊ ဒါမှမဟုတ် အပျော်မကလေးလား"

"ရှေ့နေမကလေးပါကွာ"

ဆန့်ဒီ သဘောကျသွားသည်။ ပက်ထရစ် ငြိမ်ကျသွားပြန်၏။ ခြုံစောင်အောက်တွင် လုံးဝ မလှုပ်မယှက် ငြိမ်သက်သွားခြင်း ဖြစ်၏။ အခန်းထဲတွင် တစ်လုံးတည်းရှိသော ကုလားထိုင်တွင် ဝင်ထိုင်ပြီး အသာစောင့်ကြည့်နေသည်။

ကြောက်မက်ဖွယ်ကောင်းလှသည့် ဝံပုလွေအုပ်ထဲသို့ သူ ပြန်ရောက်သွားပြန်သည်။ မဟုတ်ဘူး၊ မဟုတ်ဘူး။ အနားရောက်နေသူက ငါ့သူငယ်ချင်း ဆန့်ဒီပဲ။ တို့မှာ ပြောစရာတွေ အများကြီး၊ တစ်ထောင့်တစ်ည ထိုင်ပြောတောင် ကုန်နိုင်မှာ မဟုတ်ဘူး။

သူ အသက်မသေတာ သေချာသွားပြီ၊ ဘာပူစရာ ရှိသေးလဲ။ ဆန်ဒီက အသုဘချသည့်နေ့အကြောင်း ပြန်တွေးနေသည်။ ကောင်းကင်တွင် တိမ်တွေ ထူထပ်နေသည့် အေးမြမြနေ့။ ခေါင်းကို တဖြည်းဖြည်း တွင်းထဲသို့ ချသည်။ ဘုန်းတော်ကြီး၏ တရားဆုံးတော့ ထရူဒီ ရှိုက်သံ ထွက်လာသည်။ သည်မြင်ကွင်းကို မလှမ်းမကမ်းမှ သစ်ပင်တစ်ပင်ပေါ်တွင် ပုန်းနေသည့် ပက်ထရစ်က မြင်နေရသည်တဲ့။ တော်တော် ရယ်စရာကောင်းသည့် အဖြစ်ပဲ။ လင်သေပြီထင်၍ ဟန်ဆောင်ပန်ဆောင် ငိုနေသော ဇနီးသည်အား မသေသော လင်က ရှင်းရှင်းကြီး မြင်နေရသည့်အဖြစ်။ လွန်ခဲ့သည့် သုံးရက်ကမှ သိရသည့် အဖြစ်မှန်များ။ ပြီးမှ သစ်ပင်ပေါ်ကဆင်းပြီး ငွေတွေနှင့်အတူ အပြီးအပိုင် ပျောက်ကွယ်သွားခြင်း ဖြစ်သည်။ အချို့လူများသည် လေးဆယ်ဝန်းကျင်တွင် အပြောင်းအလဲ ဖြစ်တတ်ကြသည်။ အချို့တက္ကသိုလ် ပြန်တက်ကြသည်။ အချို့ နောက်မိန်းမယူကြသည်။ လေးဆယ်ဝေဒနာဟု ခေါ်၏။ သူငယ်ချင်း ပက်ထရစ်ကတော့ သည်လိုမဟုတ်။ သူ့ဝေဒနာကို တစ်မျိုးထွက်ပေါက်ရှာသည်။ သူ့ကိုယ်သူ အဆုံးစီရင်ပြီး ဘဝသစ်တစ်ခုဖန်ဆင်း၍ ငွေတွေနှင့်အတူ ပျောက်ကွယ်သွားသည်။ ကားထဲတွင် တွေ့သည့် အရိုးစုက ပြဿနာအားလုံးကို ယာယီဖြေရှင်းပေးခဲ့သည်။ ဆန်ဒီက စကားပြောချင်စိတ် ပေါက်လာသည်။

"မင်းကို ကြိုဆိုမယ့် အဖွဲ့တွေကတော့ မနည်းဘူး ပက်ထရစ်"

"ကြိုဆိုရေးအဖွဲ့ဥက္ကဋ္ဌက ဘယ်သူများလဲကွ"

"အဲဒါ ပြောဖို့ခက်တယ် ပက်ထရစ်၊ ထရူဒီက ကွာရှင်းခွင့် တောင်းထားတယ်၊ ဒါပေမဲ့ အဲဒီပြဿနာက အသေးအဖွဲပါ"

"မင်းပြောတာ ဖြစ်နိုင်ပါတယ်။ သူက ငွေအားလုံးရဲ့တစ်ဝက် တောင်းမှာပေါ့။ ဟုတ်လား"

"မကဘူး၊ အများကြီး။ ဂျူရီအဖွဲ့က လူသတ်မှုနဲ့စွဲတယ်၊ ပြည်နယ် အစိုးရနော်၊ ပြည်ထောင်စုအစိုးရ မဟုတ်ဘူး"

"ငါ တီဗွီမှာ တွေ့ရပါတယ်"

"ကောင်းတယ်၊ ဒါဆို မင်း တခြားစွဲချက်တွေလည်း သိပြီး သားပေါ့"

"အေး- CNN က ငါ့ကို နောက်ဆုံးသတင်းတွေ ကြိုးစားပမ်းစား တင်ဆက်ပေးနေတယ်လေ"

mgyoe.com

mgyoe.com  SAMPLE BOOK 

"သူတို့အပြစ် မဟုတ်ဘူးကွ၊ သတင်းက တကယ့်သတင်းထူး မဟုတ်လား"

"ကျေးဇူးတင်ရမှာပေါ့ကွာ"

"ကဲ- တို့အလုပ်အကြောင်း ပြောကြရအောင်၊ မင်း ပြောချင်စိတ် ရှိရဲ့လား"

ပက်ထရစ်က တစ်ဖက်စောင်းလာပြီး ဆန်ဒီ့ကိုကျော်၍ နံရံကို စိုက်ကြည့်နေသည်။ နံရံတွင် ဘာမျှမရှိ။ ပိုးသတ်ဆေး ဖျန်းထားသည့် အဖြူရောင် လွင်ပြင်၊ ကြည့်နေသော်လည်း သူ ဘာကိုမျှ မြင်ရဟန်မတူ။

"သူတို့ ငါ့ကို ရေရေလည်လည် နှိပ်စက်ကြတယ် ဆန်ဒီ"

သူ့အသံက တိုးရုံမက အက်ကွဲနေသည်။

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"ငါ့တစ်ကိုယ်လုံးကို ဝါယာကြိုးတွေချည်ပြီး ရှော့ရိုက်ကြတယ်လေ၊ ငါစကားမပြောမချင်း သူတို့ လုပ်ကြတာ"

ဆန်ဒီက သူ့ဆီ ထသွားသည်။ ပက်ထရစ်၏ ပခုံးပေါ်သို့ လက်တင်လိုက်ပြီး-

"သူတို့ကို မင်း ဘာတွေ ပြောလိုက်သလဲ"

"ဘာတွေပြောမိမှန်း ငါ မသိဘူး သူငယ်ချင်း။ ငါဘာမှ သိပ်မမှတ်မိဘူး။ သူတို့ ငါ့ကို မူးယစ်ဆေးဝါးတွေလည်း အများကြီး ထိုးတယ်ကွ"

သူက ဘယ်ဘက်လက်မောင်းကို မြှောက်ပြီး သူ့ဒဏ်ရာတွေကို ပြသည်။ ဆန်ဒီက စားပွဲတင်မီးလုံးကို ဖွင့်ပြီး သေသေချာချာ ကြည့်သည်။

"ဘုရား ဘုရား"

ဆန်ဒီ အလန့်တကြား ဘုရားတလိုက်သည်။

"သူတို့က ပိုက်ဆံအကြောင်းချည်း တစ်ချိန်လုံး မေးနေတယ်။ ငါ သတိလစ်သွားလိုက်၊ သတိပြန်ရလိုက်နဲ့ပေါ့။ သူတို့လိုချင်တာ မရတော့ ထပ်ပြီး ရှော့ရိုက်လိုက်နဲ့ မပြီးတော့ဘူးပေါ့ကွာ။ ကောင်မလေးအကြောင်း ငါ ပြောမိလိုက်သလား မသိဘူး သူငယ်ချင်း"

"ဟိုရှေ့နေမလေးအကြောင်းလား"

"ဟုတ်တယ်၊ သူပဲ၊ သူ့နာမည် ဘယ်သူလို့ မင်းကို ပြောထားလဲ"

"လီယာတဲ့"

mgyoe.com

mgyoe.com

"ဟုတ်ပြီ၊ ကောင်းတယ်၊ ဒါဆိုလည်း သူ့နာမည် လီယာပဲပေါ့ကွာ။ သူတို့ကို လီယာ့အကြောင်း ငါ ပြောလိုက်မိတယ်ထင်တယ်၊ ဟုတ်တယ်၊ ငါပြောလိုက်မိတယ်"

"ဘယ်သူ့ကို ပြောလိုက်တာလဲ ပက်ထရစ်"

သူ မျက်စိမှိတ်ပြီး တစ်ချက်တွန့်သွားသည်။ ခြေထောက်ဆီက ထိုးနာလာသည်။ ကြွက်သားတွေ ကောင်းကောင်း အလုပ်မလုပ်နိုင်သေး။ ဖြည်းဖြည်းချင်း ပက်လက်လှန်လိုက်သည်။ ပြီးတော့ ခြုံစောင်ကို ခါးအထိ ဆွဲချပြီး ရင်ဘတ်က ကြောက်စရာ ဒဏ်ရာကြီးတွေကို ပြသည်။

"ဒီမယ် ဆန်ဒီ၊ ဒါတွေဟာ သက်သေခံပစ္စည်းတွေပေါ့ကွာ"

ဆန်ဒီက သေသေချာချာ ငုံ့ကြည့်သည်။

အမွေးအမှင်တွေ ရိတ်ထားသည့် ကွက်လပ်အလယ်ကောင်မှ နီရဲဖောင်းကြွနေသည့် ဒဏ်ရာကြီးနှစ်ခု။

"ဘယ်သူတွေ မင်းကို လုပ်တာတုံး"

ဆန်ဒီ ထပ်မေးလိုက်ပြန်သည်။

"ဘယ်သူတွေမှန်း ငါမသိဘူး ဆန်ဒီ၊ လူတွေကတော့ ခန်းလုံးပြည့်ပဲ"

"ဘယ်မှာလဲ"

ပက်ထရစ်က သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်သွားသည်။ သူ ဘာတွေဖြစ်ခဲ့သည်ကို ဆန်ဒီ အရမ်းသိချင်နေပုံရသည်။ အနှိပ်စက်ခံရသည့်ကိစ္စကိုသာမက အားလုံးကို သူသိချင်နေပုံ။ အသေးစိတ်တွေကို တစ်ကမ္ဘာလုံးနှင့်အတူ သူ သိချင်နေခြင်း ဖြစ်သည်။ စိတ်ဝင်စားကြပေမပေါ့။ အဖြစ်အပျက်တွေက အံ့သြကုန်နိုင်ဖွယ်တွေချည်းကိုး။ သို့သော် သူ့ကို ဘယ်အတိုင်းအတာအထိ ပြောရမှာလဲ။ ကားမီးလောင်ပြီး ဂျွန်ဒိုး မီးလောင်သွားပုံကို ဘယ်သူမျှ မသိ။

သူက မိမိရှေ့နေပဲ။ ပြီးတော့ သူငယ်ချင်းပဲ။ ဘာလျှို့ဝှက်ထားစရာလိုသလဲ။ ဖမ်းမိပုံနှင့် အနှိပ်စက်ခံရပုံက စပြောဖို့ ဆုံးဖြတ်လိုက်သည်။ ကိုယ်ကို အနေအထားပြင်ပြီး မေးစေ့အထိ စောင်ဆွဲတင်လိုက်သည်။ ဆေးမထိုးရသည်မှာ နှစ်ရက်ရှိပြီဖြစ်၍ အနာသက်သာသလိုလို ရှိနေသည်။

"မင်း ရှေ့နားတိုးထိုင်ပါလား ဆန်ဒီ၊ ပြီးတော့ မီးပိတ်လိုက်ကွာ၊

mgyoe.com

mgyoe.com SAMPLE BOOK


အလင်းရောင်တွေကို ငါ မခံနိုင်သေးဘူး''

ဆန်ဒီက သူခိုင်းသည့်အတိုင်း ချက်ချင်း ထလုပ်သည်။ ဆန်ဒီ တတ်နိုင်သမျှ သူ့အနားတိုးပြီး နားထောင်သည်။ ပက်ထရစ်က အလင်းရောင် ဖျော့ဖျော့တွင် ဖြစ်ကြောင်းကုန်စင်ကို ပြောပြသည်။ ပွန်တာပိုရာမြို့ကလေး အကြောင်းမှစပြီး အပြေးလေ့ကျင့်နေစဉ် ကားဘီးပေါက်ချင်ယောင်ဆောင်နေ သည့် ကားကလေးတစ်စီးဖြင့် သူ ပါသွားပုံ စသည် စသည်။

◆

သူ့အဖေကို သင်္ဂြိုဟ်သည့်အချိန်တွင် အက်ရှ်လေနီကိုးလ်ကလေးမှာ နှစ်ဆယ့် ငါးလသမီးသာ ရှိသေးသည်။ ပက်ထရစ်ကို သူကောင်းကောင်းမမှတ်မိ။ အိမ်တွင် သူတွေ့ဖူးသည့် တစ်ဦးတည်းသောသူမှာ သူ့အမေနှင့် တတွဲတွဲနေ သည့် လန့်စ်သာ ဖြစ်သည်။ ရံဖန်ရံခါတွင် သူက ကျောင်းပို့ပေးသည်။ ရံခါတွင် မိသားစုထမင်းဝိုင်းတွင် သူပါ အတူတူစားသည်။

အသုဘကိစ္စပြီးသည်နှင့် ထရူဒီက ပက်ထရစ်နှင့် ပတ်သက်သမျှ ဓာတ်ပုံတွေအားလုံး သိမ်းထားလိုက်သည်။ ပက်ထရစ်၏နာမည်ကို အက်ရှ်လေ တစ်ခါမျှ ပြောသံ မကြားတော့ပေ။ လမ်းထဲတွင် သတင်းထောက်တွေ ခြေရှုပ်လာတော့ ကလေးက မေးခွန်းတွေ မေးစပြုလာသည်။ အမေကလည်း ခုတစ်လော ဂဏှာမငြိမ်ဖြစ်နေသည် မဟုတ်လား။ အိမ်ပတ်ဝန်းကျင်တွင် အခြေ အနေတွေ တင်းမာနေမှန်း ခြောက်နှစ်သမီးကလေးက သိနေသည်။

လန့်စ်က ရှေ့နေနှင့်တွေ့ဖို့ အပြင်ထွက်သွားသည့်အချိန်တွင် ထရူဒီက သမီးကလေးနှင့် ခုတင်ပေါ်တွင် ထိုင်ပြီး စကားပြောသည်။

ပထမအိမ်ထောင်အကြောင်း ပြောပြဖို့ စိတ်မကူးသေး။ ငယ်လွန်း သေးသည်လေ။ လောလောဆယ် ပြောပြရမည်က ဒုတိယအိမ်ထောင် ပက်ထရစ်အကြောင်း ဖြစ်သည်။

''ပက်ထရစ်နဲ့မေမေ လက်ထပ်တာ လေးနှစ်ကြာတော့ သူက နောက်ပိုင်းမှာ ဖောက်လာတယ်၊ မကောင်းတာတွေ လုပ်လာတယ်''

နီကိုးလ်က မျက်လုံးအဝိုင်းသားနှင့်။

''ဘာ… ဘာပြောတယ်''

ကလေးက ထင်တာထက်ပိုပြီး အလေးအနက်ထားနေသဖြင့် ထရူဒီ စိတ်ပျက်သွားသည်။

mgyoe.com

mgyoe.com

"သူက လူတစ်ယောက်ကို ကားထဲထည့် မီးရှို့သတ်ပစ်လိုက်တယ်၊ ကားက ပက်ထရစ်ရဲ့ကား၊ ရဲက ကားထဲမှာ မီးကျွမ်းနေတဲ့ အလောင်း တစ်ခု တွေ့တယ်၊ သေသွားတဲ့လူဟာ ပက်ထရစ်ပဲလို့ ရဲက ယူဆလိုက်တာ ပေါ့ သမီးရယ်၊ လူတိုင်းလည်း အဲဒီအတိုင်း ထင်ကြတာပေါ့၊ ယောကျ်ားဆိုး တော့ မေမေ ငိုရတာပေါ့၊ သူ့ကို မေမေ သိပ်ချစ်တယ်လေ၊ ဗြုန်းစားကြီး ခုလို ဖြစ်သွားတော့ မေမေတို့ သူ့ကို သင်္ဂြိုဟ်လိုက်ကြတယ်၊ လေးနှစ်ကြာမှ သူ မသေဘူးတဲ့ကွယ်၊ ဟိုးအဝေးကြီးမှာ သွားပုန်းနေတာတဲ့"

"ဘာပြုလို့ သွားပုန်းနေရတာလဲ"

"တခြားလူတွေဆီက ငွေတွေ အများကြီးယူပြီး ထွက်ပြေးသွား တာလေ"

"သူက လူလည်းသတ်တယ်၊ ငွေတွေလည်း ယူပြေးတယ် ဟုတ်လား"

"ဟုတ်တယ်လေ သမီးလေးရဲ့၊ သူက လူကောင်းမှ မဟုတ်တာ"

"သမီး စိတ်မကောင်းပါဘူး၊ မေမေ သူ့ကို လက်ထပ်မိတာ မှားတာပေါ့နော်"

"ဒါပေါ့ကွယ်၊ ဒါပေမဲ့ သမီး နားလည်ထားရမှာ တစ်ခုရှိတယ်နော်၊ သူနဲ့မေမေ လက်ထပ်တဲ့အချိန်မှာ သမီး မွေးပြီးနေပြီ"

ပြောပြီး နီကိုးလ်၏ မျက်လုံးကလေးများကို ထရူဒီ စောင့်ကြည့်နေ သည်။ သူ နားလည်နိုင်ပါ့မလား။ နားလည်ဟန်မတူပါ။ ထရူဒီက သူ့လက် ကလေးကို ညှစ်လိုက်ပြီး-

"ဒါပေမဲ့ ပက်ထရစ်က သမီးရဲ့အဖေပါကွယ်"

နီကိုးလ်က မအေ့မျက်နှာကို အကြောင်သား ငေးကြည့်နေသည်။ ခေါင်းထဲတွင် စက်ဝိုင်းကလေးများ ချာလည်လည်နေသည်။

"ဟင့်အင်း၊ သူ့ကို အဖေ မတော်ချင်ဘူး"

"သမီးကို ဒီအကြောင်းတွေ နောက်မှ ပြောမလို့ပါကွယ်၊ ခု ပက်ထရစ်က ပြန်လာတော့မယ်လေ၊ သမီး သိထားသင့်တယ်ထင်လို့ မေမေ ပြောပြရတာပါကွယ်"

"ဒါဖြင့် လန့်စ်ကရော သမီးအဖေ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ လန့်စ်က မေမေတို့နဲ့ အတူနေတဲ့ မိတ်ဆွေပဲ"

ထရူဒီက သမီးကလေးကို လန့်စ်အား အဖေထင်မှာစိုးသည်။ လန့်စ်

mgyoe.com

mgyoe.com SAMPLE BOOK


ကလည်း အထင်ခံရမှာ ကြောက်သည်။

"လန့်စ်က မေမေ့သူငယ်ချင်း၊ သမီးကိုလည်း သူ ချစ်တယ်၊ ဒါပေမဲ့ သမီးအဖေ မဟုတ်ဘူးနော်၊ သမီးအဖေက ပက်ထရစ်ပဲ၊ ဒါပေမဲ့ သူ့အတွက် ဘာမှ စိတ်ထဲ မထားနဲ့"

"သူက သမီးကို တွေ့ချင်လို့လား"

"မသိဘူး၊ ဒါပေမဲ့ သူက လူကောင်းမှ မဟုတ်တာ။ သမီးနဲ့ မတွေ့ရအောင် မေမေ တတ်နိုင်သမျှ လုပ်မယ်"

နီကိုးလ်က သူ့အမေလက်မောင်းကိုဆွဲပြီး-

"အိမ်နားမှာ လူတွေ အမြဲစောင့်နေကြတယ်၊ အဲဒါ သူတို့ ဘာလုပ်နေကြတာလဲဟင်"

"မသိဘူး သမီး၊ မေမေလည်း သူတို့ကို မလာစေချင်ပါဘူး"

"သူတို့ ဘာလိုချင်လို့ လာလာနေကြတာလဲဟင်"

"သမီးဓာတ်ပုံနဲ့ မေမေ့ဓာတ်ပုံကို လိုချင်လို့တဲ့၊ ပက်ထရစ်ကို အပုပ်ချဖို့တဲ့လေ"

"ဒါဆို ပက်ထရစ်ကြောင့် သူတို့ လာနေကြတာပေါ့"

"ဟုတ်တယ် သမီး"

"သမီး ပက်ထရစ်ကို မုန်းတယ်"

သမီးကလေးကို တင်းတင်းဖက်ပြီး ထရူဒီ ပြုံးနေသည်။

◆

မနှစ်တုန်းကတော့ သူနှင့်အတူ ရောမမိသားစုအခန်းကြီးယူပြီး နေခဲ့ကြသည်။ လမ်းလျှောက်ထွက်ဖြစ်သော်လည်း အခန်းအောင်းနေသည်က ခပ်များများ။ ညားခါစ ဇနီးမောင်နှံလို နာရီလက်တံတွေကို ရပ်ခိုင်းထားချင်သည့်ကာလ။ ပက်ထရစ်က ဝိုင်ကလေး ရီတီတီဖြင့် ပြောတတ်သည်။

'မင်္ဂလာပျားရည်ဆမ်းခရီး ထွက်နေရတာနဲ့ မတူဘူးလားဟင်' တဲ့။

သည်ဟိုတယ်တွင်ပင် အီဗာ ဝင်တည်းသည်။ အခန်းကျဉ်းကျဉ်း ကလေးတစ်ခန်း ယူလိုက်၏။ တစ်ရေးတစ်မောအိပ်ပြီး ရေချိုးသည်။ ဝတ်ရုံကြီးဖြင့် ဝရန်တာထွက်ပြီး လက်ဖက်ရည်သောက်သည်။ ပြီးမှ ဂျင်းဝတ်စုံလဲကာ လမ်းလျှောက်ထွက်ခဲ့၏။ အိတ်စ်မြို့လယ်ကောင် လမ်းမကြီးအတိုင်း အေးအေး လူလူ လျှောက်လာခဲ့သည်။

mgyoe.com

လမ်းဘေး ကဖေးဆိုင်တွင် ဝိုင်နီတစ်ခွက် ထိုင်သောက်ရင်း လမ်းပေါ်မှာ လက်ချင်းချိတ်ကာ လျှောက်သွားနေကြသည့် တက္ကသိုလ်စုံတွဲကလေးများကို ငေးကြည့်နေသည်။ သူတို့လိုပင် သည်လမ်းပေါ်တွင် ပက်ထရစ်နှင့် လျှောက်ခဲ့ဖူးသည်လေ။ တီးတိုး တီးတိုးနှင့် စကားတွေ ပြောလိုက်ကြ၊ ရယ်လိုက်ကြနှင့်ပေါ့။

သည်ရက်သတ္တပတ်လောက် အနှောင့်အယှက်ကင်းကင်း၊ အနှောင်အဖွဲ့ကင်းကင်းနှင့် စိတ်လွတ်လက်လွတ်နှင့် ပျော်ရသည့်အချိန်မျိုး ဘယ်တုန်းကမျှ သူတို့နှစ်ယောက် မရခဲ့ဖူးပေ။ မမေ့တဲ့နိုင်သည့် ကာလတိုကလေးဖြစ်ပါ၏။ သည်တုန်းက သူ့ကို သတိထားမိတာတစ်ခုရှိသည်။ သူ အအိပ်အနေအလွန်နည်းလွန်းခြင်း ဖြစ်၏။ တစ်ရေးနိုးလို့ သူ့ကိုကြည့်လိုက်တိုင်း သူနိုးနေသည်ကို တွေ့ရမြဲ။ ရွှေလည်တွဲ၍ ချစ်ပွဲဝင်ကာ အုံးစက်ရာတွင် အိပ်နေသည့် ချစ်သူကို အထိတ်တလန့်မျက်လုံးများဖြင့် စိုက်ကြည့်ချင် ကြည့်နေတတ်သည်။

စားပွဲတင်မီးဖွင့်ထားလျှင် လှမ်းပိတ်တတ်သည်။ ပြီးတော့ ချစ်သူကို တယုတယ ပွတ်သပ်ပေးပြီး ချော့သိပ်သည်။ မနက်အရုဏ်တက်ဆို သူထပြီ။ သတင်းစာတွေ ထိုင်ဖတ်နေပြီ။ မနက်လင်းလို့ နိုးလာတိုင်း သူ့ကို ဝရန်တာတွင် သတင်းစာတွေ ဖတ်နေတာ တွေ့ရမြဲ။

တစ်ည အိပ်ချိန် ဘယ်လောက်ရှိလဲ မေးကြည့်တော့ "အများဆုံး နှစ်နာရီပဲ" ဟု သူ ဖြေသည်။

သူ့အတိတ်ဇာတ်ကြောင်းကို ပြောပြခဲ့ပြီးပြီ၊ သူတို့နှစ်ယောက် ချစ်သူတွေဖြစ်နေကြပြီ မဟုတ်လား၊ သူပြေးနေရသည့်အဖြစ်ကလွဲပြီး သာမန်ချစ်သူတွေလိုပဲ မဟုတ်လား။

နယူးအော်လီယန်းမှာ နေခဲ့ရသည့် ငယ်ဘဝကို သူ ပြောပြတတ်သည်။ လက်ရှိဘဝအခြေအနေကိုတော့ ပြောခဲသည်။ သူ့မိန်းမအကြောင်းလည်း ပြောခဲသည်။ သို့သော် အီဗာ စိတ်ထဲ သံသယဖြစ်နေသည်။ သည်အမျိုးသမီးကြောင့် သူ့ဝရမ်းပြေးဘဝ ရောက်နေတာများလား။

သမီးကလေး အက်ရှ်လေနီကိုးလ်အကြောင်း ပြောဖြစ်လျှင်တော့ သူ မျက်ရည်ဝဲနေတတ်သည်။ အတိတ်ဇာတ်လမ်းက အဆုံးမသတ်သေးသည့်အတွက် အနာဂတ်ကို ပုံဖော်၍ မရနိုင်သေး။ အရိပ်တို့သည် သူ့အား

mgyoe.com

mgyoe.com


အိပ်မပျော်နိုင်အောင် ခြောက်လှန့်နေကြသည်။ သူ မမြင်ရသည့်အရိပ်များ၊ ခံစားမှုဖြင့်သာ သိနေသည့် အရိပ်များ။

◆

ရီယိုတွင် သူနှင့် စတွေ့သည်မှာ လွန်ခဲ့သည့် နှစ်နှစ်က ဖြစ်သည်။ သူ့ကို ဘရာဇီးရောက်နေသည့် ကနေဒါလူမျိုး ကုန်သည်တစ်ယောက်အဖြစ် စသိရသည်။ သူက သွင်းကုန်လိုင်စင်ကိစ္စနှင့် အခွန်ကိစ္စအတွက် ရှေ့နေကောင်းကောင်းတစ်ယောက် လိုချင်ပါသည်တဲ့။ အဝတ်အစားကို အထက်တန်းကျကျ။ သေသေသပ်သပ် ဝတ်ထားသည်။ လူက ပိန်ပိန်ပါးပါး။ ခရီးသွားရဖန်များသည့် အသားအရေမျိုး။ ညိုမောင်းနေ၏။ စကားပြောရာတွင် ညင်သာသည်။ ဖော်ရွေသည်။

အလုပ်အကြောင်းပြောရင်း နေ့လယ်စာ အတူစားကြသည်။ သုံးနာရီကြာသွား၏။ နှစ်ယောက်စလုံး သဘောပေါက်လိုက်သည်။ ငြိတွယ်ကြတော့မည်ကို သိနေသလိုလို။ နောက်ပိုင်း အတူတူ ညစာစားဖြစ်ကြသည်။ အချိန်အကြာကြီးယူပြီး စားသည့် ညစာပိုင်းမျိုး။ ပြီးတော့ ဖိနပ်မစီးဘဲ အီပါနီမာ ပင်လယ်ကမ်းခြေသို့ လမ်းလျှောက်ထွက်ကြသည်။

◆

ပထမ နှစ်လအတွင်း အီဗာနှင့် ဒန်နီလို (အဲဒီတုန်းက နာမည်ပေါ့လေ) တို့ နှစ်ယောက် နေ့တိုင်းနီးပါး တွေ့ဖြစ်ကြသည်။ အချစ်ဇာတ်လမ်းကလေးသည် လှပစွာ ရှင်သန်ခရီးဆက်လျက်ရှိသည်။ နောက်ဆုံး ဒန်နီလိုက သူ့ဘဝမှန် ပက်ထရစ်၏ဘဝအစစ်ကို ချစ်သူအား အိတ်သွန်ဖာမှောက် ဖွင့်ပြောလိုက်တော့သည်။ ဘာမျှ ချန်မထား။

အီဗာ့အခန်းတွင် ပြင်သစ်ဝိုင်သောက်ရင်း ရင်ဖွင့်နေခြင်းဖြစ်သည်။ သူ တောက်လျှောက် စကားပြောသည်။ လင်းအားကြီးမှ သူ့ဇာတ်လမ်း ဆုံးတော့သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နှင့် စီးပွားရေးသမား ဘဝ၏ မျက်နှာဖုံးကို ချွတ်ချပြီး တရားခံပြေးဘဝကို ဖွင့်ဟဝန်ခံလိုက်ခြင်းပင်။ ရင်ထဲတွင် အရမ်းပေါ့သွားသည်။ ငိုမချမိအောင် မနည်းထိန်းထားရ၏။ ဘရာဇီးတွင် ယောကျ်ားများ ငိုကြွေးခြင်း မပြုကြ။

အီဗာ သူ့ကို ချစ်ပါသည်။ သူ့ကို တင်းတင်းဖက်ပြီး အနမ်းမိုးတွေ ရွာချပေးရင်း ငိုချလိုက်သည်။ သူ့ကို ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ

mgyoe.com